www.burmeseclassic.com

# လွန်းထားထား

(ဆေးတက္ကသိုလ်)

စိတ်ဖတ်သူ




www.burmeseclassic.com

www.burmeseclassic.com

# လွန်းထားထား(ဆေးတက္ကသိုလ်)

စိတ်ဖတ်သ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၆၆၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၇၈၀၈၀၇

၂၀၀၈ ခုနှစ် မတ်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၆/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) ကေတုမာလာစာပေ
အမှတ်(၁၃) ၁၃ လမ်း သဃာဒ္ဒိုနယ်
ရန်ကုန်

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၀၇၇၃၀) ကေတုမာလာ OFFSET
အမှတ်(၁၃) (၁၃)လမ်း ရန်ကုန်

# လွန်းထားထား

(ဆေးတက္ကသိုလ်)

၏

ထွက်ပြီးလုံးချင်းဝတ္ထုများ



www.burmeseclassic.com

www.burmeseclassic.com


၁။ အကြင်နာသူစိမ်း

၂။ အတူတူရှိလှည့်ပါ

၃။ မခွဲထားဝစဉ်

၄။ မြတ်နိုးမိသည်မှအပ

၅။ ဆုံစည်းဖို့ရာ

၆။ ခွဲခဲ့ရသော်

၇။ ချစ်မြတ်နိုးလွန်းသူ၏ နှလုံးသားမှသည်

၈။ သက်ဆုံးတိုင်

၉။ သမုဒယကင်း

၁၀။ အကြွေပန်း၏နိဒါန်း

၁၁။ ပဲ့ကြွေသွားသော နှလုံးသားတစ်ခု၏တမ်းချင်း

၁၂။ ငိုးမာန်ဖွဲ့စိမ်းရက်လေသလား

၁၃။ ချစ်ခြင်း၏အခြားမဲ့၌

၁၄။ ချစ်ခြင်းတစ်ခုတည်းဖြင့်သာ

၁၅။ ရစ်ဖွဲ့နှောင်သာကြိုး

၁၆။ မိုးကဲ့သို့ထစ်ချုန်းသော

၁၇။ ကောင်းကင်ထက်ကနှင်းဆီ

၁၈။ အရိပ်၏အရိပ်

၁၉။ မမေ့အပ်တဲ့ကဗျာ

၂၀။ မျက်ဝန်းတွင်စွဲထင်ရစ်သော

၂၁။ အတောင်ပံတစ်စုံအပြာရောင်ကြိုးတစ်စနှင့်

၂၂။ ဆိတ်ငြိမ်သောချစ်ခြင်း၏အသံ

၂၃။ ချစ်သူကပေးသော တစ်စုံဘခ်ရာ

၂၄။ မိုးကောင်းကင်သို့ တမ်းမက်ဒ သာ

၂၅။ တောင်တိပ်ဖျားက ပန်းတစ်ပွင့်

၂၆။ အနီရင့်ရောင်နှလုံးသား၏အတ္ထုပ္ပတ္တိ

၂၇။ သစ္စာဖြင့် စီရင်အပ်သော

၂၈။ ကရုပ်ကလေး

၂၉။ အချစ်၏ဖြားယောင်းသော်

၃၀။ အချစ်၏ခံယူနိုင်စွမ်းအင်

၃၁။ မုန်တိုင်း၏ကဗျာ

၃၂။ ပေါက်ကွဲသံစဉ်

၃၃။ ဂန္ထဝင်မြောက်ချစ်ခြင်းဆီ

၃၄။ ပင်လယ်ပြင်နှင့် ကောင်းကင်ပြာ

၃၅။ မိုးတိမ်တိုက်နှင့် လက်ထပ်ခြင်း

၃၆။ မေတ္တာစစ်၏ ပြတင်းပေါက်များ

၃၇။ ချစ်ခြင်း၏ပဥ္စလက်

၃၈။ ကြယ်တွေစုံသောည

၃၉။ လိပ်ပြာတစ်ကောင်၏ရင်ခုန်သံ

၄၀။ ရင်ခွင်နန်းတော်

၄၁။ ရင်ခုန်ခြင်းရဲ့ အနုပညာ

၄၂။ အဆိပ်ဖြင့် နူးညံ့သိမ်မွေ့သော

၄၃။ တစ်ယောက်ကတစ်ယောက်ကိုဖန်ဆင်းကာ

၄၄။ မိဖုရားရဲ့ချစ်သူ

၄၅။ နှလုံးသားဆုံချက်၏ အလယ်ဗဟိုတည့်တည့်

၄၆။ ပန်းနုရောင်နှင်းဆီမွေ့ရာ

၄၇။ နှလုံးသားဆီသို့ လျှို့ဝှက်တံခါး

၄၈။ နှစ်ဦးသဘောတူ

၄၉။ ကောင်းကင်နှင့်ကြယ်

၅၀။ လမင်းရဲ့ဥယျာဉ်မှူး


www.burmeseclassic.com

www.burmeseclassic.com


၅၁။ သက်တော်စောင့်ရဲ့ သတို့သမီး
၅၂။ နှလုံးသားဖြင့် မြင်နိုင်သည်
၅၃။ နှုတ်မဆက်တမ်း
၅၄။ အချစ်ဖြင့် ကမ္ဘာတည်သောကောင်လေးနှင့် အချစ်ကမ္ဘာပေါ်တွင် နေထိုင်မှုသော ကောင်မလေး
၅၅။ အဖြူရောင်မြစ်တစ်စင်းရဲ့ လျှို့ဝှက်ချက်
၅၆။ ချစ်သူချော့တေး
၅၇။ ကောင်းကင်နှစ်စင်းပြိုင်
၅၈။ အချစ်စစ်မှာ
၅၉။ ပန်းတစ်ပွင့်ဖန်ဆင်းခြင်း
၆၀။ ရင်ခွင်တံခါး
၆၁။ စစ်မှန်စွာ၊ ရူးသွပ်စွာ၊ နက်ရှိုင်းစွာ
၆၂။ မာယာရထား
၆၃။ အချစ်ရဲ့တန်ခိုးများ
၆၄။ ချစ်သူတို့ရဲ့တိုက်ပွဲ
၆၅။ မြားနတ်မောင်ရဲ့ချစ်ပုံပြင်
၆၆။ ပန်းသီသူရဲ့ပုံပြင်
၆၇။ အချစ်=အဆိပ်
၆၈။ ရင်နှင့်ရင်း၍
၆၉။ ပန်းနုရောင်သင်္ကေတ
၇၀။ အနက်ရှိုင်းဆုံးပင်လယ်
၇၁။ နှလုံးသားလျှို့ဝှက်ခန်း
၇၂။ နှလုံးသားမြို့သူ
၇၃။ အစွန်းရောက်ချစ်တတ်သူ
၇၄။ နှုတ်ခမ်းထက်ကစားသွား
၇၅။ သင်ချစ်လျှင် ကျွန်ုပ်မမုန်းပါ
၇၆။ အချစ်သင့်သူ
၇၇။ ဒေဝ်အိပ်မက်
၇၈။ ချစ်ခြင်းသင့်လက်တွင်းသို့ သက်ဆင်းခွင့်ပြုပါ
၇၉။ အချစ်စစ်ပြိုင်ပွဲ
၈၀။ ပဥ္စလက်ရင်ခွင်
၈၁။ နတ်၍မရသောမြား
၈၂။ အချစ်စစ်ရှာဖွေသူများ
၈၃။ နောက်ဆုံးထွက်သက်ထိတိုင်
၈၄။ အသက်လိုငြိသူမယ်
၈၅။ သင့်ကိုချစ်၍ သင်ကချစ်သော
၈၆။ ကောင်းကင်ရဲ့အဖော်
၈၇။ လမင်းရဲ့ရုံရွှေဖော်
၈၈။ သက်တံ့စီးသူများ
၈၉။ ၁၀၁ပွင့်နှင်းဆီ
၉၀။ မှန်ဇာဖြူပြတင်းမှနောက်ဝယ်
၉၁။ အချစ်ကို ဦးညွှတ်ခြင်း
၉၂။ အမုန်းမဲ့မုသား
၉၃။ မြားတစ်စင်းနှင့် ဘယ်ဘက်ရင်အုံ
၉၄။ ညို့သောပင်လယ် ဆွဲငင်သောလမင်း
၉၅။ ညို့မီးလျှံနှင့် မေတ္တာရေစင်
၉၆။ ဂန္ဓဝင်မြောက်သစ္စာ
၉၇။ ဒုတိယမြောက်ဟန်းနီးမွန်း
၉၈။ သက်တံ့မျှော်စင်
၉၉။ ထပ်တူထပ်မျှ
၁၀၀။ မယနၢ၏နောက်ဆက်တွဲများ
၁၀၁။ ပုံတူ
၁၀၂။ တစ်သက်စာ
၁၀၃။ ချစ်ခြင်းသီတဲ့လက်များ


www.burmeseclassic.com

www.burmeseclassic.com


၁၀၄။ အချစ်မျက်နှာကို တွေ့ဖူးချင်တယ်
၁၀၅။ ရင်ရိပ်ဥယျာဉ်
၁၀၆။ သစ္စာမဖြောက်သတို့သမီး
၁၀၇။ တိမ်ယံထက်ကနှင်းဆီဖြူတွေ
၁၀၈။ လူယဉ်ကျေးရဲ့ သစ္စာဝတ်မှုံ
၁၀၉။ အစစ်
၁၁၀။ အချစ်က စားသည်
၁၁၁။ ရာဇဝင်တွင်မဲ့သစ္စာ
၁၁၂။ လမင်းသစ်ပင်
၁၁၃။ အမုန်းနှင့်လက်တစ်ကမ်းအလို
၁၁၄။ ညို့ချက်ပြင်းတယ်
၁၁၅။ သိင်္ဂါရပင်လယ်
၁၁၆။ နှလုံးသွေးကြောရဲ့ စီးဆင်းရာ
၁၁၇။ သူ စေညွှန်ရာစေ
၁၁၈။ နှလုံးသားရဲ့ အမိန့်တော်အတိုင်း
၁၁၉။ မနောက်နဲ့နော်
၁၂၀။ ရင်ဘတ်ခ[illegible]ားပါ
၁၂၁။ မျက်နှာဖုံးချစ်သူများ
၁၂၂။ ဖွင့်ဟဝန်ခံ၍မရသော
၁၂၃။ ရင်သို့ချိန်ရွယ်ပစ်ခွင်းသော
၁၂၄။ မာယာမဝင်ရ
၁၂၅။ ရှိတော့ရှိတယ် ရှားတယ်
၁၂၆။ ကောင်းကင်တစ်ခုအလိုရှိသည်
၁၂၇။ မနက်ဖြန်ဆိုတာ မရှိခဲ့ရင်
၁၂၈။ ပြင်းပြင်းရှရှရသ
၁၂၉။ ကျွန်တော်နှင့်နတ်မိမယ်များ
၁၃၀။ မာယာတံတိုင်း
၁၃၁။ ချစ်ခြင်းရဲ့အပြစ်ဒဏ်
၁၃၂။ မီးလုံးထက်ကနှင်းဆီ
၁၃၃။ လှပသောဝဋ်
၁၃၄။ တိမ်ဇာပဝါနောက်က လမင်း
၁၃၅။ ချစ်၍မုန်းခဲ့သည်
၁၃၆။ အတောင်ပံတွေရှိခဲ့ရင်
၁၃၇။ ချစ်သူရဲ့ ပန်းတစ်ဖက်
၁၃၈။ ချစ်တဲ့ဘက်က
၁၃၉။ ရင်ဖွင့်ခွင့်ပေးပါ
၁၄၀။ နှလုံးသားစီးချင်း
၁၄၁။ တိမ်တွေဆီမျှော်လွင့်သူ
၁၄၂။ မမှောင်သောည မမိုက်သောအလင်း
၁၄၃။ ရည်းစားဟောင်း
၁၄၄။ ပဥ္စလက်မိုး
၁၄၅။ ရှုးခအောင်ချစ်မဲ့လူ
၁၄၆။ စိတ်ညို့သူ
၁၄၇။ ချစ်နတ်ဆိုး
၁၄၈။ ပန်းနှစ်ပွင့်ရဲ့ကမ္ဘည်း
၁၄၉။ အချစ်သည်ရှိုးကွယ်ရာ
၁၅၀။ ညို့အားပြင်းတဲ့မြစ်တစ်စင်း
၁၅၁။ ချစ်တာတ်သူတို့အကြောင်း
၁၅၂။ သတို့သမီးဝတ်စုံ
၁၅၃။ တို့မဆိုးဖြစ်ခဲ့ရင်
၁၅၄။ အမုန်းဖွဲ့တေး
၁၅၅။ မေတ္တာရဲ့သင်္ကေတ


ယခုလ


၁၅၆။ စိတ်ဖတ်သူ


ဆက်လက်၍


၁၅၇။ စိတ်မဆိုးကြေး




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ရေးသားပြီး ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

- ရင်ဘတ်ထဲက မြစ်တစ်စင်း
- တုံ့ပြန်ခွင့်
- အပြာရောင်မိုး ခရမ်းရောင်သစ္စာ
- စတေးခဲ့သော

BURMESE CLASSIC .com

### ပြည်ထောင်စုအရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# လွှမ်းထားထား
(ဆေးတက္ကသိုလ်)



# စိတ်ဖတ်သူ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

ကား Parking မှာ ကားထိုးရပ်လိုက်ပြီး ကျောင်းထဲသို့ ခြေချမိတာနှင့် သူ့သတင်းတွေ ကျောင်းမှာ တော်တော် ပျံ့နှံ့လျက်ရှိပြီဆိုသော အသိက အလိုလို ဝင်လာသည်။ သူ့ဘေးနားမှဖြတ်သွားသူတွေ ခပ်လှမ်းလှမ်းမှ ရပ်ကာ သူ့ကို စိတ်ဝင်တစားလှမ်းကြည့်နေသူတွေ တော်တော်များများ၏ မျက်လုံးတွေထဲမှာ အံ့ဩရိပ်တွေ ပျံ့သည်းလျက် သူ သက်ပြင်းတစ်ချက် ချမိသည်။ သူ့ကို လူတွေ တော်တော်များများက သိနေကြပြီ။ သူသည် နာမည်မကြီးချင်ဘဲ၊ မတော်ကြားချင်ဘဲ လူသိများခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပြီ။ မျက်ဝန်းပေါင်းများစွာ၏ စောင့်ကြည့်၊ အကဲခတ် ခံနေရသော လူတစ်ယောက် ဖြစ်ရတာလောက် အသက်ရှူရကျပ်တဲ့ဘဝ မရှိတော့ဘူး ထင်သည်။ Celebrities တွေရဲ့ဘဝကို သူ အမြဲတမ်း ကိုယ်ချင်းစာခဲ့ဖူးသည်။ သွားလေရာမှာ လူတကာ၏ မျက်စိဒေါက်ထောက် အကြည့်ခံရခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးကျူးခြင်း၊ ပြစ်တင်ဝေဖန်ခြင်း . . . မျိုးစုံကို ခံရသည်မှာ နေစရာပင် မရှိ။ သူကတော့ သာမန်လူတစ်ယောက်ပဲ ဖြစ်ပါသည်။ YUFL မှာ အင်္ဂလိပ်စာအဓိကဖြင့် တက်နေသော သာမန် ကျောင်းသားတစ်ယောက်ပါပဲ။ သို့သော် . . . ထူးခြားတာကလေးက တစ်ခုပဲ ရှိသည်။ အဲဒီ ထူးခြားမှုကလေးက သူ့ဘဝကို ရိုးရိုးစင်းစင်း ဘဝကနေ ထူးခြားဆန်းပြားသွားအောင် ပြောင်းလဲပစ်ခဲ့ခြင်းလည်း ဖြစ်သည်။ အဲဒါကတော့ သူ့မှာ ပါရမီထူးလို့ ခေါ်ရမလား၊ ရှေးဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုတွေကြောင့်ပဲလို့ ပြောရမလား၊ မြတ်စွာဘုရားရှင်က ဖန်ဆင်းပေးထားခဲ့တာလို့ပဲ ဆိုရ





မလား မသိသော စိတ်စွမ်းအင်တစ်မျိုးကို တမင်တကာ ကျင့်ယူထားခဲ့တာ မဟုတ်ဘဲ ပိုင်ဆိုင်ထားခဲ့ခြင်း ဖြစ်သည်။ လူတွေရဲ့ စိတ်တွေကို အာရုံစူးစိုက်ပြီး ဖတ်နိုင်စွမ်းသော စွမ်းအင်တစ်မျိုးကို သူ အလိုအလျောက်ပင် ရရှိခဲ့သည်။ လူတွေရဲ့စိတ်တွေကို အာရုံစူးစိုက်ပြီး ဖတ်နိုင်စွမ်းရှိသော စိတ်စွမ်းအင်တစ်မျိုးပဲ ဖြစ်သည်။ အဲဒါကို တချို့က Mind Reader ဟု အမည်တပ်ကြသည်။ ပါရမီထူးခြားသူဟု ဆိုသူတွေက ဆိုကြသည်။ တချို့ကလည်း သူ့ကို ယုံကြည်ကြကာ မယုံသူတွေအတင်းပြောသူတွေလည်း ရှိခဲ့ကြသည်။ သူက ဘာမှ မခံစားရပါ။ ထို ထူးခြားမှုကို သူ စတင်ပြီး သတိပြု ခံစားမိခဲ့သည်မှာ သူ့အသက် ဆယ့်သုံးနှစ်လောက်မှာ ဖြစ်သည်။ အဲဒီတုန်းက သူသည် ရှစ်တန်းကျောင်းသား ဘဝမှာပင် ရှိသေး၏။ ထူးခြားမှု စတင်ခဲ့သည်က အတန်းထဲမှာ ပြဿနာဖြစ်သော မိန်းကလေးတစ်ယောက်၏ ငိုယိုနေခြင်းမှ စတင်ခဲ့ပါသည်။ သူမ၏ နာမည်ကိုပင် သူ အခုအချိန်ထိ မမေ့သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဖြူစင်ထွန်း' ဆိုသော ကောင်မလေး၊၊ အခန်းထောင့် စားပွဲခုံပေါ်မှာ မျက်နှာမှောက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေခဲ့ခြင်း ဖြစ်သည်။ သူမဘေးမှာ ကျောင်းသူတွေ ဝိုင်းအုံနေကာ ဘာဖြစ်တာလဲဟု ဝိုင်း၍ မေးမြန်းစပ်စုနေကြသည်။ သို့သော် အဖြေ မရကြချေ။ သူမက လုံးဝ မဖြေခြင်း ဖြစ်သည်။ ထိုပြဿနာကို ဆရာမ ရောက်လာတော့လည်း ဖြေရှင်းလို့မရ။ ဆရာမ မေးတာကိုလည်း သူမက မဖြေပါ။ သူသည် ဖြူစင်ထွန်းဆီသို့ ငေးစိုက်ကြည့်နေမိခဲ့ရင်း ရုတ်တရက် ရင်ထဲမှာ တစ်ခုခုက သူ့ကို လှုံ့ဆော် တွန်းပို့နေသလို ခံစားမှုတစ်မျိုး ထူးဆန်းစွာ ပေါ်ပေါက်လာခဲ့ကာ ဖြူစင်ထွန်း ရှိရာဆီသို့ အိပ်မက်ထဲမှာ ယောင်ယမ်းလမ်းလျှောက်နေသူပမာ လျှောက်သွားခဲ့မိသည်။ ထိုအချိန်မှစပြီး သူ့ဘဝတွင် ပြောင်းလဲမှုတစ်ခု စတင် ပေါ်ပေါက်ခဲ့ရခြင်းလည်း ဖြစ်သည်။

လူတွေအားလုံးကို သူက အသာအယာ တွန်းဖယ်ပစ်မိရင်း ဖြူစင်ထွန်း၏ ခုံပေါ်မှာ မှောက်ထားသော လက်နှစ်





ဖက်ပေါ်မှာ သူ့ရဲ့ လက်နှစ်ဖက်ကို ခပ်တင်းတင်း ဖိအုပ်ကိုင်ထားလိုက်မိသည်။ ဆရာမက တအံ့တဩဖြင့် . . .

"ဟဲ့ . . . ဆန်းစ၊ ဒါ ဘာလုပ်တာတုန်း"

ဟု အော်နေဆဲသည် သူ့နားထဲမှာ တိုးသွား၏။ ဖြူစင်ထွန်း၏ စိတ်ထဲမှာ ပြောနေသော အသံတချို့သည် သူ့ကို ဖြူစင်ထွန်းက လှမ်းပြောပြနေသလိုပင် သူ့စိတ်ထဲမှာ ပီပီသသပင် ကြားနေခဲ့ရသည်။

"ငါ့ဘဝက မလုံခြုံတော့ဘူး . . . အမေ့ကိုလည်း မပြောချင်ဘူး၊ အဲဒီ ပထွေးကို အရမ်းမုန်းတယ်၊ ငါ့ကို အမေမသိအောင် အမြဲတမ်း အလစ်ချောင်းနေတယ်၊ မနေ့ကလည်း ရေချိုးနေတာကို ချောင်းကြည့်နေတယ်၊ မနက်တုန်းကလည်း အခန်းထဲမှာ အဝတ်လဲနေတုန်း ဝုန်းခနဲ ဝင်လာတယ်၊ အမေက မရှိဘူး . . . ဈေးသွားနေတယ်၊ ငါ့ကို သူ အတင်း ဖက်နမ်းတယ်၊ ငါ ရုန်းတယ် . . . ရုန်းလို့မရဘူး၊ အို . . . ရွံလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းပဲ၊ မုန်းလိုက်တာ . . . သတ်ပစ်ချင်တယ် ပထွေးကို သတ်ပစ်ချင်လိုက်တာ၊ အမေသိရင် ပြဿနာတွေ တက်မယ်၊ ငါ ရှက်တယ်၊ အိမ်မှာလည်း မနေချင်တော့ဘူး၊ ငါ အိမ်ကနေ ထွက်ပြေးချင်တယ်၊ ဘယ်ကို သွားရမလဲ၊ ငါ့မှာ သွားစရာနေရာလည်း မရှိဘူး၊ ငါ သေချင်တယ်၊ ငါ သေသွားရင် ကောင်းမယ်"

သူ့စိတ်ထဲမှာ ကြားလိုက်ရသော ထိုစကားတွေကြောင့် သူ အံ့ဩထိတ်လန့်သွားကာ ဖြူစင်ထွန်းရဲ့ လက်တွေကို ယောင်ယမ်းပြီး လွှတ်လိုက်မိသည်။ ထို့နောက် ဆရာမဆီ လှမ်းကြည့်လိုက်မိကာ . . .

"ဆရာမ . . . ဆရာမရယ်၊ ဖြူစင်ထွန်းရယ် နှစ်ယောက်တည်းကို ကျွန်တော် စကားပြောခွင့်ပေးပါ"

ဟု ရုတ်တရက် ပြောလိုက်မိတော့ ဆရာမက မျက်မှောင်ကြီး ကြုတ်ကာ သူ့ကို ကြည့်သည်။

"မင်းက ဘာပြောမလို့လဲ၊ နေစမ်းပါဦး . . . မင်းနဲ့





ဘာပတ်သက်နေလို့လဲ၊ ဖြူစင်ထွန်းကို မင်း ဘာလုပ်ထားသလဲ"

ဟု မယုံသင်္ကာသံဖြင့် မေးခွန်းထုတ်နေသည်။ သူ ဘာပြောရမှန်းမသိ ရုတ်တရက် လှစ်ခနဲ ထွက်သွားသည်မှာ. . .

"ဖြူစင်ထွန်း ငိုနေတာ သူ့ပထွေးကြောင့်ပါ ဆရာမ"

သူ့အသံကြောင့် ဖြူစင်ထွန်း၏ ခေါင်းက ဖြုန်းခနဲ မော့လာသည်။ မျက်ရည်လည်ရွဲနှင့် သူ့ကို အံ့ဩတကြီး ကြည့်ကာ . . .

"ဘာ . . . နင်က ဘယ်လိုသိတာလဲ"

ဟု တအံ့တဩ မေးသည်။

"ငါလည်း မသိဘူး၊ နင့်စိတ်ထဲမှာ ဘာဖြစ်နေသလဲဆိုတာ ငါ အလိုလို သိနေတယ်၊ နင် ငါ့ကို လှမ်းပြောနေသလိုပဲ ငါ့စိတ်ထဲမှာ ပြန်ကြားရတယ်၊ ငါပြောတာ မှန်သလား"

၁၈၁



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ထွန်းက မယုံနိုင်သလို မျက်နှာပေးဖြင့် အငိုတိတ်ကာ ခေါင်းညိတ်ပြသည်။ ထို့နောက် သူရယ် . . . ဖြူစင်ထွန်းရယ် . . . ဆရာမရယ် သုံးယောက်တည်း အခန်းတစ်ခန်းထဲမှာ တိုးတိုးတိတ်တိတ် သွားစကားပြောဖြစ်ကြသည်။ သူက ဖြူစင်ထွန်းရဲ့ စိတ်ထဲကို သူ လှမ်းဖတ်မိသမျှ ပြန်ပြောပြလိုက်သောအခါ ဖြူစင်ထွန်းခင်ဗျာ တအံ့တသြ ဆွေ့ဆွေ့ ခုန်နေလျက် . . .

"မှန်လိုက်တာ . . . မှန်လိုက်တာ နင် ဘယ်လိုသိသလဲ၊ ငါ့စိတ်ထဲမှာ ခံစားနေရတာတွေကို နင် ဘယ်လို သိတာလဲဟင်၊ အံ့ဩဖို့ ကောင်းလိုက်တာ"

ဟု အော်ဟစ်မြည်တမ်း၍ မဆုံးတော့ချေ။ ဘာကြောင့်ဟု သူ မဖြေနိုင်ပါ။ သူ့မှာ အဖြေလည်း မရှိပါ။ ထိုအဖြစ်အပျက်သည် သူ့အလိုလို ဖြစ်နေခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က ဖြူစင်ထွန်းရဲ့ သွေးမရှိတော့သလို ဖြူလျော်နေသော မျက်နှာကိုလည်း သူ မမေ့ချေ။ ဆရာမက သူ့ကို အထူးအဆန်း





သတ္တဝါတစ်ကောင်လို စူးစူးစိုက်စိုက် ကြည့်နေလျက် . . .

"ကဲ . . . အဲဒါဆိုရင် ဆရာမရဲ့ စိတ်ကို မင်း ဖတ်ပေးစမ်း၊ ဆရာမစိတ်ထဲမှာ အခု ဘာဖြစ်နေသလဲ"

ဟု သူ့ကို စမ်းသပ်ချင်သလို ပုံစံမျိုးဖြင့် ပြောခဲ့သည်။ သူက ဆရာမရဲ့ လက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ စိတ်ကို စုစည်းပြီး အာရုံ စိုက်ကြည့်လိုက်သည်။

"ညနေကျရင် ကျောင်းကအပြန် ဈေးဝင်ဝယ်ရမယ်၊ ဒီနေ့ညနေ ကြက်သားနဲ့ဘူးသီး ချက်မယ်၊ ငါးပိထောင်း စပ်စပ်ကလေး သုပ်စားမယ်၊ ယောကျ်ားအတွက်တော့ ပုဇွန် ခပ်စပ်စပ်ကလေး ကြော်ပေးမှပဲ"

သူ ရယ်ချင်သွားပါသည်။ သူ့စိတ်ထဲမှာ ကြားရသည့်အတိုင်း သူ ပြန်ပြောပြလိုက်တော့ ဆရာမ၏ မျက်လုံးအစုံက ဝိုင်းစက်ပြူးကျယ်သွားခဲ့သည်မှာ တော်တော်နှင့်ပင် ပုံမှန် ပြန်မရောက်ချေ။

"ဘုရားရေ . . . ဆန်းစ၊ သားဟာ တကယ်ပဲ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ဖတ်နိုင်တာပါလား၊ ထူးဆန်းလိုက်တာ . . . ကြည့်စမ်း၊ အဲဒါ ဘုရားပေးတာပဲ၊ Gifted ပဲ၊ မင်းမှာ ဘယ်သူ့မှာမှ မရှိတဲ့ စိတ်စွမ်းအင်တစ်မျိုး ရှိနေပြီ၊ မင်း ဘယ်အချိန်ကတည်းက အဲဒီ ထူးခြားမှုကို စသိနေခဲ့တာလဲ"

ဟု တအံ့တသြကြီး မေးသည်။ သူ့ကို ကြည့်သော ဆရာမရဲ့ မျက်ဝန်းတွေ အရောင် ပြောင်းလဲသွားခဲ့သည်။

"ဒီနေ့ပဲ ဆရာမ . . ."

သူကိုယ်သူလည်း မယုံကြည်နိုင်စွာ၊ အံ့အားသင့်စွာဖြင့် သူ ပြန်ဖြေလိုက်သည်။ နောက်တစ်နေ့မှစ၍ သူ့ဘဝ တစ်ခုလုံး သာမန်လူတစ်ယောက်အဖြစ်ကနေ ထူးဆန်းသော လူထူးလူဆန်း တစ်ယောက်အဖြစ်သို့ ပြုန်းစားဒိုင်းစားကြီး ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။ နောက်တစ်နေ့မှစ၍ သူ့ သတင်းသည် တစ်ကျောင်းလုံး ပျံ့နှံ့လျက် ဟိုးလေးတကြော် ကြော် ဖြစ်သွားခဲ့ရသည်။





တကယ်တော့ သူ နာမည်မကြီးချင်ပါ။ လူသိမများချင်ပါ။ သို့သော်လည်း သူ့မှာ ရှိနေခဲ့သော ထိုပါဝါကြောင့် လူတိုင်း၏ စိတ်ဝင်စားမှုကို သူ ခံယူခဲ့ရသည်။ လူတော်တော်များများက သူ့ဆီသို့ ရောက်လာကြသည်။ သူတို့ရဲ့ စိတ်တွေကို ဖတ်ခိုင်းကြသည်။ သူ စိတ်ညစ်ညူးစွာ ငြင်းဆန်ပစ်လိုက်သည့်အခါလည်း ရှိသည်။ တစ်ခါတစ်ရံတော့ စိတ်လိုလက်ရပင် ဖတ်ပေးလိုက်မိသည်။ ထိုအခါ အံ့သြစရာ ကောင်းလှသော ထူးဆန်းတိုက်ဆိုင်မှုတွေ ရှိလာသည်။ လူတွေက သူ့ကို သာမန် လူမဟုတ်သော စိတ်စွမ်းအားရှင် တစ်ယောက်ကို ကြည့်သလို အကြည့်မျိုးဖြင့် ကြည့်လာကြသည်။ ယုံကြည်ကြသည်။ ပြဿနာတစ်ခုခု ဖြစ်လာသော အခါ သူ့ဆီသို့ အားကိုးတကြီး ရောက်လာကြသည်။ အကူအညီ တောင်းကြသည်။ သူကလည်း စိတ်လိုလက်ရပင် ပြဿနာတွေကို ဖြေရှင်းပေးခဲ့မိပါသည်။ သူ့ရဲ့ ဂုဏ်သတင်းက အဲဒီအချိန်ကနေ စတင်ပြီး ကျော်စောထင်ရှားခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့ သွားသော အခါ သူက စိတ်ပညာ အဓိက ယူခဲ့မိသည်။ အဘယ်ကြောင့် ဆိုသော် သူကိုယ်တိုင်၏ အံ့ဩဖွယ် ကောင်းလှသော စိတ်နှင့် တခြားသူတွေ၏ စိတ်တွေကို စိတ်ဝင်တစား လေ့လာချင်မိ သောကြောင့် ဖြစ်သည်။ တက္ကသိုလ်မှာလည်း သူ တတ်နိုင်သ၍ ရိုးရိုးကုပ်ကုပ် သိုသိုသိပ်သိပ် နေထိုင်ခဲ့ပါသည်။ သို့သော် ကံကြမ္မာက သူ့ကို လျှို့ဝှက်သိုသိပ်စွာ နေထိုင်ခွင့် မပေးခဲ့ပါ။ သူ့ရှေ့မှာ ပြဿနာတချို့ ရောက်လာခဲ့လျှင် အလိုအလျောက် ပင် သူ ကူညီမိရက်သား ဖြစ်သွားတတ်သည်။ များသောအား ဖြင့်တော့ သူ့ရဲ့ ပြဿနာကို ကူညီ ဖြေရှင်းပုံမှာ ပြဿနာ ဖြစ်နေသူ၏ စိတ်ကို လှမ်းဖတ်ပြီး ထိုသူရဲ့ စိတ်ထဲမှာ ဖြစ်ပေါ် နေသော ခံစားချက်တွေ၊ ပဋိပက္ခတွေ၊ နာကျင်မှုတွေ၊ ဒဏ်ရာ အနာတရတွေကို သူက သိမြင်ပြီး ထိုသူနှင့်ထပ်တူ ခံစားကာ ကူညီဖြေရှင်းပေးပုံမျိုး ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်သက်





တမ်း တစ်လျှောက်မှာလည်း သူ့ရဲ့ ဂုဏ်သတင်းသည် အလို အလျောက်ပင် ကျော်စော ထင်ရှားခဲ့ရသည်။ သူ ဘယ်ကို သွားသွား သူ့ကို လူတွေက အလိုလို သိနေနှင့်ပြီးသား ဖြစ် သည်။ တချို့က ယုံကြည်လေးစားစွာ ဆက်ဆံကြသလို တချို့ တလည်း မနာလို မရှုစိမ့်စွာ ဝေဖန် ကဲ့ရဲ့တာမျိုး၊ ဂရုမစိုက် သလို ပုံစံမျိုးဖြင့် ဆက်ဆံတတ်ကြသည်။ ဘယ်သူတွေက သူ့ကို ဘယ်လိုပဲ ဆက်ဆံပါစေ သူကတော့ အေးအေးဆေးဆေးပင် ပြဿနာမှန်သမျှကို ရင်ဆိုင် ဖြေရှင်းခဲ့သည်။ လူတွေရဲ့ ယုံ မှားသံသယတွေကို ဖြေရှင်းဖို့အတွက် သူ ရှင်သန်နေသည် မဟုတ်။ သူ့ရှေ့မှာ စိတ်အနာတရ ဖြစ်လျက်ရှိသော လူတချို့ ကိုသာ အမြင်မတော်သဖြင့် ကူညီကယ်တင်မိရုံ သက်သက်ဖြင့် အလိုအလျောက် ရရှိပိုင်ဆိုင်ထားခဲ့သော သူ့ရဲ့ စိတ်စွမ်းအင် တွေကို အကျိုးရှိစွာ အသုံးချခြင်းဖြင့်သာ ရှင်သန်နေခဲ့ခြင်း ဖြစ်သည်။ သူ့ကို အရိပ်အယောင် အမျိုးစုံဖြင့် ကြည့်ကြသော လူပေါင်းစုံ၏ မျက်ဝန်းတွေအပေါ်မှာ သူ သာယာနှစ်လိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိ။ စိတ်ဆိုး ဒေါသထွက်တာမျိုးလည်း မရှိ။ ဘာမှကို ထူးထူးခြားခြား ခံစားတုံ့ပြန်ခဲ့ခြင်းမျိုး မရှိခဲ့ခြင်း ဖြစ်သည်။

ကျောင်းပြီးသွားသောအခါ သူ ဘာဆက်လုပ်ရမှန်း မသိချေ။ သူ့ဖေဖေနှင့် မေမေက သူ့ကို နိုင်ငံခြားသို့ ပို့ချင်သည်။ သူ့ဆီမှာ ရှိနေသော ထူးဆန်းသည့် စိတ်စွမ်းအင်ကို အသုံးချပြီး Mind Reader အဖြစ် ကျော်ကြားစေချင်သော ဆန္ဒတွေ ရှိကြသည်။ သူက ခါးခါးသီးသီးပင် ငြင်းဆန်ခဲ့ပါသည်။ လောကမှာ သူ မလိုအပ်ဆုံးက ကျော်ကြားမှုပင် ဖြစ်သည်။ သူ့ရဲ့ ဆန္ဒက ရိုးရိုးကလေးပါပဲ။ လူတွေရဲ့ စိတ်တွေကို လှမ်းဖတ်နိုင်စွမ်းရှိသော သူ့ရဲ့ စွမ်းအင်ဖြင့် လူတွေရဲ့ စိတ်တွေကို ကုစားပေးချင်သော ဆန္ဒသာ ဖြစ်သည်။ ဖေဖေနှင့် မေမေက သူ နိုင်ငံခြားသို့ မသွားချင်သောအခါ YUFL မှာ အင်္ဂလိပ်စာဖြင့် Diploma တစ်ခု ထပ်ရအောင် ကြိုးစားစေချင်ပြန်သည်။ ထိုဆန္ဒကိုတော့ သူ မငြင်းဆန်ခဲ့ပါ။ သူကိုယ်တိုင်လည်း ကျောင်းဆက်တက်ချင်စိတ် ရှိသောကြောင့် YUFL





သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ထုံးစံအတိုင်း YUFL မှာလည်း သူ့ကို လူတွေ မသိစေချင်ပါ။ သူသည် ရိုးရိုးသားသား သာမန် လူငယ်လေးတစ်ယောက်သာ ဖြစ်ချင်သည်။ သူငယ်ချင်းတွေနှင့် လွတ်လပ်ပျော်ရွှင်စွာ နောက်ပြောင်ရယ်မောရင်း သူ့ရဲ့ ကျောင်းသားဘဝကို အပြည့်အဝ ခံစားကြည့်ချင်သည်။ လူတွေအားလုံးက ထူးဆန်းသော မျက်ဝန်းများဖြင့် ဂရုတစိုက် စောင့်ကြည့်နေကြသော အဖြစ်ကို သူ မခံယူချင်။ သူသည် လူငယ်တစ်ယောက်ပီပီ မိန်းကလေးတစ်ယောက်ယောက်ကို ချစ်မိချင်လည်း ချစ်မိမည်။ ထိုမိန်းကလေးကို လူငယ်သဘာဝအတိုင်း ရိုးရိုးသားသားပင် လိုက်မိချင်လည်း လိုက်မိမည်။ ထိုမိန်းကလေးကလည်း သူ့ကို သာမန် ယောကျ်ားလေးတစ်ယောက်အဖြစ်သာ ပြန်လည်တုံ့ပြန် ဆက်ဆံတာကို ခံယူချင်သည်။ သူ့ဆီမှာ ရှိနေသော ထို ထူးဆန်းသည့် Will Power ကြောင့် သူ့ကို အထင်ကြီးစွာဖြင့် ပြန်လက်ခံတာမျိုးလည်း မဖြစ်စေချင်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် YUFL မှာ ကျောင်းစတက်ချိန်မှစပြီး သူသည် တတ်နိုင်သမျှ ရိုးရိုးတုပ်ကုပ်ကလေးသာ နေခဲ့သည်။ သူနှင့် အနီးကပ် ပေါင်းနေသော သူငယ်ချင်းနှစ်ယောက်မှာ YUFL ရောက်မှ တွေ့ကြခြင်း ဖြစ်သည်မို့ သူ့အကြောင်းကို မသိကြပါ။ အဲဒါကိုလည်း သူက ကျိတ်ပြီး ပျော်ရွှင်နေခဲ့သည်။

ပြဿနာက မနေ့ကမှ စတင်ခဲ့ခြင်း ဖြစ်သည်။ သူနှင့်အတူ ရွှေပြည်စိုးနှင့် မြိုးဝေတို့သုံးယောက် နေ့ခင်းဘက် အတန်းအားချိန်မှာ အင်းယားသို့ လာထိုင်မိခဲ့ကြသည်။ သူတို့ ရောက်သွားတော့ အင်းယားကန်စပ်မှာ လူတချို့ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ တစ်ခုခုကို လူတွေအားလုံး ဝိုင်းအုံကြည့် နေကြသည့် ပုံစံမျိုး။

“ဟာ . . . ဟိုရှေ့မှာ ဘာဖြစ်နေသလဲ မသိဘူး၊ သွား ကြည့်ရအောင်”

ရွှေပြည်စိုးက စတင်ပြီး ထို လူအစုအဝေး ရှိရာဆီသို့ စပ်စပ်စုစု လျှောက်သွားခဲ့သဖြင့် သူပါ ရောယောင်ပြီး





မနေနိုင်မထိုင်နိုင် လိုက်သွားခဲ့မိသည်။ သူ ရောက်သွားချိန်မှာ မိန်းကလေးတစ်ယောက် အင်းယားကန်ထဲမှာ ရေနစ်နေခဲ့ခြင်း ဖြစ်သည်။ လူတွေက ထိုမိန်းကလေး ရေထဲမှာ မြုပ်ချီ ပေါ်ချီ ဖြစ်နေတာကို ဝိုင်းအုံကြည့်နေကြရင်း တစ်ယောက်တစ်ပေါက် ဝေဖန် အော်ဟစ် မှတ်ချက်ပေးနေကြခြင်း ဖြစ်သည်။ ဘယ်သူ ကမှ ထိုမိန်းကလေးကို ဆင်းဆယ်ဖို့ သတိမရကြ။ ဒါမှမဟုတ် ဘယ်သူမှ ရေကူးတတ်ပုံ မရတာလည်း ဖြစ်နိုင်ပါသည်။ သူ ချက်ချင်းပင် အင်းယားရေပြင်ထဲသို့ ဝုန်းခနဲ ခုန်ဆင်းလိုက်မိ ကာ ရေနစ်နေသော မိန်းကလေးရှိရာဆီသို့ ခပ်သွက်သွက် ကူးခပ်သွားလိုက်မိသည်။ ထို့နောက် မိန်းကလေးကို မနိုင် မနင်း ကြိုးစားကယ်တင်လာခဲ့ပြီး ကန်စပ်ဆီသို့ ပြန်လာခဲ့ သည်။ ကန်စပ်သို့ ရောက်သောအခါ လူတွေအားလုံးက ဘေးသို့ ရှဲပေးကြသည်။ သူက သတိလစ်နေသော မိန်းကလေး ကို သတိပြန်ရလာအောင် ရေတွေအားလုံး ပြန်အန်ထွက်သွား အောင် အလျှင်ဆုံး လုပ်ရသည်။ ခဏအကြာမှာ ထိုမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



က လူးလွန့်လူးလှုပ်ရှားလာကာ သတိရလာသည်။ သူ ထိုမိန်းကလေး၏ လက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားမိရင်း ထိုမိန်းကလေး၏ စိတ်ထဲဆီသို့ လှမ်း၍ အာရုံစိုက်ကာ ဖတ်လိုက်မိသည်။

"ရှင် ဘာဖြစ်လို့ ကျွန်မကို ကယ်ခဲ့ရတာလဲ၊ ကျွန်မက သေချင်နေတာ၊ လူ့လောကမှာ ကျွန်မ အသက်ဆက်ရှင်နေလို့ ဘာမှ အဓိပ္ပါယ် မရှိတော့ဘူး၊ အားလုံး အရှက်တကွဲ ဖြစ်ကြဖို့ပဲ ရှိတော့တယ်၊ ကျွန်မအတွက် ပြဿနာကို ဖြေရှင်းဖို့ ဒီနည်းလမ်းကလွဲပြီး တခြားထွက်ပေါက် မရှိတော့ဘူး . . . သိရဲ့လား၊ ကျွန်မချစ်သူက မနေ့ကဘဲ Accident ဖြစ်ပြီး ဆုံးသွားခဲ့ပြီ၊ ကျွန်မရဲ့ ဗိုက်ထဲမှာ သူ့ရဲ့ ရင်သွေးကလေးက နှစ်လတောင် ကျော်နေပြီ၊ ကျွန်မ ဘာလုပ်ရမလဲ၊ ကျွန်မ အသက်ဆက်ရှင်နေသမျှ လူသိရှင်ကြား အရှက်ကွဲရဖို့ပဲ ရှိတော့တယ်၊ ကျွန်မ မိဘတွေ အစ်ကိုတွေ သိရင် ကျွန်မကို





သတ်ကြလိမ့်မယ်၊ ကျွန်မ မနေချင်တော့ဘူး"

မိန်းကလေး၏ စိတ်ထဲမှ ထိုအသံများကို သူ ကြားလိုက်ရသောအခါ ရုတ်တရက် နာကျင်စွာ စိတ်မကောင်းဖြစ်သွားမိသည်။ ထိုမိန်းကလေးအတွက် သူ ဘာလုပ်ပေးရမှန်း မသိချေ။ မိန်းကလေးက ရှိုက်ကြီးတငင်ပင် ငိုကြွေးလျက်ရှိသည်။ သူ ထိုမိန်းကလေးနှင့် မျက်နှာချင်းဆိုင်မှာ ဒူးထောက်ထိုင်ချလိုက်ပြီး . . .

"မင်းရဲ့ ပြဿနာကို ဒီပုံစံနဲ့ ဖြေရှင်းလို့မှ မရတာ၊ မင်းချစ်သူ Accident ဖြစ်ပြီး သေဆုံးသွားတဲ့ အကြောင်းကို မင်းရဲ့ မိဘတွေကို ဖွင့်ပြောပြသင့်တယ်၊ ပြီးတော့ . . . အခု မင်း ရင်ဆိုင်နေရတဲ့ မင်းရဲ့ ပြဿနာကိုလည်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်တာ ပိုကောင်းတယ်၊ ဒီလို ဖြေရှင်းတဲ့နည်းက မင်းအတွက်ကော၊ မင်းမိဘအတွက်ကော အကျိုးရှိမဲ့ ဆုံးဖြတ်ချက် မဟုတ်ဘူး၊ မင်းရဲ့ ချစ်သူကလည်း သဘောတူမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ရှင် ဘာတွေ လာပြောနေတာလဲ၊ ရှင်က ကျွန်မ အကြောင်း ဘယ်လောက် သိထားလို့လဲ၊ ရှင်က ကျွန်မကို အခုမှ တွေ့ဖူးတာ၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ ဖြစ်နေတဲ့ ခံစားချက်တွေကို ရှင် သိနေသလိုပဲ၊ ရှင်ပြောနေတာတွေ အားလုံးက ကျွန်မ ခံစားနေရတာတွေကို သိလို့ ပြန်ပြောနေတဲ့ ပုံစံမျိုးကြီး၊ ရှင် ဘာတွေ သိထားသလဲဟင်"

မိန်းကလေးက မျက်လုံးကလေးတွေ ဝိုင်းစက်လျက် သူ့ကိုကြည့်ကာ တအံ့တဩ မေးသည်။ သူ ဘယ်လို ဖြေရှင်းပြရမယ်မှန်း မသိ။ ထို့ကြောင့် သူ မိန်းကလေး၏ စိတ်ထဲကိုသာ ဆက်၍ လှမ်းဖတ်ကြည့်မိသည်။

"ကျွန်မနဲ့ ကျွန်မချစ်သူက လူကြီးတွေ မသိအောင် တရားရုံးမှာ တိတ်တိတ်ကလေး လက်ထပ်ထားပြီးသားပါ"

သူ မပြောမိဘဲ မနေနိုင်။ မိန်းကလေးကို နှစ်သိမ့်





သော အပြုံးကလေးဖြင့် ကြည့်ကာ . . .

"အဲဒါဆို ပြဿနာက ရှင်းနေပြီပဲ၊ မင်းနဲ့ မင်းချစ်သူက လူကြီးတွေ မသိအောင် တရားရုံးမှာ လက်ထပ်ထားပြီးသားပဲ၊ မတော်တဆ သူ ဆုံးသွားခဲ့ရတာကိုတော့ အပြစ်တင်လို့ မရဘူး၊ ရှေ့ဆက်ပြီး မင်း ပတ်ဝန်းကျင်ကို ဘယ်လို ရင်ဆိုင်မလဲ ဆိုတာကိုပဲ စဉ်းစားရမှာ၊ ပတ်ဝန်းကျင်ကနေ လွတ်မြောက်အရှုံးပေးပြီး ရှောင်ပြေးတဲ့ နည်းဟာ အဓိပ္ပါယ်မရှိဘူး၊ နည်းလမ်းကောင်းလည်း မဟုတ်ဘူး၊ ကိုယ်ပြောတဲ့အတိုင်းသာ မင်းလုပ်ပါ၊ အခု မင်းရဲ့အိမ်ကို ပြန်ပါ၊ ကိုယ် လိုက်ပို့ပေးဆိုရင်လည်း လိုက်ပို့ပေးပါ့မယ်၊ ပြီးတော့ မင်းမိဘနဲ့ မင်းရဲ့ အစ်ကိုတွေကို သေသေချာချာ နားလည်ခွင့်လွှတ်လာတဲ့အထိ ကိုယ် ကူညီပြီး ရှင်းပြပေးပါ့မယ်"

ထို့နောက် သူက မိန်းကလေး၏ နားထဲသို့ တိုးတိုးကလေး ကပ်ကာ ဘယ်သူမှ မကြားအောင် လေသံ



www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့ကလေးဖြင့် ပြောလိုက်သည်။

"မင်းရဲ့ ကိုယ်ထဲက ကလေး,ကလေးမှာ အဖေ ရှိပြီးသားပဲ၊ အဖေ မပေါ်ဘဲ မွေးတာမှ မဟုတ်တာ၊ ဘာမှ ရှက်နေစရာ မလိုပါဘူး။ ကလေးကို ဖြစ်အောင် မွေးလိုက်ပါ"

"ဘာ . . . ရှင်က ဘယ်လိုလုပ်ပြီး သိတာလဲ"

မိန်းကလေး၏ မျက်လုံးများ ချာချာလည်သွားကာ မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူရော်သွားခဲ့သည်။ ထို့နောက် နှုတ်ခမ်းကလေးများ တဆတ်ဆတ် တုန်ယင်လာတော့သည်။ နံဘေးမှာ ပွဲကြည့်ပရိသတ်လို ဝိုင်းကြည့်နေကြသော လူတွေကလည်း မိန်းကလေး၏ မျက်နှာရိပ် မျက်နှာကဲကို မြင်ရုံဖြင့် သူ့ကို တအံ့တဩ သတိထားမိသွားကြသည်။

"မင်းရဲ့ မေးခွန်းကို ကိုယ် မဖြေနိုင်ပါဘူး၊ ဒါပေမယ့် မင်းရဲ့စိတ်ထဲမှာ ဖြစ်နေတာတွေကို ကိုယ် လှမ်းဖတ်ကြည့်မိတာပါ၊ ကိုယ်ပြောတာတွေ အမှန်ပဲဆိုရင်





ကိုယ့်ရဲ့ စေတနာကို နားလည်တယ်ဆိုရင် ကိုယ်ပေးတဲ့ အကြံကို မင်း လက်ခံလိုက်ပါ၊ မင်း လက်ခံတယ်မှလား"

မိန်းကလေးက သူ့ကို လူထူးလူဆန်းတစ်ယောက်ကို ကြည့်သလို မျက်လုံးဝိုင်းများဖြင့် မျက်တောင်မခတ် စိုက်ကြည့်နေရင်း ခေါင်းညိတ်ပြပါသည်။ ထို့နောက် . . . သူ ထိုမိန်းကလေးကို လူတွေကြားကနေ ဆွဲထုတ် ခေါ်လာခဲ့ပြီး သူ့ကားပေါ် တင်ကာ မိန်းကလေး၏ အိမ်သို့ အိမ်တိုင်ရာရောက်ပင် လိုက်ပို့ပေးခဲ့ပါသည်။ သူ ကံကောင်းတာလား၊ ကံဆိုးတာလား မသိနိုင်စွာ ကားပေါ်သို့ ရွှေပြည်စိုးနှင့် မြို့ဝေတို့က ဒရောသောပါး တက်လိုက်လာကြသဖြင့် အဖြစ်အပျက် အစအဆုံးကို အားလုံး သိသွားခဲ့ကြသည်။

မိန်းကလေး၏ အိမ်သို့ ရောက်သောအခါ သူကတိပေးထားသည့်အတိုင်း မိန်းကလေး၏ မိဘတွေကို အကျိုးအကြောင်း နားလည် သဘောပေါက်သည်အထိ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည် ဝွဲကောင်းကောင်းဖြင့် ရှင်းပြခဲ့ရသည်။ မိဘတွေက ပထမတော့ မိန်းကလေးကို ကြိမ်းမောင်း အပြစ်တင်ခဲ့ကြပြီး နောက်ဆုံးမှာတော့ စိတ်လျှော့လိုက်ကြပုံဖြင့် လက်ခံ သဘောတူလိုက်ကြပါသည်။ ပြီးတော့ . . . ထုံးစံအတိုင်း လူအများ မေးခဲ့ကြသော မေးခွန်းကို သူ့အား မေးခဲ့သည်။

"နေစမ်းပါဦး . . . မောင်ရင်က သမီးရဲ့ စိတ်ထဲမှာ ဖြစ်နေတဲ့ ခံစားချက်တွေ၊ အဖြစ်အပျက်တွေကို ဘယ်လိုလုပ်ပြီးသိနေခဲ့တာလဲ"

"ကျွန်တော် သူ့ရဲ့စိတ်ကို လှမ်းဖတ်ကြည့်မိတာပါ၊ ဒါကြောင့် သူ့စိတ်ထဲမှာ ဖြစ်နေတဲ့ အကြောင်းအရာတွေကို ကျွန်တော် သိခွင့်ရခဲ့တာပါ"

"ဒါဖြင့် မင်းက ဘာလဲ . . . E.S.P အကြားအမြင်ရနေတဲ့ သူလား"

"ဟင့်အင်း . . . ကျွန်တော် အကြားအမြင် မရပါဘူး၊ ကျွန်တော် ဘာမှလည်း မဟုတ်ပါဘူး၊ ရိုးရိုး သာမန်





လူတစ်ယောက်ပါပဲ၊ ဒါပေမယ့် ကျွန်တော့်မှာ လူတစ်ယောက် ဒုက္ခဖြစ်နေရင် မနေနိုင်မထိုင်နိုင် ကူညီဖြေရှင်းပေးတတ်တဲ့ ဗီဇကလေးတော့ မွေးရာပါ ပါလာခဲ့ပါတယ်၊ အဲဒါနဲ့အတူ အဲဒီလူရဲ့ စိတ်ထဲကို အလိုလို လှမ်းဖတ်ကြည့်မိပြီးသား ဖြစ်သွားတတ်ပါတယ်"

သူ မရှင်းပြ၍ မဖြစ်သောကြောင့်သာ ရှင်းပြလိုက်ရခြင်း ဖြစ်သည်။ မိန်းကလေးနှင့်အတူ မိန်းကလေး၏ မိဘတွေပါ သူ့ကိုကြည့်သော အကြည့်တွေ အရောင် ပြောင်းလဲသွားကုန်ပြီ။ ထို့နောက် တလေးတစား ယုံယုံကြည်ကြည်ပင် သူ့ကို အဝင်အထွက် အမြဲလုပ်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းကြသည်။ သူက ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ပြီး ထိုအိမ်မှ ပြန်လာခဲ့သည်။

သူ မျှော်လင့်ထားပြီးသားအတိုင်းပင် အပြန်လမ်းမှာ ရွှေပြည်စိုးနှင့် ဖြိုးဝေတို့က သူ့ကို ဂြိုဟ်သားတစ်ယောက်ကို ကြည့်သော အကြည့်မျိုးဖြင့် ဝိုင်းကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတွေ မဆုံးနိုင်အောင် တရစပ် မေးကြတော့သည်။ သူတို့နှစ်ယောက် မေးသမျှ မေးခွန်းတွေကို သူ စိတ်ရှည်လက်ရှည်ဖြင့် မညာစတမ်း ပြန်ဖြေရသည်။ အားလုံးကို သိရှိပြီးသွားသောအခါ ရွှေပြည်စိုးက အကဲစမ်းလိုသော မျက်နှာပေးဖြင့်. . . ,

"ကဲ . . . ဒါဖြင့် မင်း အခု ငါ့ရဲ့ စိတ်ကို ဖတ်ကြည့်စမ်း"

ဟု စတင်၍ စမ်းသပ်တော့သည်။ သူ သူငယ်ချင်းကို ငြင်းဆန်ချင်စိတ် မရှိသောကြောင့် ရွှေပြည်စိုး၏ လက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ရွှေပြည်စိုး၏ စိတ်ထဲသို့ လှမ်း၍ အာရုံစိုက် ဖတ်ကြည့်လိုက်မိသည်။

"ကြည့်စမ်း . . . ဒီကောင် ဘယ်လောက် ထူးဆန်းသလဲ၊ လူတွေရဲ့ စိတ်ကို ဖတ်နိုင်စွမ်းရှိတဲ့ အစွမ်းသတ္တိက နည်းတာမဟုတ်ဘူး၊ ဒီကောင့်ရဲ့ သူငယ်ချင်း ဖြစ်ရတာ ငါ ဂုဏ်ယူလိုက်တာ၊ နောက်ဆို ဒီကောင့်ကို အသုံး





ချပြီး ငါ လိုက်နေတဲ့ သီဂီဇော်ရဲ့ စိတ်ကို ဖတ်ခိုင်းကြည့်ရမယ်၊ သီဂီဇော်ရဲ့ စိတ်ထဲမှာ ငါ့ကို တကယ် ပြန်ကြိုက်နေသလား၊ မှုနေသလားဆိုတာ သိရရင်တော့ အမိုက်စားဘဲ . . . ဟီး ဟီး"

သူ အသံထွက်အောင်ပင် ရယ်မောလိုက်မိကာ ရွှေပြည်စိုး၏ စိတ်ထဲမှာ စကားသံတွေအတိုင်း တစ်လုံးမကျန် သူ ပြန်ရွတ်ပြလိုက်သောအခါ ရွှေပြည်စိုးက အလန့်တကြားပင် ထခုန် အော်ဟစ်တော့သည်။

"ဟိတ်ကောင် . . . မှန်လိုက်တာ မှန်လိုက်တာကွာ၊ ငါ့ရဲ့ စိတ်ထဲကို မင်း တကယ် လှမ်းဖတ်နိုင်တယ် ဟုတ်လား၊ အမလေး . . . ထူးဆန်းလိုက်တာကွာ၊ မင်းလိုလူမျိုး ငါ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ အခုလို သူငယ်ချင်းအဖြစ် နီးနီးကပ်ကပ်ကြီး ပေါင်းခွင့်ရတာ ယုံတောင် မယုံနိုင်ဘူး၊ အံ့ဩစရာကြီးကွာ . . . မင်း တကယ်ထူးဆန်းတယ် ဆန်းစ၊ အဲဒါ Gifted ပဲ၊ မင်းလို



www.burmeseclassic.com

www.burmeseclassic.com



လူမျိုး တစ်သန်းမှာ တစ်ယောက် မရှိနိုင်ဘူး၊ မင်းကို ရှုံသွင်းပြီး ပြစားရင်တောင် တော်တော် ထောမယ် ဆရာ၊ ဟား . . . ဟား"

"နေစမ်းပါဦး ဆန်းစ၊ မင်း . . . အဲဒီ Will Power ကို ဘယ်လိုလုပ်ပြီး ရခဲ့တာလဲ၊ လေ့ကျင့်ယူရတာလား၊ စိတ်စွမ်းအင်တွေ ဘာတွေကို ငါတော့ အရမ်းယုံတယ်၊ မင်း ဘယ်လိုတွေ လေ့ကျင့်သလဲ၊ ငါ့ကိုလည်း ပြောပြစမ်းပါ၊ ငါလည်း လေ့ကျင့်ချင်လို့"

ဖြိုးဝေက အလေးအနက် မျက်နှာထားကြီးဖြင့် အတည်ပေါက်ကြီး နားပူနားဆာ ဂျီတိုက်နေပြန်သည်။ သူက ဖြိုးဝေကို နှစ်သိမ့်သည့် သဘောဖြင့် ပခုံးကို တစ်ချက်နှစ်ချက် ပုတ်ကာ . . .

"ငါ ဘာမှ တကူးတက တမင်တကာကြီး လေ့ကျင့်ခဲ့တာ မဟုတ်ဘူး ဖြိုးဝေ၊ ငါ ဘာမှမလုပ်ဘဲ အဲဒီ Power ကို သူ့အလိုလို ရခဲ့တာ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊





အဲဒီပါဝါကို အသုံးချပြီး လူတွေကို ကူညီဖို့ ကယ်တင်ဖို့ စေတနာတစ်မျိုးပဲ ငါ့မှာရှိတယ်၊ အဲဒီ စိတ်စွမ်းအင်ကို အသုံးချပြီး စီးပွားဖြစ် လုပ်စားမယ်ဆိုတဲ့ အကြံအစည်မျိုး၊ နာမည်ကြီးအောင် လုပ်မယ် . . . နာမည်ကြီးချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုး ငါ့မှာ လုံးဝ မရှိဘူး၊ အမှန်အတိုင်းပြောရရင် ငါ ဒီ Will Power နဲ့ ပတ်သက်ပြီး လုံးဝ နာမည်မကြီးချင်ဘူး၊ လူသိမများချင်ဘူး၊ ငါ့ဘာသာငါ ရိုးရိုးကလေးပဲ နေချင်တာ၊ ငါ့ရှေ့မှာ ဒုက္ခရောက်နေတဲ့ လူတွေ တွေ့လာရင် ကူညီလိုက်ချင်တယ်၊ ဒါပဲ ရှိတယ် . . . အဲဒီထက်ပိုပြီး ဒီ စွမ်းအင်ဆီကနေ ဘာမှ ငါ မယူချင်ဘူး၊ မင်းတို့ကိုယ်လည်း ငါ ကြိုပြောထားမယ်နော်၊ ငါနဲ့ ပတ်သက်ပြီး ငါ့ရဲ့ သတင်းတွေကို ကျောင်းမှာ လျှောက်မပြောပါနဲ့ကွာ၊ လူတွေအများကြီး သိမှာ ငါ စိုးရိမ်လို့ပါ၊ ဖြစ်နိုင်ရင် ဘယ်သူမှ မသိစေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘဲတော့ နေမှာမဟုတ်ဘူးကွ၊ ခုနက ဖြစ်သွားတဲ့ ကိစ္စမှာ ဝိုင်းကြည့်နေကြတဲ့ လူတွေထဲမှာ YUFL က လူတွေ ဘယ်နှစ်ယောက်ပါမှန်းမှ ငါတို့ မပြောနိုင်တာ၊ သိတော့လဲ ဘာဖြစ်သလဲကွာ၊ မင်းကလည်း တခြားလူတွေဆို ကျော်ကြားချင်လွန်းလို့၊ ငါ့မှာ အဲဒီလို စိတ်စွမ်းအင်မျိုး ရကြည့်လိုက်စမ်းပါ ဟား . . . ဟား . . . ဟား၊ မိန်းကလေးတွေ အားလုံးရဲ့ စိတ်တွေကို ငါ တစ်ယောက်ချင်း လိုက်ဖတ်ကြည့်ချင်တာ၊ ဘယ်လိုနေမလဲ မသိဘူး . . . တော်တော်တော့ အံ့ဩစရာကောင်းမယ် စိတ်ဝင်စားဖို့လည်း ကောင်းမယ်၊ ဒါကြောင့် မင်းကို ငါ သတိထားမိနေတာ ကြာပြီ၊ မင်းကြည့်ရတာ တစ်မျိုးပဲလို့"

"ဘာတစ်မျိုးလဲကွ . . ."

"မင်းကို ကြည့်လိုက်ရင် လူတွေကြားထဲမှာ အများစုနဲ့ ဘယ်တော့မှ ရောမနေဘူးကွာ၊ ငါပြောတာ နားလည်





လား၊ လူတွေကြားထဲမှာ မင်းရဲ့ အရောင်အဝါက ထင်းနေတယ်၊ ကိုယ်ရောင်ကိုယ်ဝါရှိတဲ့ သဘောမျိုးပေါ့ကွာ၊ အများထဲက တစ်ယောက်ပုံစံ ဖြစ်မနေဘူး၊ အများထဲမှာ ထူးထူးခြားခြားနဲ့ကို ထင်ရှားပေါ်လွင်နေတာ၊ ပြီးတော့ မင်းကို ကြည့်လိုက်ရင် အမြဲတမ်း ရှပ်အင်္ကျီအဖြူရောင်ကလွဲပြီး တခြား ဘာအရောင်မှ ဝတ်တာ ငါတို့ မတွေ့ဖူးဘူး၊ ပြီးတော့ မင်းက အသားတွေ ငါးတွေလည်း မစားတတ်ဘူး၊ အသီးအရွက် သတ်သတ်လွတ်ပဲ စားတာများတယ်၊ အဲဒါတွေကို ကြည့်ခြင်းအားဖြင့် မင်းဟာ သာမန် လူတစ်ယောက်နဲ့တော့ မတူဘူးလို့ ငါ ခန့်မှန်းကြည့်မိဖူးတယ်၊ ဒါပေမယ့် အခုလောက် အံ့ဩစရာ ကောင်းလိမ့်မယ်လို့တော့ မထင်ခဲ့တာ အမှန်ပဲ၊ မင်းက တော်တော် ထူးဆန်းတယ်"

ဟူသော ဖြိုးဝေရဲ့ အလေးအနက်စကားကို သူက ပေါ့ဆသွားအောင် တမင်သက်သက်ပင် ခပ်ပေါ့ပေါ့



www.burmeseclassic.com

ရယ်မောပစ်ခဲ့သည်။

"လုပ်မနေစမ်းပါနဲ့ ဖြိုးဝေရာ . . . သူငယ်ချင်းချင်း ကပ်မြှောက်မနေစမ်းပါနဲ့ကွာ၊ မင်းကို ငါ ဘာမှ မကျွေးနိုင်ဘူး"

ထိုစကားဖြင့် သူက ထိုခေါင်းစဉ်ကို အဆုံးသတ်ပစ်ခဲ့သည်။ သို့သော် . . . ဒီနေ့ သူ ကျောင်းသို့ရောက်သောအခါ သူနှင့်ပတ်သက်ပြီး တစ်ခုခု အကြီးအကျယ် ထူးခြားပြောင်းလဲနေခဲ့သည်ကို သူ အလိုလို သတိထားမိခဲ့ခြင်းဖြစ်သည်။ လူတွေရဲ့ မျက်ဝန်းအကြည့်တွေ၊ တီးတိုးစကားတွေ၊ မှတ်ချက်တွေ၊ ဝေဖန်သံတွေက YUFL ၏ ပတ်ဝန်းကျင်ရှိ လေထုထဲမှာ ပျံ့လွင့်လျက် ရှိပြီ။ သူ ကျိတ်ပြီး သက်ပြင်းချမိရုံမှအပ ဘာမှ မတတ်နိုင်ချေ။ ရွှေပြည်စိုးနှင့် ဖြိုးဝေကို သူ လိုက်ရှာကြည့်သည်။ မတွေ့တာနှင့် ကန်တင်းသို့ ရောက်လာခဲ့၏။ ကန်တင်းသို့ ရောက်သောအခါ သူ့ဘဝကို ထူးခြားပြောင်းလဲစေမည့် သူမကို စတင်၍ တွေ့ရှိခဲ့မိခြင်း ဖြစ်သည်။ သူမက





သူ့ကို ကျောခိုင်းထားခဲ့ပါသည်။ ထို့ကြောင့် သူဝင်လာတာကို သူမက မမြင်ရပါ။ မမြင်ရသောကြောင့် သူ့အကြောင်းကို ပယ်ပယ်နယ်နယ် အတင်းအုပ်နေခဲ့ခြင်း ဖြစ်သည်။ သူ့အကြောင်း အတင်းပြောနေသံကို နားနှင့်စပ်စပ် သူ ပြန်ကြားလိုက်ရသောအခါ နားထင်နားရင်းတွေပင် ထူပူသွားလျက် မျက်နှာတစ်ခုလုံး ရှိန်းမြပူနွေးသွားခဲ့၏။ သူမကတော့ ဘယ်လိုနေမည် မသိပါ။ ဤမျှ ချောမောလှပလွန်းသော မိန်းကလေးတစ်ယောက်ဆီမှာ အဲဒီလို ရက်ရက်စက်စက် အတင်းပြောတတ်သော နှုတ်ခမ်းလှလှများ ရှိနေလိမ့်မည်ဟု သူ မထင်ခဲ့ပါ။ သူနှင့် သူမတို့၏ ဆုံတွေ့ခြင်း အစက ဘယ်လိုမှ မလှပခဲ့ပါ။

www.burmeseclassic.com







## အခန်း . . . (၂)

"အဲဒါ Gifted ပဲဟ၊ တော်တော် ထူးဆန်းတယ်နော်၊ လူတွေရဲ့ စိတ်ကို လှမ်းဖတ်နိုင်တယ်ဆိုတဲ့ Mind Reader မျိုး ငါနဲ့ ဆုံဖူးချင်လိုက်တာ"

ထိုအကြောင်းအရာကို စတင်ခဲ့သူမှာ မုဒိတာမောင် ဖြစ်သည်။ ပြီးတော့ မနေ့က အင်းယားမှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို သူမကိုယ်တိုင်ပင် မြင်တွေ့ခဲ့ရသလို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြနေတော့သည်။

"သူ့နာမည်ကို ငါ'သိပါတယ်၊ နာမည်ကလည်း ခပ်ဆန်းဆန်းပါ . . . ဆန်းစလတဲ့၊ လူပုံက ခပ်ချောချော



www.burmeseclassic.com

www.burmeseclassic.com



ရုပ် ခပ်ဖြောင့်ဖြောင့်ပဲ၊ သူ့ကိုကြည့်လိုက်ရင် သန့်ရှင်းကြည်လင်နေတာပဲ၊ ငါ သတိထားမိသလောက် အကျီအဖြူ ရောင် အမြဲဝတ်တယ်၊ လူတွေကြားထဲမှာ သူ့ကို ထင်းခနဲ မြင်နိုင်တယ်ဟ၊ အဲဒါကို ဘာခေါ်မလဲ၊ ကိုယ်ရောင် ကိုယ်ဝါ တောက်ပနေသလိုမျိုးပေါ့၊ သူက အင်္ဂလိပ်စာ အတန်းကဟ၊ သူ့ကို ခပ်ချောချော ခပ်သန့်သန့်မို့ သတိထားမိတာပဲ ရှိတာ၊ အခုလို Mind Reader တစ်ယောက်လို့ မသိဘူး"

ရွှေဆည်းဆာကလည်း စိတ်ဝင်တစားပင် ဝင်ရောက်ဆွေးနွေးနေသည်။ စွဲငြိထင်က ထုံးစံအတိုင်း လူအများရဲ့ စိတ်ဝင်စားမှုကို သူမ တစ်ယောက်တည်းသာ သိမ်းရိုက်ရယူချင်တတ်သူဖြစ်ရာ ဒီနေ့မှ ကျောင်းထဲမှာ လူပြောများလျက်ရှိသော ထို Mind Reader ဆိုသူရဲ့ သတင်းကြီးနေတာကို အမြင်ကတ်ချင်သလိုလို ကလန်ကဆန် ဆန့်ကျင်တော်လှန်ချင်သလိုလို စိတ်တစ်မျိုး ပေါ်ပေါက်လာကာ . . .





"နင်တို့ကလည်းဟာ . . . လူတစ်ယောက်ရဲ့စိတ်ကို ဖတ်တာပဲ ဘာများ ထူးဆန်းလို့လည်း၊ ငါလည်း ဖတ်နိုင်တာပဲ၊ သူလည်း ရမ်းသမ်းပြီး ဖတ်ရင်း ပြောရင်း တိုက်ဆိုင်သွားတာလည်း ဖြစ်ချင် ဖြစ်မှာပါဟာ၊ ငါက တော့ အဲဒါမျိုးတွေ အယုံအကြည် မရှိပါဘူး၊ မဖြစ်နိုင်ပါဘူး၊ မတော်တဆ တိုက်ဆိုင်သွားတာပဲ ဖြစ်မှာပါ"

ဟု ကန့်လန့်တိုက်ကာ ပြောလိုက်သည်။

"ဟဲ့ . . . စွဲငြိရယ် နင်မသိဘဲ လျှောက်ပြောမနေနဲ့၊ မနေ့က အင်းယားမှာ သူ တော်တော် နာမည်ကြီးသွားတာ၊ ရေနစ်နေတဲ့ ကောင်မလေးရဲ့စိတ်ကို ဖတ်နိုင်ပြီး ကောင်မလေးကို အကြံဉာဏ်တွေ . . . ဘာတွေ ပေးနေတာဟဲ့၊ ကောင်မလေးကလည်း သူ့ရဲ့စိတ်ထဲမှာ ခံစားနေရတဲ့ အကြောင်းအရာတွေကို သူ ဘယ်လို သိသလဲဆိုပြီး အံ့ဩမဆုံး ဖြစ်နေတာတဲ့၊ နင်ပြောသလို ရမ်းသမ်းပြီး တိုက်ဆိုင်တာ ဖြစ်နိုင်ပါ့မလား၊ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ ချစ်သူရှိနေတာ၊ အဲဒီချစ်သူက Accident နဲ့ ဆုံးသွားတာ၊ ကောင်မလေးနဲ့ သူ့ချစ်သူ လူကြီးတွေ မသိအောင် တိတ်တဆိတ် လက်ထပ်ထားကြတာတွေပါ အားလုံး ပြောနိုင်တာတဲ့၊ နောက်ဆုံးစကားတစ်ခွန်းကိုတော့ ကောင်မလေးရဲ့နားထဲ တိုးတိုးကလေး လှမ်းပြောလိုက်တော့ ကောင်မလေးက အံ့သြလွန်းလို့ မျက်လုံးမျက်ဆန်ပြူးပြီး ဆတ်ဆတ်တုန်နေတာပဲတဲ့၊ ရှင် ဘယ်လိုသိတာလဲချည်းပဲ မေးနေတယ်"

မုဒိတာက စွဲငြိထင် မယုံကြည်သလိုလို ပြောနေတာကို မခံချိ မခံသာဖြင့် မျက်ခုံးကိုပင့်ကာ ပင့်ကာဖြင့် တဖွဲ့ တနွဲ့ ဆက်ရှင်းပြနေသည်။

"တော်စမ်းပါဟာ . . . နားငြီးလိုက်တာ၊ နင်တို့ အဲဒီလောက် အဖြစ်သည်းပြီး ညွှန်းနေတာနဲ့ ငါတောင် အဲဒီလူနဲ့ တွေ့ချင်လာပြီ၊ တွေ့လို့ကတော့ ငါ့စိတ်ကို ဖတ်ခိုင်းကြည့်မယ်၊ မှန်ချင်မှန် . . . မမှန်လို့ကတော့ ဟား





တိုက်ပြီးတော့ကို ရယ်ပစ်လိုက်မယ်၊ သူ ငါ့ရဲ့စိတ်ကို ဖတ်နေတုန်းမှာ ငါ့စိတ်ထဲမှာ ဗလာချည်း ထားလိုက်မယ်ဆိုရင် သူ ဘာဖတ်နိုင်ဦးမှာလဲ၊ မဖြစ်နိုင်တာကြီးကို၊ နင်တို့ကလည်း သူ့ကို လူထူးလူဆန်းကြီးလို စွတ်ပြီး အထင်တွေကြီးနေတယ်၊ ငါကတော့ လုံးဝကို မယုံဘူး ဆရာ၊ သူ့မှာ ဘာလျှို့ဝှက်ချက် ရှိသလဲမှ မသိတာ၊ နာမည်ကြီးအောင် သူ့ကို လူတွေ အထင်ကြီးအောင် တမင်သက်သက် ထွင်လုံးတွေနဲ့ လှည့်စားနေတဲ့ မျက်လှည့်စရာ ဖြစ်နေဦးမယ်"

စွဲငြိထင်က စိတ်မရှည်နိုင်သလို နှုတ်ခမ်းကလေးကို မဲ့ကာရွဲ့ကာဖြင့် ပြောလျက်ရှိစဉ် သူမတို့ စားပွဲရှေ့မှာ လူတစ်ယောက် လာရပ်သော အရိပ်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ စွဲငြိထင်က ဘာရယ်မဟုတ် ထိုလူရိပ်ဆီသို့ မော့ကြည့်လိုက်မိစဉ် အင်္ကျီအဖြူရောင် ဝတ်ထားသော၊ အသားအရေကြည်လင်သန့်ရှင်းလွန်းသော၊ မျက်ခုံး မျက်လုံးတို့ နက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းစိုသော လူငယ်တစ်ယောက် ရပ်လျက် သူမကို ငေးစိုက်ကြည့်ကာ ပြုံးပြနေတာကို မြင်လိုက်ရသည်။ ထိုခဏမှာ စွဲငြိထင်သည် မတော်တဆ ဓာတ်လိုက်ခံလိုက်ရသလို တုန့်ခနဲဖြစ်သွားလျက် မှင်တက်ကာ ငြိမ်သက်သွားမိ၏။ ထိုသူက စွဲငြိထင်ကို ဖော်ရွေနှစ်လိုသော အပြုံးဖြင့် ပြုံးပြလျက် . . .

"ကျွန်တော့်နာမည် ဆန်းစလပါ၊ ကျွန်တော် ဒီမှာ ခဏလေး ထိုင်လို့ရမလား မသိဘူး"

ဟု ခွင့်တောင်းနေသောအခါ စွဲငြိထင်သည် သူ့အကြောင်း ပယ်ပယ်နယ်နယ် အတင်း ပြောနေခဲ့ချိန်မို့ မျက်နှာပူ အားနာသွားမိကာ ဘာပြန်ပြောရမှန်း မသိဘဲ ဆွံ့အကြောင်အမ်းလျက် ရှိသည်။ ရွှေဆည်းဆာက ခပ်သွက်သွက်ဖြင့် ဝင်၍ . . .

"အို . . . ထိုင်ပါ ထိုင်ပါ၊ ကျွန်မတို့က အခုပဲ ကိုဆန်းစလအကြောင်း ပြောနေကြတာ၊ တိုက်တိုက်ဆိုင်ဆိုင်ကြီး ရောက်ချလာတော့ . . . ဟီး ဟီး ဘယ်လို





ပြောရမှန်း မသိဘူး၊ တစ်မျိုးကြီးကို ဖြစ်သွားတာ၊ ဆောရီးနော် . . . ကိုဆန်းစလရဲ့ မကောင်းကြောင်းတွေ ပြောနေတာ မဟုတ်ပါဘူး"

"ကျွန်တော် အားလုံး ကြားလိုက်ပါတယ် . . . ကိစ္စမရှိပါဘူး၊ ကျွန်တော် ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော့်အကြောင်း ပြောနေသံကြားလို့ ခဏ ဝင်ထိုင်ပြီး နားထောင်ချင်လို့ပါ၊ ဟောဒီက မစွဲငြိထင်ကို ကျွန်တော် ကောင်းကောင်း သိပါတယ်၊ နာမည်ကြီးပဲဗျာ . . . ခင်ဗျားရဲ့ ကြော်ငြာတွေ . . . ဗွီဒီယိုကားတွေ အားလုံး ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက်ကို အားပေးနေတဲ့ ပရိသတ်ပါ"

သူက သူ့ရဲ့ မကောင်းကြောင်းကို မိန်ရေယှက်ရေ ပြောနေခဲ့သော စွဲငြိထင်ကို ဘာအာဃာတမှ မရှိသလို မျက်နှာပေးမျိုးဖြင့် ဖော်ဖော်ရွေရွေ ပြောနေသည်။ ဒီကျောင်းမှာ စွဲငြိထင်ကို နာမည်ကြီး Model မင်းသမီးတစ်ယောက်မှန်း



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း သိနေပြီးသားမို့ သူ စွဲငြိထင်ကို သိနေသည် ဆိုသည်မှာလည်း ဆန်းတော့ မဆန်းပါ။ စွဲငြိထင်က အရှုံးမပေးလိုသော ညည်ဆိုးကလေးနှင့် . . .

"ဟုတ်တယ် . . . ကျွန်မတို့က ရှင့်အကြောင်း ပြောနေကြတာ၊ သူတို့နှစ်ယောက်ကတော့ ရှင့်ကို အသေအလဲကို ယုံကြည်နေကြတယ်၊ ကျွန်မကတော့ မယုံဘူး . . . မယုံဘူးဆိုတာက ရှင့်ကို မယုံတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ရဲ့ စိတ်ကို တခြားလူတစ်ယောက်က လှမ်းဖတ်နိုင်တယ် ဆိုတာကိုတော့ အကြောင်းမဲ့ကြီး ကျွန်မက လက်မခံချင်ဘူး၊ ကျွန်မကို ရှင် သက်သေပြနိုင်မလား၊ ဥပမာ ကျွန်မရဲ့စိတ်ကို ရှင် ဖတ်ကြည့်နိုင်မလား"

စွဲငြိထင်က မျက်ခုံးကလေးကို ပင့်ကာ စိန်ခေါ်သော မျက်နှာပေးကလေးဖြင့် ပြုံး၍ ပြောလိုက်လျှင် ဆန်းစလက အေးအေးဆေးဆေးပင် . . .





"ရပါတယ် . . . ကျွန်တော် စွဲငြိထင်ရဲ့ စိတ်ကို ဖတ်ပေးပါ့မယ်၊ ဒါပေမယ့် အဲဒါ ကျွန်တော့်ကို မယုံကြည်တဲ့အတွက် သက်သေပြချင်တဲ့ သဘောမျိုးနဲ့ ဖတ်ပေးမှာမဟုတ်ဘူးနော်၊ ကျွန်တော် စွဲငြိထင်နဲ့ သူငယ်ချင်းတွေဖြစ်ချင်လို့ မိတ်ဖြစ်ဆွေဖြစ် အပျော်သဘောမျိုးဖတ်ပေးမှာ၊ မှားတာ . . . မှန်တာတွေကို ကျွန်တော်ဂရုစိုက်မှာ မဟုတ်ဘူး၊ ကျွန်တော်ဖတ်တာ မှန်ချင်မှလည်း မှန်မယ်၊ မှန်တာ မှားတာကို ကျွန်တော် ဂရုမစိုက်ပါဘူး၊ အကယ်၍ ကျွန်တော်ပြောတဲ့အထဲမှာ စွဲငြိထင်ကို စိတ်အနှောင့်အယှက် ဖြစ်စရာ စကားမျိုးပါလာခဲ့ရင် ကြိုပြီးတော့ တောင်းပန်ထားမယ်နော်"

"အိုကေ . . . အကယ်၍ ရှင်ပြောတာ မမှန်ခဲ့ရင်တော့ ကျွန်မ ရယ်ရမလား"

စွဲငြိထင်က ခပ်ထေ့ထေ့ ဟန်ကလေးဖြင့် ပြန်ပြောလိုက်သည်။ သူက ပခုံးတစ်ချက် တွန့်ပြလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ရယ်နိုင်ပါတယ် . . . ရယ်ပါ၊ ကျွန်တော် စိတ်မဆိုးတတ်ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော်က လူတစ်ယောက်ရဲ့ စိတ်ကို ဖတ်တော့မယ်ဆိုရင် ကျွန်တော် ဖတ်မဲ့လူရဲ့ လက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကြည့်ပြီးမှ အာရုံစိုက်ပြီး ဖတ်ကြည့်ရတာ"

"ဩော် . . . ဒီလိုဆိုရင်လည်း လက်ပေးရတာပေါ့လေ"

ခွဲငြိထင်က မျက်လုံးကလေးတစ်ချက် ဝေ့လျက် အံ့ဩဟန်ပြုကာ လက်ကလေးနှစ်ဖက်ကို သူ့ရှေ့သို့ လှမ်းထိုးပေးလိုက်သည်။ သူက ခွဲငြိထင်ရဲ့ လက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ကာ စိတ်ကို စုစည်းပြီး အာရုံစိုက်လိုက်သည်။

"ဟင့်အင်း . . . ဘာမှမတွေးနဲ့၊ အခုအချိန်မှာ ငါဘာမှမတွေးရင် သူ ဘာပြောနိုင်မှာလဲ၊ အထူးသဖြင့် ငါ့ရဲ့ လျှို့ဝှက်ချက်တွေကို မတွေးမိစေနဲ့၊ အံမယ်





လူကတော့ လူချောတစ်ယောက်ပဲ၊ မိုက်တယ်ဆရာ၊ ဒါပေမယ့် မတော်တဆ ငါ့အကြောင်းကိုများ သူ တကယ် ဖတ်မိသွားနိုင်မလား၊ အို . . . မတွေးပါနဲ့ ဆိုနေမှ၊ ကိုထင်စွာနဲ့ ပတ်သက်တဲ့ အကြောင်းတွေလေ၊ ဟင့်အင်း . . . အဲဒါကို သူ မသိနိုင်ပါဘူး၊ ဒုက္ခပါပဲ မတွေးပါဘူး ဆိုမှပဲ အဲဒီအတွေးတွေက ဘယ်ကဘယ်လို ရောက်လာရတာတုန်း၊ ဘုရား . . . ဘုရား သူသိသွားတော့မှာပဲ၊ ကိုထင်စွာ့ကို ယသော့်ဆီက ငါ လုခဲ့တာမှ မဟုတ်တာ၊ ယသော့်အပေါ်မှာ မတရား လုပ်ခဲ့တာလဲ မဟုတ်ဘူး၊ ငါ့ရဲ့ လျှို့ဝှက်ချက်ကို သူ သိများသွားမလား၊ ဒုက္ခပါပဲ . . . ငါ ဘာတွေ တွေးနေမိသလဲ၊ ငါ့စိတ်ကို သူ့ကို ဖတ်ခိုင်းမိတာ မှားများ မှားသွားပြီလား၊ ငါ တွေးနေတာတွေ သူ တကယ် ဖတ်နိုင်လို့လား၊ အို . . . သွားစမ်းပါ၊ သူက ဘာသိမှာမို့လဲ၊ လုံးဝ မသိစေရဘူး၊ မတွေးနဲ့ . . . ဆက်မတွေးနဲ့တော့၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ဗလာချည်းထားလိုက်၊ ဗလာ . . . ဗလာ . . . ဗလာ"

သူ့အာရုံထဲမှာ ထိုအသံတွေကို ပြန်ကြားနေရသည်။ သူ ရယ်လည်း ရယ်ချင်မိကာ ရယ်လည်း မရယ်မောရက်ပြန်ပါ။ ထို့ကြောင့် သူ သက်ပြင်းတရှိုက်ဖြင့် စွဲငြိုထင်ဆီ အံ့ဩအားနာသော အကြည့်ဖြင့် ကြည့်လိုက်မိရင်း . . .

"ကျွန်တော် ပြောရမှာတော့ အားနာပါတယ်၊ ဒါပေမယ့် ကျွန်တော် ကြားရတဲ့အတိုင်း ပြန်ပြောပြရမလား၊ စွဲငြိုထင်ရဲ့ သူငယ်ချင်းတွေ ရှေ့မှာလေ"

သူ့စကားကြောင့် စွဲငြိုထင်က မျက်ခုံးတွေကို ရှုံ့လိုက်ကာ . . .

"ပြောလေ . . . ပြောလို့ရပါတယ်၊ ရှင် ဘာတွေများ သိလိုက်ရလို့လဲ"

သူ ကြားရတဲ့အတိုင်းသာ ပြန်ပြောပြလိုက်သည်။ ထင်စွာဆိုသော နာမည်နှင့် ယသော်ဆိုသော နာမည်တွေကို





ကြားလိုက်ရစဉ်မှာ စွဲငြိုထင်၏ မျက်နှာက ကျောက်ရုပ်တစ်ရုပ်လို့ ရုတ်ခြည်း ငြိမ်သက် ဖြူဖွေးသွားတော့သည်။ သူငယ်ချင်းတွေပါ ပါးစပ်အဟောင်းသားဖြင့် ငြိမ်သက်သွားကြသည်။ စွဲငြိုထင်၏ မျက်ဝန်းတွေဆီမှာ မျက်ရည်စကလေးတွေပင် စို့သီဝေ့လာကာ နှုတ်ခမ်းထောင့်စွန်းကလေးတွေ တဆတ်ဆတ် တုန်ယင်လာကာ . . .

"အဲဒီနာမည်တွေကို ရှင် ဘယ်လိုလုပ်ပြီး သိတာလဲ၊ ရှင်ဟာ တကယ့် တကယ်ပဲ သိပ်ထူးဆန်းပါလားဟင်၊ ခုနက ကျွန်မစိတ်ထဲမှာ တွေးနေသမျှ အတွေးတွေကို ရှင် တကယ် ပြန်ပြောပြနိုင်တာ အံ့ဩဖို့ ကောင်းလိုက်တာ၊ ရှင်ပြောတာတွေ အမှန်ပဲ၊ အထူးသဖြင့် နာမည်တွေကို အတိအကျ ပြန်ပြောနိုင်တာ သိပ်ထူးဆန်းတယ်၊ ကြည့်စမ်း . . . ကျွန်မ အခုလိုမျိုး တစ်ခါမှ မကြုံဖူးခဲ့ဘူး၊ ကျွန်မ ရှင့်ကို ကြောက်တောင် ကြောက်သွားတယ်၊ ရှင့်ရှေ့မှာ ဘာမှတောင် မတွေးရဲတော့ဘူး၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



နေပါဦး . . . . အဲဒီလို Will power ရအောင် ရှင်
ဘယ်လို လေ့ကျင့်ယူခဲ့သလဲဟင်”

စွဲငြိထင်၏ မျက်လုံးတွေက အရောင် ပြောင်းလဲ
သွားကြသည်။ သူ ဖြေနေကျ အဖြေကိုပဲ ရိုးစင်းစွာ အဖြေ
ပေးလိုက်ပါသည်။

“အဲဒီအတွက် ကျွန်တော် တမင်တကာ တကူးတက
လေ့ကျင့်တာမျိုးတော့ မရှိခဲ့ပါဘူး၊ ဒါပေမယ့် တစ်ခု
တော့ ရှိတယ် . . . ကျွန်တော့်အဖေက ကျွန်တော့်ကို
အသက်သုံးနှစ်အရွယ်ကစပြီး သူနဲ့အတူ ဘုရားခန်းမှာ
တရားထိုင်တဲ့ အကျင့်ကို ပုံမှန် လေ့ကျင့်ပေးခဲ့တယ်
ငယ်ငယ်တုန်းကတော့ တစ်နေ့ကို ဆယ့်ငါးမိနစ် ထိုင်
ရတယ်၊ အသက် ပိုကြီးလာတာနဲ့အမျှ မိနစ်တွေ ပိုကြာ
လာတာပေါ့လေ၊ ကျွန်တော် ရှစ်တန်းကျောင်းသား
အရွယ် အသက်ဆယ့်သုံးနှစ်မှာ မနက် တစ်နာရီ ည
တစ်နာရီ တရားထိုင်တတ်တဲ့ အကျင့်တော့ ရှိတယ်





အဲဒီ အကျင့်က မပြစ်မနေ လုပ်ကို လုပ်ရမယ်ဆိုတဲ့
အသိမျိုးနဲ့ကို စွဲနေတာ၊ ပြီးတော့ . . . ကျွန်တော်
သားငါးတွေ မစားဘူး၊ ပဲနဲ့ အသီးအရွက်ပဲစားတယ်၊
ငါးပါးသီလကို တတ်နိုင်သမျှ စောင့်ထိန်းတယ် . . .
အဲဒါပါဘဲ၊ လူတွေရဲ့ စိတ်ကို စပြီး ဖတ်နိုင်ခဲ့တာ
ကျွန်တော် ရှစ်တန်းကျောင်းသားအရွယ်မှာ စရခဲ့တာ
ပါ၊ ဒီနေ့အထိ ကျွန်တော် အဲဒီ Will Power ကို အသုံး
ချပြီး ကျွန်တော့်ကိုယ်ကျိုးအတွက် တစ်ခါမှ မသုံးစွဲခဲ့
ဖူးဘူး၊ ဒီစိတ်စွမ်းအင်နဲ့ လူတွေကို ကူညီပေးတယ်၊
သူတို့ရဲ့ စိတ်ထဲက ဒုက္ခရာအနာတရတွေ၊ ပြဿနာတွေ
ကို ကူညီဖြေရှင်းပေးတယ်၊ အဲဒီအတွက် ဘာအကျိုး
အမြတ်မှ ကျွန်တော် မယူဘူး၊ သူတို့အတွက် ကျွန်တော်
အကြံဉာဏ်တွေ ပေးတယ်၊ ကိုယ်ထိလက်ရောက်
လိုအပ်ရင် ကျွန်တော်တတ်နိုင်သလောက် ကူညီပေး
တယ်၊ အဲဒါထက် မပိုပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူသည် စွဲငြိထင်ကို ဘာကြောင့် အခုလောက် တရှည်တလျား ရှင်းပြနေခဲ့မိသည်မသိ။ စွဲငြိထင်၏ မျက်လုံးတွေဆီမှာ သူ့ကို မယုံကြည်ရိပ်တွေ၊ သံသယတွေ၊ မခိုးမခန့်ဖြစ်နေတာတွေ၊ မထီတရီ ရိပ်တွေ လုံးဝ ကင်းရှင်းပျောက်ကွယ်သွားခဲ့ပြီ။

"ရှင်က သိပ်အံ့သြဖို့ ကောင်းတာပဲနော်၊ ရှင်နဲ့သာ သူငယ်ချင်းဖြစ်ခွင့်ရရင် ကျွန်မ သိပ်ဂုဏ်ယူမိမှာပဲ၊ ကျွန်မတစ်သက်မှာ လူထူးလူဆန်းတစ်ယောက်နဲ့ သူငယ်ချင်း ဖြစ်ခွင့်ရှိဖူးတာပေါ့"

စွဲငြိထင်က ပြုံး၍ပြောသည်။ သူက အနည်းငယ် ရှက်ကိုးရှက်ကန်း ပြုံးလိုက်ရင်း ...

"ကျွန်တော် လူထူးလူဆန်းတစ်ယောက် မဟုတ်ပါဘူးဗျာ၊ သာမန် လူတစ်ယောက်ပါ၊ ကျွန်တော့်ကို လူတွေ မသိစေချင်ဘူး၊ ရိုးရိုးသားသား အေးအေးဆေးဆေး လူတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်၊ ကျော်ကြားရတဲ့...





လူသိများခံရတဲ့ ဘဝဟာ ဘယ်လောက် မလွတ်လပ်သလဲ ... စိတ်ကျဉ်းကျပ်ရသလဲဆိုကာ စွဲငြိထင် အသိဆုံး ဖြစ်မှာပေါ့၊ စွဲငြိထင်က Celebrity တစ်ယောက်ပဲဟာ"

"ဒါပေမယ့် ကျွန်မကတော့ Celebrity တစ်ယောက် ဖြစ်ရတဲ့ ဘဝကို ကျေနပ်တယ် ... သာယာတယ်... ဂုဏ်ယူတယ်၊ ကိုယ့်ရဲ့ ကျော်ကြားမှု အရှိန်အဝါကို ပြန်ခံစားကြည့်ရတာလောက် အရသာရှိတာ မရှိတော့ဘူးလေ၊ လူတွေက ကျွန်မကို ချစ်ကြတာ ... အာရုံစိုက် စိတ်ဝင်စားကြတာကို ကျွန်မ စွဲလမ်းတယ်၊ Celebrity တစ်ယောက် ဖြစ်ရတဲ့အတွက် ကျွန်မ ဘယ်တော့မှ နောင်တမရဘူး၊ ဒီဘဝကို ရောက်အောင် ကျွန်မ အတော်လေး ကြိုးစားခဲ့ရတာ"

စွဲငြိထင်ရဲ့ မျက်ဝန်းကလေးတွေက ရွှန်းလဲ့မြူလက်နေသည်။ ကျော်ကြားမှုရဲ့ အရှိန်အဝါကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် မက်မော သာယာနေမှုန်း ထိုမျက်လုံးကလေးများက အထင်ရှားဆုံး သက်သေပင်။ နှုတ်ခမ်း ဖောင်းဖောင်းအိအိကလေးများက ကျေနပ်စွာ ပြုံးလျက်။ သူသည် သူနှင့် လုံးဝဆန့်ကျင်သော စရိုက်မျိုး ဖြစ်သော်လည်း စွဲငြိထင်ကို သူကောင်းစွာ နားလည်ခံစားလို့ ရပါသည်။ မိန်းကလေးတွေတိုင်းမှာ မကျော်ကြားချင်သူ မရှိသလောက်ဘဲ ထင်ပါရဲ့။ အနည်းဆုံးတော့ သူမတို့ရဲ့ အလှအပအတွက် ကျော်ကြားချင်သည်။

"အင်း . . . ကျွန်မတို့ကိုလည်း ဖတ်ပေးဦးလေ"

ရွှေဆည်းဆာနှင့် မုဒိတာတို့က သူ့ဆီ လက်ကလေးနှစ်ဖက် ဖြန့်လျက် ဗေဒင်ဟောခိုင်းသလို ပုံစံမျိုးဖြင့် ပြုံးစိစိ မျက်နှာပေးကလေးတွေနှင့် ဝိုင်းပြောနေကြသည်။ ကန်တင်းထဲမှာ သူတို့ဝိုင်းဆီ လူတော်တော်များများ စောင့်ကြည့်လျက် ရှိကြသည်ကို သူ သတိထားမိပါသည်။ စွဲငြိထင်ကို စိတ်ဝင်စားကြတာရော . . . အခုတော့ သူ့ကိုပါ စိတ်ဝင်စားတာရော . . . မနာလိုတာရော ပေါင်းပြီး စိတ်ဝင်တစား





အကဲခတ် စပ်စုနေကြခြင်း ဖြစ်သည်။ အထူးသဖြင့် စွဲငြိထင်ရဲ့ လက်နှစ်ဖက်ကို အသားလွတ်ကြီး ဆုပ်ကိုင်ခွင့် ရလိုက်သော . . . နောက်ထပ် နှစ်ယောက်ကလည်း ကြည်ကြည်ဖြူဖြူပင် လက်နှစ်ဖက် ထိုးပေးနေကြသော သူ့ရဲ့ အနေအထားကို ယောကျ်ားလေးတချို့က မနာလို၊ မရှုစိမ့်နိုင်သော အကြည့်များဖြင့် မလိုတမာ စောင့်ကြည့်နေကြသည်။ ထိုခဏမှာ ရွှေပြည်စိုးနှင့် ဖြိုးဝေတို့ ကန်တင်းထဲသို့ ဝင်လာကြသည်။ သူ့ကို စွဲငြိထင်တို့အုပ်စုနှင့် အဖွဲ့ကျနေတာ တွေ့ရသောအခါ မျက်နှာတွေက မချိုမချဉ် ရှင်လန်း ပြုံးချိုသွားကြလျက် . . .

"ဟော့ကောင် . . . ဆန်းစ မင်းက ဒီမှာကိုး၊ ငါတို့က မင်းကို လိုက်ရှာနေတာ"

ဟု ရောတောရှိ လုပ်ကာ ခုံတွေဆွဲပြီး သူတို့စားပွဲမှာ အသီးသီး ဝင်ထိုင်လိုက်ကြသည်။ ပြီးတော့ သူတို့ဘာသာ သူတို့ မိတ်ဆက်နေကြသည်။

"ကျွန်တော်က ရွှေပြည်စိုးပါ . . . သူက ဖြိုးဝေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က အင်္ဂလိပ်စာက၊ မစွဲငြိထင်ကို သိတယ် ကျွန်တော်တို့က မစွဲငြိထင်ကို အရမ်းကြိုက်တာဗျ ဟား. . . ဟား အကြီးစား Fun တွေပါ၊ မစွဲငြိထင်တို့က ကိုရီးယားဘာသာ အတန်းကမှလား၊ ဘာလဲ . . . ကိုရီယားကား ရိုက်စရာရှိလို့ ကိုရီးယားသင်တန်း လာတက်တာလား"

ဟု ရွှန်းရွှန်းဝေဝေပင် စကားရော ဖောရောတွေ လုပ်နေကြသည်။ စွဲငြိထင်က ချိုမြသော အပြုံးကလေးဖြင့် . . .

"မဟုတ်ပါဘူး . . . အခု အနုပညာလောကမှာ ကိုရီးယား ရုပ်ရှင်တွေက တော်တော် လွှမ်းမိုးလာပြီဆိုတော့ ကိုရီးယားရုပ်ရှင်တွေကို လေ့လာချင်တာကြောင့်လည်း ပါတယ်၊ ပြီးတော့ ကျွန်မကိုယ်တိုင်လည်း ကိုရီးယားကို သွားလည်ဖို့ အစီအစဉ် ရှိလို့ပါ၊ ကိုရီးယားဘာသာကို စိတ်ဝင်စားလို့ကို လာသင်တာပါ။ ပြီးတော့ ကျွန်မက တစ်နေ့တစ်နေ့ ကြော်ငြာရိုက်၊ ဗွီဒီယို ရိုက်နဲ့ပဲ





အချိန်တွေ မကုန်ချင်ဘူးလေ၊ ကျောင်းသူဘဝကိုလည်း လိုချင်သေးတယ် . . . အဲဒါကြောင့်"

"မစွဲငြိထင်က Model ကနေ လာတာနော်၊ ကျွန်တော်တို့က မစွဲငြိထင် Model စဖြစ်ကတည်းက အရမ်းစွဲတာ၊ မြန်မာ Model တစ်ယောက်နဲ့ မတူဘဲ နိုင်ငံခြားက Model တွေလို Style ကျပြီး နိုင်ငံတကာ အဆင့်မီတယ်"

"အမလေး . . . တော်ပါတော့၊ စွတ်မြှောက်နေတာပဲ၊ ကဲ . . . မိတ်ဆက်ပေးဦးမယ်၊ ကျွန်မကိုတော့ သိပြီးသားနော်၊ သူက ရွှေဆည်းဆာ . . . သူက မုဒိတာ၊ ကျွန်မတို့က ဆန်းစလရဲ့ အတင်းကို ပယ်ပယ်နှယ်နှယ် အုပ်နေတုန်း သူက ဖြုန်းဆို ရောက်လာတာ၊ သူ ကျွန်မရဲ့ စိတ်ကို ဖတ်တာ အရမ်းမှန်တယ် . . . သိလား၊ အခုတော့ သူငယ်ချင်းတွေ ဖြစ်သွားကြပြီ"

တဒင်္ဂအတွင်းမှာ သူတို့နှစ်ဖွဲ့ တရင်းတနှီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ သူက ရွှေဆည်းဆာနှင့် မုဒိတာတို့ရဲ့ စိတ်တွေကို သူမတို့သဘောကျအောင် ဖတ်ပေးလိုက်သည်။ နှစ်ယောက်စလုံး ထုံးစံအတိုင်း မဆုံးနိုင်သော အံ့အားသင့်မှုတွေနှင့် သူ့ကို တအံ့တသြ ကြည့်ကြသည်။

"ကျွန်မတို့ရဲ့ စိတ်ကို ရှင် ဘယ်လို သိတာလဲဟင်၊ အံ့သြဖို့ ကောင်းလိုက်တာ"

ဟု မရိုးနိုင်သော မေးခွန်းကိုသာ ထပ်တလဲလဲ မေး၍ မဆုံးနိုင်။ သူ ဘာမှ မဖြေတော့။ ဖြေစရာလည်း အဖြေမရှိတော့။ သူ့ကို အထူးအဆန်းကြီးပမာ ဝိုင်းကြည့်လျက်ရှိသော ထိုမိန်းကလေးတွေကို ပြုံးရုံသာ ပြုံးပြလိုက်သည်။

ထိုနေ့က မှတ်မှတ်ရရ သူ့ဘဝဆီသို့ အလွန် လှပ ကျော်ကြားသော မိန်းကလေးတစ်ယောက် စတင်၍ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။ နောက်တစ်နေ့မှာတော့ သူ့ဘဝအတွင်းသို့ အလွန် စိတ်ဝင်စားစရာကောင်းသော ... မိမိကိုယ် မိမိ ပတ်ဝန်းကျင် တစ်ခုလုံးနှင့် အဆက်အသွယ် ဖြတ်ထားခဲ့





သော ... စိတ်မှာ နက်နက်ရှိုင်းရှိုင်း ဒဏ်ရာတစ်ခု ကိန်းဝပ်ခံစားနေရသော နောက်ထပ် မိန်းကလေးတစ်ယောက် တိုက်တိုက်ဆိုင်ဆိုင်ပင် ဝင်ရောက်လာခဲ့ပြန်သည်။ ထိုမိန်းကလေးနှစ်ယောက်ဆီမှာ အလွန်ထူးခြားသော အဆက်အစပ် တစ်ခု ရှိနေခြင်းကို ဒုတိယ မိန်းကလေး၏ စိတ်ကို ဖတ်မိချိန်မှာ သူ သိခွင့်ရလိုက်သည်။ သူတို့ ဆုံတွေ့ခဲ့ကြသည်မှာ ရိုးရိုးကလေးပင်။

✲



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်သို့ ပြန်ရောက်ချိန်မှာ မေမေက ဧည့်ခန်းထဲမှာ ဧည့်သည်တချို့နှင့် စကားပြောလျက်ရှိသည်။ သူ့ကိုမြင်တော့ . . .

“သားရေ . . . လာပါဦး၊ ဒါ မေမေ့မိတ်ဆွေတွေလေ၊ သားနဲ့ တွေ့ချင်လို့ စောင့်နေကြတာ၊ သူတို့မှာ သားကူညီမှဖြစ်မဲ့ ကိစ္စလေးတစ်ခု ရှိနေလို့”

ဟု လှမ်းခေါ်သဖြင့် သူ ဧည့်ခန်းထဲသို့ လှမ်းဝင်လာခဲ့သည်။ မေမေနှင့် ရွယ်တူလောက်ရှိမည့် အန်တီက . . .





“သားရယ် . . . သားက Mind Reader တစ်ယောက်ဆိုတော့ သားကူညီရင် ရမယ် ထင်ပါတယ်၊ ပြီးတော့ သားက စိတ်ဓာတ်ကျနေတာမျိုး . . . စိတ်ဒဏ်ရာရနေတာမျိုးတွေကို ကူညီဖြေရှင်းပေးနိုင်တယ်ဆို၊ အဲဒါကြောင့် အန်တီ့ရဲ့ သမီးလေးကို သားနဲ့ တွေ့ပေးချင်လို့ပါ၊ သမီးက စိတ်ဓာတ်တွေ အရမ်းကျနေတယ်၊ သူ့စိတ်ထဲမှာ ဒဏ်ရာတစ်ခုခုလည်း ရှိနေပုံရတယ်၊ အခုဆိုရင် သမီးက ဘယ်သူနဲ့မှ စကားဟဟ မပြောဖတော့ဘူး၊ တစ်ယောက်တည်း အခန်းအောင်းနေပြီး သူ့ကိုယ်သူ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ဖြတ်ပြီး နေနေတာ တစ်လလောက်ရှိပြီ၊ အဲဒီမတိုင်ခင်က သမီးဟာ အရမ်းပျော်တတ်ပြီး ရွှင်လန်းတက်ကြွနေတဲ့ မိန်းကလေးပါ၊ ဘယ်လိုဖြစ်ပြီး အဲဒီပုံစံ ပြောင်းလဲသွားသလဲဆိုတာ အန်တီတို့ မသိဘူး၊ သိအောင် ကြိုးစားလို့လည်း မရဘူး၊ သမီးက အခန်းထဲကကို မထွက်တော့တာ၊ ဘာစကား



www.burmeseclassic.com

www.burmeseclassic.com



မှုကို မပြောတော့တာဆိုတော့ သူ ဘာဖြစ်နေသလဲ၊ ဘာတွေ ခံစားနေရသလဲ ဆိုတာတွေကို အန်တီတို့ ဘာမှ မသိရဘူး၊ မေးလို့လည်း မရဘူး၊ တစ်နေ့တစ်နေ့ အခန်းထဲမှာအောင်းပြီး စားလိုက် . . . အိပ်လိုက်၊ Video တွေ တစ်ချိန်လုံး ထိုင်ကြည့်လိုက်နဲ့ပဲဆိုတော့ တစ်လအတွင်းမှာ ဝိတ်လည်း တော်တော် တက်လာတယ်၊ အဲဒါ သား ကူညီနိုင်ရင် ကူညီပေးပါဦး သားရယ်၊ သားမေမေနဲ့ အန်တီတို့က သူငယ်ချင်းတွေပါ။ မနေ့ကမှ စကားစပ်မိပြီး သားရဲ့အကြောင်းကို သိရတာ၊ သားမေမေက ပြောတယ် . . . အဲဒီလို စိတ်ဒဏ်ရာရပြီး Depression ဖြစ်နေတဲ့ လူမျိုးတွေဆို သား ကူညီဖြေရှင်းပေးနေကျတဲ့"

ထိုအန်တီက သူ့ကို အားကိုးတကြီးပင် တိုင်တည်ပြောပြနေခြင်း ဖြစ်သည်။ သူလည်း စိတ်ဝင်စားသွားပါသည်။ ထို့ကြောင့် ဟန်ဆောင်၍ပင် မငြင်းပါ။





"ဟုတ်ကဲ့ အန်တီ . . . ကျွန်တော် သူနဲ့ လိုက်ပြီး တွေ့ချင်ပါတယ်၊ ကျွန်တော့်ကို သူ့အကြောင်းတွေ ဘာမှ ကြိုပြောပြမထားပါနဲ့၊ ကျွန်တော့်ဘာသာ သူနဲ့ တွေ့ပြီးမှ သိအောင် လုပ်ပါ့မယ်"

ဟု အဖြေပေးလိုက်သည်။

"ကျေးဇူးတင်လိုက်တာ သားရယ် . . . ဘယ်တော့လောက် လိုက်တွေ့မလဲဟင်"

"ဖြစ်နိုင်ရင် ကျွန်တော် မနက်ဖြန်မနက် ကိုးနာရီလောက် အန်တီတို့အိမ်ကို လာခဲ့ပါ့မယ်၊ ကျွန်တော့်ကို ဘယ်သူဘယ်ဝါဆိုပြီး သူနဲ့ မိတ်ဆက်မပေးစေချင်ဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော် ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ သူ့ကို ချဉ်းကပ်ပါ့မယ်၊ ကျွန်တော့်ကို အန်တီတို့ရဲ့ အိမ်လိပ်စာကလေးသာ ရေးပေးခဲ့ပါ အန်တီ၊ သူ့ကိုလည်း ဘာမှ ကြိုပြောမထားပါနဲ့၊ သူ ဘာမှ ကြိုတင်ပြင်ဆင်ခွင့် မရရင် ပိုကောင်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ တစ်စဆီ ပြန့်ကြဲနေမယ့် အကြောင်းအရာ အပိုင်းအစတွေကို ကျွန်တော် ပို့ပြီး စိတ်ဝင်စားလို့ပါ"

ထိုအန်တီက လိပ်စာရေးပေးခဲ့ကာ ကျေးဇူးတွေ အထပ်ထပ်တင်ပြီး နှုတ်ဆက်ကာ ပြန်သွားသည်။ သူ ရေမိုးချိုး ထမင်းစားပြီး ဘုရားခန်းထဲသို့ တန်းဝင်ကာ တရားထိုင်နေကျ ထုံးစံအတိုင်း တရားထိုင်နေလိုက်သည်။ ဘုရားခန်းထဲမှနေ သူ ပြန်ထွက်လာချိန်မှာ အိမ်ကကောင်မလေးက သူ့ကို သတင်းတစ်ခု လာပို့ပါသည်။

"အစ်ကိုလေး ... အစ်ကိုလေးဆီကို မစွဲငြိထင် ဖုန်းဆက်တယ်၊ မင်းသမီးလေ ... ကျွန်မ သူ့ကို အရမ်းကြိုက်တာ၊ အသံလေးက ချိုနေတာပဲရှင် ... သဘောကောင်းပုံလည်း ရတယ်၊ ကျွန်မက အစ်ကိုလေး တရားထိုင်နေလို့ ပြီးရင် ပြန်ဆက်ခိုင်းလိုက်ပါမယ်လို့ ပြောလိုက်တော့ ဘယ်အချိန်ဖြစ်ဖြစ် ပြန်ဆက်ပါတဲ့၊ ပြောစရာရှိလို့တဲ့၊ အစ်ကိုလေးနဲ့ အရမ်း ခင်သလား





ဟင်"

ဟု အဆက်မပြတ် အသက်မရှူစတမ်းပင် ပြောနေ၏။

"အေး ... ငါတို့ကျောင်းမှာ သူက ကိုရီးယားဘာသာ တက်နေတာ၊ ခင်တာက ဒီနေ့မှ ခင်တာပါ၊ ကဲ ... နင် သူ့ရဲ့ ဓါတ်ပုံ လိုချင်လို့မှလား၊ ပြီးတော့ ... အော်တိုစာအုပ်ထဲမှာ လက်မှတ်ထိုးခိုင်းချင်တယ် မှလား၊ စိတ်ချ ... ငါ မနက်ဖြန် သူနဲ့တွေ့ရင် အဲဒါ တွေအားလုံး တောင်းလာခဲ့ပေးမယ် ... ဟုတ်ပြီလား"

ကောင်မလေး ရှည်ရှည်ဝေးဝေး စကားဆက်မပြောရအောင် သူက အဆုံးသတ်ပေးလိုက်သောအခါ ကောင်မလေးက ခေါင်းကလေးတဆတ်ဆတ် ညိတ်လျက် ...

"ဟုတ်ကဲ့ ... အစ်ကိုလေး၊ အစ်ကိုလေးကလည်း ကျွန်မရဲ့ စိတ်ကို သိနေလိုက်တာ"

ဟု ပြောပြီး ပြန်ထွက်သွားတော့၏။ ဟ်ုသြပုံ



www.burmeseclassic.com

www.burmeseclassic.com



တော့ မရတော့ပါ။ သူနှင့်ပတ်သက်ပြီး အံ့ဩစရာ အဖြစ်အပျက်တွေ အများကြီးကို ထိုမိန်းကလေးက သိခဲ့ပြီးသားဖြစ်သည်။ သူ အခန်းထဲသို့ ပြန်ဝင်လာခဲ့ကာ စွဲငြိထင်ဆီသို့ ဖုန်းခေါ်လိုက်ပါသည်။ စွဲငြိထင်သည် ရုပ်ကလေးကသာ စွဲမက်ဖွယ်အတိ ပြီးသည်မဟုတ် . . . အသံကလေးကလည်း ငြိနေအောင် ချိုမြလှပါသည်။ တစ်ခုပဲ ပြောစရာရှိသည်မှာ သူမဆီမှာ ကိုထင်စွာဆိုသော ချစ်သူတစ်ယောက် ရှိနေခဲ့ခြင်းပင်ဖြစ်သည်။ ချစ်သူရှိနေပြီးသားဖြစ်သော ထိုမိန်းကလေးသည် သူ့ဆီသို့ ဘာဖြစ်လို့ ဖုန်းဆက်တာပါလိမ့်ဟု သူ အနည်းငယ်တော့ စိတ်ဝင်စားသွားမိသည်။ တကယ်တမ်း ဖုန်းပြောဖြစ်သောအခါ စွဲငြိထင်ဆီမှာ သူ့ကို ပြောစရာ အကြောင်း အရာထူးထူးဆန်းဆန်း ရှိမနေပါ။

"သတိရလို့ ဆက်လိုက်တာ"

ဟူသော စကားကလေးနှင့်တင် တခြားအကြောင်းအရာတွေဆီ သူ့ကို ဆွဲခေါ်သွားရင်း အရေမ





အဖတ်မရ စကားတွေ ပြောခဲ့မိသည်မှာ တစ်နာရီကျော်ကျော်ဝင် ကြာမြင့်သွားခဲ့၏။ ထိုနေ့က သူ အိပ်ရာဝင် နောက်ကျခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ကိုးနာရီမထိုးခင် လိပ်စာထဲကအတိုင်း ထိုအိမ်သို့ သူ ရောက်လာခဲ့သည်။ သူ့ကို အဆင်သင့် စောင့်နေဟန်ရှိသော အန်တီနှင့် အန်ကယ်တို့က ဝမ်းသာအားရပင် ကြိုဆိုကြပါသည်။ သူတွေ့ရမည့် မိန်းကလေး၏ နာမည်ကိုပင် သူ မေးမထားပါ။

"ကျွန်တော့်ကို သူရှိနေတဲ့ အခန်းကိုပဲ လိုက်ပို့ပေးပါ အန်တီ၊ အန်တီ အဖော် လိုက်ခဲ့ရင်လည်း ရပါတယ်"

"အန်တီ အခန်းဝကနေ စောင့်နေပါ့မယ်၊ သားကိုမြင်





ရင် သမီးက ဘယ်သူမှန်း ... ဘယ်ဝါမှန်း မသိတော့ ယောကျာ်းတစ်ယောက် သူ့အခန်းထဲ ဝင်လာတယ်ဆိုပြီး ကြောက်သွားမှာကို စိုးရိမ်လို့ပါ"

"အဲဒါဆိုရင် အန်တီ Intro လေးပဲ ဝင်ပေးပါ၊ သူ့အကြောင်းကို အန်တီတို့ ဘာမှ မပြောရသေးဘူး၊ သူ့နာမည်တောင် ကျွန်တော့်ကို ပြောပြမထားဘူးဆိုတာနဲ့ ကျွန်တော်က သူ့ရဲ့စိတ်ကို ဖတ်ပေးမယ့်သူတစ်ယောက်ဆိုတာ သူသိရင် လုံလောက်ပါပြီ အန်တီ"

ထိုအန်တီက သူ့ကို အခန်းတစ်ခုဆီသို့ ဦးဆောင်ခေါ်သွားပါသည်။ အခန်းတံခါးကို နှစ်ချက်ခေါက်ပြီး တွန်းဖွင့်လိုက်သောအခါ သူတွေ့လိုက်ရသည်က အတော်လေးဝသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ Dreamback ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ရင်း လက်ထဲမှာ အာလူးကြော် ပန်းကန်တစ်ချပ်နှင့် အာလူးချောင်းကြော်တွေကို ဝါးရင်း Plasma TV Screen ဆီသို့ သဲကြီးမဲကြီး စိုက်ကြည့်နေသည်။ သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက အရောင်အဆင်း ကင်းမဲ့လျက် စိတ်ဓာတ်အကြီးအကျယ် ကျဆင်းနေသော သူတစ်ယောက်၏ မျှော်လင့်ခြင်း ကင်းမဲ့နေသော မျက်ဝန်းများဖြစ်သည်။ သူမကြည့်နေသည့် ဗွီဒီယိုကားက တိုက်တိုက်ဆိုင်ဆိုင်ပင် စွဲငြိထင်၏ကားဖြစ်နေသည်။ ဗွီဒီယိုထဲမှာ လှချင်တိုင်း လှပကြော့ရှင်းနေသော စွဲငြိထင်က သူမ၏ ကျော်ကြားလှသော ညှို့ပြုံးကလေးနှင့် သရုပ်ဆောင်လျက် ရှိသည်။

"သမီး . . . သမီးကို မေမေ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့၊ သူက Mind Reader တစ်ယောက်ဆိုပါတော့ သမီးရယ်၊ သမီးနဲ့ ပတ်သက်ပြီး သမီးရဲ့ နာမည်ကိုတောင် မေမေ သူ့ကို ဘာမှ ပြောပြမထားဘူး။ သူက သမီးရဲ့စိတ်ကို ဖတ်ကြည့်လိမ့်မယ်၊ ပြီးတော့ သမီးစိတ်ထဲမှာ . . . ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာတွေကို ကူညီဖြေရှင်းပေးလိမ့်မယ်၊ နော် . . . သမီး"

သူမက သူမ၏မေမေကို ယောင်၍ပင် လှည့်





မကြည့်ပါ။ ပါးစပ်က အာလူးချောင်းကြော်တွေ တစ်ချောင်းပြီး တစ်ချောင်း အဆက်မပြတ် ထိုးသွင်းနေလျက် မျက်လုံးများက T.V ဆီမှ မခွာချေ။ သူ အနံတို့ကို မျက်ရိပ်ပြလိုက်တာ . . .

"ကဲ . . . ကျွန်တော် ခင်ဗျားရဲ့ နာမည်ကိုတော့ မသိသေးဘူး၊ ဒါပေမယ့် မကြာခင် သိရမှာပါ၊ ခင်ဗျားရဲ့ စိတ်ထဲမှာ ဘာတွေခံစားနေရသလဲဆိုတာ ကျွန်တော် သိခွင့်ရဖို့ ခင်ဗျားရဲ့ လက်နှစ်ဖက်ကို ခဏလေး ကိုင်ခွင့်ပြုပါနော်"

သူက သူမ၏ လက်နှစ်ဖက်ကို လှမ်းကိုင်လိုက်တော့လည်း သူမက မရုန်းပါ။ တုံ့ကို့ဘာဝေနှင့် ထုံပေပေကြီး လုပ်နေသည်။ သို့သော် သူ့ရဲ့ အာရုံတွေကို စုစည်း စူးစိုက်ကြည့်လိုက်သည့်အချိန်မှာတော့ သူမ၏ စိတ်အတွင်းမှာ ဆူညံလှုပ်ရှားလျက်ရှိသော အသံတွေကို သူ စတင်၍ ကြားရပါသည်။

"ဘာ Mind Reader လဲ၊ လုပ်မနေနဲ့ ဘာပဲပြောပြော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ မယုံတော့ဘူး၊ ဒီလောကမှာ ဘယ်သူ့ကိုမှ ယုံကြည်လို့ မရတော့ဘူး၊ စဉ်းစားကြည့်လေ . . . ကိုယ့်ရဲ့ သူငယ်ချင်းတစ်ယောက်ကတောင် ကိုယ့်ရဲ့ နောက်ကျောကို ဓါးနဲ့ထိုးသွားခဲ့သေးတာ၊ ဘယ်သူ့ကို ယုံကြည်ရတော့မလဲ၊ စွဲငြိထင် . . . စွဲငြိထင် နင်ဟာလေ ရုပ်ကလေးလှသလောက် တော်တော်ရက်စက်တဲ့ မိန်းမ၊ ငါကိုယ်က အစကတည်းက ကြိုသိထားခဲ့ပြီးသားပါ၊ ငါပိုင်ဆိုင်သမျှ အရာအားလုံးကို နင် ဒီလိုပဲ လုလိမ့်မယ်ဆိုတာ ငါ သိပြီးသား၊ အမြဲတမ်းလည်း နင် ငါ့ဆီက လုယူနေခဲ့တာပဲ၊ ငယ်ငယ်တုန်းကတော့ ငါ့ရဲ့ အရုပ်တွေကို နင် လုယူခဲ့တယ်၊ နဲနဲကြီးလာတော့ ငါ့ရဲ့ အဝတ်အစားတွေ . . . နှုတ်ခမ်းနီတွေ . . . ရေမွှေးပုလင်းတွေ . . . အသုံးအဆောင်တွေထဲက နင်ကြိုက်တာမှန်သမျှ လုယူသွားတာချည်းပဲ၊ ဒါကြောင့် ကိုကိုနဲ့ ငါ ချစ်သူတွေ ဖြစ်နေခဲ့တာကိုတောင် နင့်ကို ငါ တမင်





သက်သက် လျှို့ဝှက်ထားခဲ့တာ၊ ဒါပေမယ့် . . . နင့်ရဲ့ Model Show ကို ကိုကိုနဲ့ အတူတွဲပြီး လာကြည့်ခဲ့မိချိန်ကစပြီး ငါ အမှားကြီး မှားသွားတော့တာပဲ၊ နင် ကိုကို့ကို မြင်သွားခဲ့တယ်လေ၊ ကိုကိုကလည်း နင့်ကို မြင်သွားခဲ့တယ်၊ အဲဒီအချိန်ကစပြီး ငါ စိုးရိမ်ခဲ့တဲ့အတိုင်း ဖြစ်ခဲ့တာပဲ၊ နင် ငါ့ဆီကနေ ငါသိပ်ချစ်တဲ့ ငါ့ရဲ့ ကိုကို့ကို မာယာတွေ . . . ပရိယာယ်တွေနဲ့ ဖြားယောင်း သွေးဆောင်ပြီး လုယူသွားခဲ့တော့တာ၊ နင့်ကို ငါ သိပ် မုန်းတယ် စွဲငြိထင် . . . ဘယ်တော့မှ ခွင့်မလွှတ်ဘူး . . . သိလား၊ ငါ သိပ်ချစ်တဲ့ ငါ့ရဲ့ချစ်သူကို ငါ့ရင်ခွင်ထဲကနေ နင် ဆွဲထုတ်လုယူသွားခဲ့ပြီးတဲ့နောက်မှာ ငါ့ရင်ထဲမှာ ဘာမှ မရှိတော့ဘူး၊ ငါ့ဘဝတစ်ခုလုံးလည်း အဓိပ္ပါယ် မရှိတော့ဘူး၊ ကိုကို့ကို ငါ သိပ်ချစ်တယ်၊ ဒါပေမယ့် . . . ငါ ဆုံးရှုံးခဲ့ရပြီ၊ ငါ့မှာ ဘာမှ လုပ်စရာ မရှိတော့သလိုပဲ၊ လူတွေနဲ့လည်း မပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ဘူး၊ လူတွေကိုလည်း စကားပြောချင်စိတ် မရှိတော့ဘူး၊ ငါ အရှုံးကြီး ရှုံးခဲ့ပြီးပါပြီ၊ နင်ကတော့ အခုလောက်ဆို အပျော်ကြီး ပျော်နေလောက်ရောပေါ့၊ ကျေနပ်ချင်တိုင်း ကျေနပ်နေလောက်ရောပေါ့၊ နင်ဖြစ်စေချင်တာ အဲဒါပဲ မဟုတ်လား၊ ငါ ကျဆုံးတာကို နင် မြင်ချင်တယ် မဟုတ်လား၊ အဲဒီမှာ စိတ်တိုင်းကျ အားရပါးရသာ ပျော်ပေတော့ စွဲငြိထင်၊ ငါ့ဘဝတစ်ခုလုံး ရစရာမရှိအောင် . . . စုတ်ပြတ်သတ် ကြေမွသွားအောင် နင် လှည့်စားခဲ့တာကို ငါ ဘယ်တော့မှ မမေ့ဘူး. . . သိလား"

သူ သူမ၏ လက်နှစ်ဖက်ကို ဖြုန်းခနဲ ပြန်လွှတ်လိုက်သည်။ ထို့နောက် သူမ၏ မျက်ဝန်းတွေကို မရ ရအောင် စိုက်ကြည့်လျက် . . .

"ကိုယ့်မျက်ဝန်းတွေထဲ မင်း တစ်ချက် စိုက်ကြည့်လိုက်ပါ ယသော်၊ မင်းရဲ့ချစ်သူဟာ ကိုထင်စွာ မဟုတ်လား၊





မင်းရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာဟာ ကိုယ့်ချစ်သူကို စွဲငြိထင်က လှလှပပကလေး သိမ်းသွင်းဆွဲဆောင်လုယူသွားခဲ့လို့ မဟုတ်လား၊ တကယ်တော့ အသည်းကွဲသွားရုံနဲ့ ဘဝတစ်ခုလုံး အဓိပ္ပါယ် မရှိတော့သလို အရှုံးပေးလိုက်တာဟာ သိပ်ဆိုးတာပေါ့၊ မင်း ဘာဖြစ်လို့ စွဲငြိထင်ကို လက်မြှောက်အရှုံးပေးလိုက်ရတာလဲ၊ မင်းရဲ့ ချစ်သူကို မင်း တကယ် သိပ်ချစ်တယ်ဆိုရင် သူ့ဆီကနေ မင်းဆီကို ပြန်ရောက်လာအောင် မင်း ပြန်ပြီး သိမ်းသွင်းဆွဲဆောင်ယူရမှာပေါ့၊ ဘာဖြစ်လို့ ကိုယ့်ဘဝကို အခုလို ဖျက်ဆီးချင်တိုင်း ဖျက်ဆီးပစ်နေရတာလဲ၊ မင်း သိပ်မှားတာပေါ့"

သူ့စကားကြောင့် ယသော်၏ မျက်ဝန်းတွေ ချာချာလည်ကာ ဝိုင်းစက်သွား၏။

"ရှင် ဘယ်လိုလုပ်သိတာလဲ၊ ကျွန်မနာမည်နဲ့ ကိုကို့နာမည်ကို ရှင် ဘယ်လိုလုပ်ပြီး သိနေရတာလဲ၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ . . . စွဲငြိထင် လွှတ်လိုက်တဲ့သူလား၊ စွဲငြိထင်နဲ့ရော ဘယ်လို ပတ်သက်နေလဲ၊ ရှင်ကရော သူ့ရဲ့ရည်းစားတွေ အများကြီးထဲက တစ်ယောက် အပါအဝင်ပဲလား"

သူမက အဆက်မပြတ် မေးခွန်းတွေ ထုတ်နေ၏။ သူ အသာအယာပင် ပြုံးလိုက်ကာ . . .

"မင်းရဲ့စိတ်ထဲမှာ စွဲငြိထင်ကို ဘယ်လောက်တောင် မုန်းနေသလဲဆိုတာ ကိုယ် မှန်းဆကြည့်လို့ ရပါတယ်၊ မင်း အလုပ်သင့်ဆုံး အလုပ်တစ်ခုကို ကိုယ်ပြောပြမယ်၊ ဘယ်တော့မှ အရှုံးမပေးပါနဲ့၊ သူတစ်ပါးက မင်းကို တွန်းလိုက်လို့ မတော်တဆ မင်း လဲကျသွားခဲ့တယ်ဆိုရင်တောင် အဲဒါဟာ မင်း ရှုံးသွားတာ မဟုတ်ပါဘူး၊ မင်းမှာ နောက်တစ်ကြိမ် ပြန်ထခွင့် . . . မတ်မတ်ရပ်နိုင်အောင် ပြန်ကြိုးစားခွင့် အပြည့်အဝ ရှိပြီးသားပါ၊ အဲဒါအပြင် မင်းကို အနိုင်ကျင့် ဗိုလ်ကျသွားတဲ့ အဲဒီ





လူအပေါ် ပြန်ပြီး အနိုင်ယူနိုင်စွမ်းလည်း မင်းမှာ ရှိပြီးသားပါ၊ အဲဒီ စွမ်းအင်တွေကို ထုတ်မသုံးဘဲ ကိုယ့်ကိုယ်ကို ဖျက်ဆီးမြှုပ်နှံပစ်လိုက်ရင်တော့ မင်းဘဝလောက် နှမြောစရာကောင်းတာ မရှိတော့ဘူး ယသော်၊ မင်းဟာ အဆုံးအစမဲ့တဲ့ ခပ်တုံးတုံး မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး၊ မင်း ဒီလိုပုံစံကြီးနဲ့ ဘယ်လောက်အထိ ဆက်နေနေမှာလဲ၊ အခုလို အခန်းအောင်းပြီး ပတ်ဝန်းကျင် တစ်ခုလုံးနဲ့ အဆက်အသွယ် ဖြတ်ထားလိုက်တော့ ရော မင်း ရှုံးသွားခဲ့တဲ့ အရှုံးကနေ ပြန်နိုင်လာစရာ အကြောင်း ရှိလို့လား၊ မင်းမှာ လုပ်စရာတွေ အများကြီး၊ အနည်းဆုံးတော့ မင်းရဲ့ချစ်သူကို မင်းဘက် ပြန်ပါလာအောင် ဆွဲဆောင်စည်းရုံးနိုင်ရမယ်၊ အခုလို အရှုံးပေးလိုက်တာဟာ မင်းကို အနိုင်ယူသွားတဲ့သူအတွက် ကျေနပ်စရာပေါ့၊ မင်းက ကိုယ့်ရန်သူကို ကျေနပ်စေချင်လို့လား၊ မင်းမှာ သတ္တိမရှိဘူးလား . . . အင်အား



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလား၊ စွဲငြိထင်ကို မျက်နှာချင်းဆိုင်ပြီး သူ့ မျက်လုံးတွေထဲ တည့်တည့်စိုက်ကြည့်ပြီး သိပ်လှတဲ့ အပြုံးကလေးတစ်ခု ပြုံးမပြချင်ဘူးလား၊ ပြီးတော့ မင်းရဲ့ချစ်သူကို သူ လုယူသွားတယ်လို့ မင်း ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ပါဘူးလို့ ချိုချိုကလေး ပြန်မပြောချင်ဘူးလား၊ စွဲငြိထင်က မင်းအပေါ်မှာ အခုလောက်ဆို အထင်သေးနေရောပေါ့၊ သူ့ မျှော်လင့်မထားတဲ့ ပုံစံတစ်မျိုးနဲ့ သူ့ကိုပြန်ပြီး ရင်ဆိုင်ချင်စိတ် မရှိဘူးလား"

ယသော်က သူ့ရဲ့စကားတွေကို စိတ်ဝင်တစားအာရုံစူးစိုက်ကာ နားထောင်နေလျက် . . .

"ကျွန်မက ဘာလုပ်ရမှာလဲ၊ ကျွန်မ ဘာမှ လုပ်ချင်စိတ်မရှိတော့ဘူး၊ ကိုကို့ကို သူ လုယူသွားပြီးကတည်းက ကျွန်မ အရှုံးကြီး ရှုံးခဲ့ပြီးသား၊ ဘာမှ လုပ်ချင်စိတ်ကို မရှိတော့တာ"

"အဲဒါ . . . မင်း မှားတာပေါ့၊ လူတစ်ယောက်ရဲ့





ဘဝမှာ အရှုံးကြီးရှုံးတယ်ဆိုတာ မရှိပါဘူး၊ ခဏတစ်ဖြုတ် အဆင်မပြေတာလေးပဲ ရှိမှာပါ၊ အဲဒီအချိန်မှာ ကိုယ်က အရင်ရှိနေတဲ့ အင်အားထက် နှစ်ဆသုံးပြီး ပိုကြိုးစားရုန်းကန်ပစ်ရမှာ၊ အရှုံးပေးပြီး မင်းဘဝကို မင်း ပြန်ပြီး ဖျက်ဆီးနေလို့ကတော့ ကိုယ့်ရဲ့ရန်သူအတွက် ပိုကျေနပ်စရာပေါ့၊ ကဲ . . . ကိုယ် မင်းကို မေးခွန်းတစ်ခုပဲ မေးမယ်၊ မင်း . . . မင်းရဲ့ချစ်သူကို ပြန်မလိုချင်ဘူးလား"

သူ့မေးခွန်းကြောင့် အရောင်အဆင်း ကင်းမဲ့လျက်ရှိသော ယသော်၏ မျက်ဝန်းတွေထဲမှာ မျှော်လင့်ရိပ်ကလေးတွေ လင်းခနဲ ပြိုးပြက်သွားတာကို သူ မြင်လိုက်ရ၏။

"ပြန်ရမယ်ဆိုရင် ပြန်လိုချင်တာပေါ့ . . . ဒါပေမယ့် ကျွန်မရဲ့ ချစ်သူက စွဲငြိထင်မှ စွဲငြိထင် ဖြစ်နေပြီ၊ အခု သူတို့ ချစ်သူတွေ ဖြစ်သွားကြပြီ၊ ကျွန်မကို ရက်ရက်စက်စက်ကြီး အဆက်ဖြတ်သွားပြီးမှ သူက ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျွန်မဆီ ပြန်လာရမှာလဲ"

ယသော့်မျက်နှာကလေးက ကြေကွဲနာကျင်ရိပ်တွေ လွှမ်းလျက် မျက်လုံးတွေထဲမှာ မျက်ရည်တွေ ပြည့်အိုင်လာသည်။

"ကိုယ်လိုချင်တာ ဒီအဖြေမဟုတ်ဘူးလေ၊ ကိုယ်မေးနေတာ ရှင်းရှင်းလေး၊ မင်း . . . မင်းရဲ့ချစ်သူကို မင်းဆီ ပြန်လာအောင် ပြန်မခေါ်ချင်ဘူးလား ဆိုတာပဲဖြေ"

"အင်း . . . ကျွန်မ သူ့ကို ပြန်လာစေချင်တယ်"

"အိုကေ . . . ကိုယ်လိုချင်တာ ဒါပဲ၊ အဲဒါဆိုရင် မင်းဘာလုပ်သင့်သလဲဆိုတာ ကိုယ် မင်းကို အကြံပေးမယ်၊ မင်းရဲ့ချစ်သူ စွဲငြိထင်နောက် ဘာဖြစ်လို့ ပါသွားသလဲ ဆိုတာ မင်း သိသလား"

ယသော်က မျက်ဝန်းများကို နာကြည်းစွာ မှေးကျဉ်းပစ်လိုက်ရင်း . . .

"သူက အရမ်းလှလို့ပေါ့၊ ကျွန်မထက် အဆပေါင်းများ





စွာ ပိုပြီး ဆွဲဆောင်မှုရှိလို့ပေါ့၊ ပြီးတော့ သူက ညို့ဓါတ် ပြင်းတယ်၊ ကိုကို့ကိုမှ မဟုတ်ဘူး . . . ယောကျ်ားတကာကို သူ ညို့တတ်တာ"

"မင်းလည်း သာမန်မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး ယသော်၊ မင်းဆီမှာ အလှအပတွေ ရှိပါတယ်၊ အဲဒီအလှအပတွေကို မင်းက ထုတ်မသုံးတတ်လို့ပါ၊ တကယ်တော့ မိန်းကလေးတိုင်း လှကြတာချည်းပဲ၊ ကိုယ့်ရဲ့အလှကို ပေါ်လွင်ထင်ရှားအောင်၊ လူသိအောင် ထုတ်မသုံးတတ်တာပဲ ကွာခြားသွားတာပါ၊ မင်းပြောသလို စွဲငြိထင်က သူ့ရဲ့အလှကို လူတိုင်းသိအောင် အသုံးချတတ်တယ် . . . ညို့တတ်တယ်၊ မင်းလည်း သူ့လို မလှချင်ဘူးလား၊ မင်းရဲ့ အလှတွေနဲ့ မင်းရဲ့ချစ်သူကို မညို့မြူချင်ဘူးလား"

ယသော့်၏ မျက်နှာကလေးမှာ ချက်ချင်းပင် သွေးရောင် ပြန်လွှမ်းလာသည်။ သူမ၏ နှုတ်ခမ်းကလေးဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှက်ပြုံးရိပ်ကလေး ခိုတွယ်လာကာ . . .

"ဟင့်အင်း . . . ကျွန်မကတော့ ကျွန်မကိုယ် ကျွန်မ လှတယ်လို့ မထင်ဘူး၊ အခုဆို ဖက်တီးပုပ်ကြီးတောင် ဖြစ်နေပြီ၊ ဘယ်လိုလုပ်ပြီး ကိုကိုက ပြန်ကြိုက်တော့မှာ လဲ၊ ကိုကိုက အလှအပ အရမ်းကြိုက်တာ"

"အဲဒါ မင်းကိုယ်မင်း ယုံကြည်စိတ်ချမှု မရှိတာကို ပြတာပဲ၊ မင်း ကိုယ့်ကိုယ်ကို လှအောင် ပြန်ပြုပြင်ရမှာ ပေါ့၊ ဒီနေ့ကစပြီး မင်းရဲ့စိတ်ဓာတ်ကျနေတာတွေကို လွှင့်ပစ်လိုက်၊ ဘာကိုမှ မတွေးနဲ့၊ မင်းအတွက် ကိုယ် Personal Trainer တစ်ယောက် ငှားပေးမယ်၊ သူနဲ့ မင်း လေ့ကျင့်ရမယ်၊ မင်းရဲ့ ဘောဒီဝိတ်ကို ချပစ်ရ မယ်၊ ပြီးတော့ . . . စွဲငြိုထင်ထက် သာအောင် မင်း ကိုယ်မင်း အလှဆင်ရမယ်၊ မင်းရဲ့ချစ်သူ ဘာကြိုက်သ လဲဆိုတာ မင်း သိနေပြီးသားပဲ၊ အလှကြိုက်တဲ့ လူတစ် ယောက်ကို အလှအပနဲ့ ပြန်ပြီး ဖြားယောင်းသိမ်းသွင်း





ဖို့ဆိုတာ လွယ်လွယ်ကလေးပါ၊ အရေးကြီးတဲ့ အချက်က မင်းကိုယ်မင်း သိပ်လှတယ်ဆိုတဲ့ ယုံကြည်မှု ရှိနေဖို့ပဲ၊ တကယ်တော့ ကိုယ့်အထင်ပြောရရင် မင်းကတောင် စွဲငြိုထင်ထက် ပိုလှဦးမှာပါ၊ ဒါပေမယ့် မင်းကိုယ်မင်း မယုံကြည် စိတ်မချမှုတွေက မင်းရဲ့ အလှအပတွေကို ဖုံးထားတာ၊ ပြီးတော့ မင်းက စွဲငြိုထင်ကို လုံးဝကြီး အရှုံးပေးထားခဲ့တာ၊ အဲဒါတွေက မင်းရဲ့အလှတွေကို ဖုံးကွယ်ထားတာပဲ၊ မနက်ဖြန်ကစပြီး မင်း လူသစ်စိတ် သစ်နဲ့ ဘဝသစ်တစ်ခုကို မဖန်တီးချင်ဘူးလား၊ မင်း ကိုယ့်ကို ယုံကြည်တယ်ဆိုရင် ကိုယ်ပေးတဲ့ အကြံဉာဏ် တွေ . . . စိတ်ကူးတွေအတိုင်း လိုက်လုပ်ပါ့မယ်လို့ ကတိမပေးနိုင်ဘူးလား"

ယသော်၏ မျက်ဝန်းတွေ အရောင် ပြောင်းလဲစ ပြုလာပြီ။ သူ့ကို လှမ်းကြည့်သော မျက်ဝန်းတွေဆီမှာ ယုံကြည်မှုနှင့် အားကိုးလိုမှုကို တွေ့ရ၏။ သူမက ခေါင်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် မသိမသာညိတ်ကာ . . .

"ကျွန်မ ကတိပေးပါတယ် . . . ကိုကိုကိုသာ ပြန်ရမယ်ဆိုရင် ရှင့်ရဲ့စကားကို ကျွန်မ နားထောင်မှာပါ၊ ရှင်ပေးတဲ့ အကြံဉာဏ်ကိုလည်း တသဝေမတိမ်း လိုက်နာမှာပါ"

"အိုကေ . . . ဒါပဲပေါ့၊ မင်း စွဲငြိထင်ကို ပြန်ပြီး အနိုင်ယူရမယ်၊ မနက်ဖြန်ကစပြီး မင်းကိုယ်မင်း လုံးဝ ပြောင်းလဲပစ်ရမယ်၊ ကိုယ့်မှာ Trainer တစ်ယောက် အသိရှိတယ်၊ သူက အလှမယ်ဟောင်း တစ်ယောက်ပေါ့၊ အခုတော့ မယ်တွေအတွက် သင်တန်းပေးနေတယ်၊ သူ့သင်တန်းမှာ သွားတက်ရင်လည်းရတယ်၊ ဒါမှမဟုတ် သူနဲ့ နှစ်ယောက်တည်း သီးသန့် အချိန်ယူပြီး လေ့ကျင့်ရင်လည်း ရတယ်၊ မင်းရဲ့ ဒီဘော်ဒီကို တော်တော်လေး ပြန်ချယူရမှာဆိုတော့ အပြင်းအထန်တော့ မင်း ကြိုးစားရလိမ့်မယ်၊ မင်း လုပ်နိုင်တယ်မှုလား၊ မင်းခေါင်းထဲ





မှာ တစ်ခုပဲ ထည့်ထားလိုက်၊ စွဲငြိထင်ကို မင်း ပြန်ပြီးတော့ အနိုင်ယူမယ်ဆိုတဲ့ အသိပေါ့၊ အဲဒါဆိုရင် အဲဒီအတွေးက မင်းအတွက် ခွန်အားပဲ"

"ရှင့်ကို ကျွန်မ ကျေးဇူးတင်လိုက်တာ၊ မနေ့ကအထိ ကျွန်မကိုယ်ကျွန်မ ဘာမှန်း မသိတော့လောက်အောင် ပျောက်ဆုံးနေခဲ့တာ၊ အခုတော့ ကျွန်မရဲ့ ဘဝအသစ်တစ်ခုကို လှမ်းပြီး တွေ့လိုက်ရသလိုပဲ၊ ကျွန်မ တကယ်အောင်မြင်မှာပါနော်"

"အဲဒါ အရေးအကြီးဆုံးပဲ၊ မင်းကိုယ်မင်း ယုံကြည်မှုအပြည့်အဝ ထည့်ထားရမယ်၊ ဖြစ်နိုင်ပါ့မလား . . . မဖြစ်နိုင်ပါဘူးဆိုတဲ့ အတွေးတွေကို ဒီနေ့ကစပြီး ယောင်လို့တောင် မတွေးနဲ့၊ မင်းရဲ့ရည်ရွယ်ချက်က တစ်ခုတည်းပဲ ရှိတယ်၊ မင်းရဲ့ချစ်သူကို မင်းဆီ ပြန်လာအောင် ဆွဲဆောင်သိမ်းသွင်းဖို့ပဲ၊ အဲဒီအတွက် မင်းရဲ့ အစွမ်းအစတွေ အားလုံးကို ထုတ်သုံးရလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား . . .”

ယသော်က သူ့ကို တစ်ချက်ပြုံးပြပါသည်။ ထိုအပြုံးက စောစောက သူ စတွေ့လိုက်ရသော ထုံပေပေ၊ အေးတိအေးစက်နှင့် စိတ်ဓာတ်အကြီးအကျယ် ကျနေသော မိန်းမတစ်ယောက်နှင့်ပင် မတူတော့ချေ။ မျှော်လင့်ချက်များနှင့် ဘဝအသစ် တစ်ခုဆီသို့ လှမ်းမျှော်ကြည့်နေသော တက်ကြွထက်သန်လာသည့် မိန်းကလေးအသစ်တစ်ယောက်အဖြစ် ယသော်ကို သူ မြင်လိုက်ရသည်။

“ကောင်းပြီ . . . ကိုယ်တို့ရဲ့ စီမံကိန်းကို မနက်ဖြန်ကစပြီး အကောင်အထည် ဖော်ကြတာပေါ့ . . . အခုတော့ ကိုယ့်ကို ခွင့်ပြုဦး”

သူ ယသော်ကို နှုတ်ဆက်ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့စဉ် ယသော့်ဆီက . . .

“ခဏလေးနေဦးလေ . . . ရှင့်နာမည်ကို ကျွန်မ မသိရသေးဘူး”





ဟု လှမ်းမေးသဖြင့် သူ ယသော့်ကို ပြန်လှည့်ကြည့်ကာ ပြုံး၍ အဖြေပေးလိုက်သည်။

“ကိုယ့်နာမည် ဆန်းစလပါ . . .”



www.burmeseclassic.com

www.burmeseclassic.com







၁

## အခန်း . . . (၃)

'ဆန်းစလ' . . .။ နာမည်က ထူးဆန်းလိုက်တာဟု ယသော်သွင်က တွေးမိရင်း ကိုယ့်ကိုယ်ကို မှန်ထဲသို့ ပထမဆုံးအကြိမ် မျှော်လင့်ခြင်းဖြင့် လှမ်းကြည့်လိုက်မိသည်။ တကယ်ဆို မင်းက ဒွဲပြီထင်ထက်တောင် ပိုလှသေးတယ်ဟူသော သူပြောခဲ့သည့် စကားသံကလေးက ယသော့်ရဲ့ နားထဲသို့ ချိုမြစွာ စီးဝင်လာသည်။ အခုလို ကြည်ကြည်နူးနူး မပြုံးမိတာ ဘယ်လောက်ကြာပြီလဲ။ မှတ်မှတ်ရရ ကိုကိုနှင့် လုံးဝ အဆက်အသွယ် ပြတ်သွားကတည်းက ဖြစ်သည်။ ကိုကို့ကို ဆုံးရှုံးလိုက်ရပြီဟု ဆို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရချိန်တွင် ယသော်သည် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိလောက်အောင် တုန်လှုပ်သွေးပျက်သွားခဲ့ဖူးသည်။ အထူးသဖြင့် ယသော် အတန်တန် တားမြစ်နေခဲ့သည့်ကြားမှ စွဲငြိထင်၏နောက်သို့ ကောက်ကောက်ပါအောင် ကိုကို လိုက်ပါသွားခြင်းသည် ယသော့်ကို နာလန်မထူနိုင်အောင် အရှိက်တည့်တည့်ဆီသို့ တွန်းကန်ပစ်ခဲ့သလိုပင် ယသော့်ဘဝတစ်ခုလုံး အစိပ္ပါယ် မဲ့သွားခဲ့ရသည်။ ထိုအကြောင်းတွေကို ဘယ်တော့မှ ပြန်မတွေးချင်တော့သော်လည်း ဒီနေ့တော့ ယသော်သည် ထူးထူးဆန်းဆန်းပင် ပြန်တွေးမိသည်။ ပြန်တွေးရဲလောက်အောင် သတ္တိတစ်မျိုးကို ဘယ်သူက ထည့်သွင်းသွားခဲ့တာပါလိမ့်။ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ဆန်းစလဆိုသော လူထူးလူဆန်းတစ်ယောက် ဖြစ်သည်။ သူက အံ့သြစရာကောင်းလောက်အောင် ယသော့်စိတ်ထဲက အတွေးတွေကို ဖတ်ပြနိုင်ခဲ့သည်။ ထိုအချက် တစ်ချက်တည်းနှင့်ပင် ယသော်သည် သူ့အပေါ် လုံးဝ ယုံကြည် အားကိုးမိသွားခဲ့ခြင်း





ဖြစ်သည်။ ပြီးတော့ . . . သူ ပြောခဲ့တဲ့ စကားတွေ ဘယ်လောက် အင်အားရှိပြီး ရဲရင့်စေတဲ့ စကားတွေပါလဲ။ ယသော် မတွေးဖြစ်သော အချက်အလက် တချို့ကို သူက မီးမောင်းထိုးပြသွားခဲ့သလိုပင်။

ဟုတ်သားပဲ . . .။ ချစ်သူတစ်ယောက်ကို ဆုံးရှုံးလိုက်ရရုံနဲ့ ယသော့်ဘဝကြီး တစ်ခုလုံးကို ပျက်ဆီးဆုံးရှုံးသွားရတာမှ မဟုတ်တာ။ ယသော့်မှာ ဒုတိယအကြိမ်ဆိုတဲ့ အခွင့်အရေး ရှိနေသားပဲ။ ယသော် ဘာဖြစ်လို့ ပြန်မကြိုးစားပြနိုင်ရမှာလဲ။ ယသော် ကိုကို့ကို ချစ်သည်။ ထိုအချစ် တစ်ခုတည်းနှင့်ပင် စွဲငြိထင်၏ လက်ထဲမှ ကိုကို့ကို ယသော့်ဆီသို့ ပြန်လည်ဆွဲခေါ်ယူရမည်။ ကြည့်စမ်း . . . ထိုအတွေးကို လွန်ခဲ့သော တစ်လလောက်က ယသော် ဘာဖြစ်လို့ မဖတွေးခဲ့မိရတာပါလိမ့်။ ကိုကို့ကို ဆုံးရှုံးလိုက်ရပြီးချိန်တွင် ယသော်သည် အားလုံးကို အရှုံးပေးလက်မြှောက်ကာ စိတ်ဓာတ်တွေ အကြီးအကျယ် ပြိုယိုင်လဲလျက် အခန်းအောင်းကာ တစ်ယောက်တည်း ကျိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အသည်းကွဲနေခဲ့မိသည်။ အထူးသဖြင့် ကိုယ့်အပေါ် ရက်ရက်စက်စက် အနိုင်ယူ ဗိုလ်ကျသွားခဲ့သော စွဲငြိထင်ကို စိတ်ထဲကနေ နာကြည်းမုန်းတီးစွာ . . . ခွင့်မလွှတ်နိုင်စွာဖြင့် သူ့ရဲ့ Video ကားတွေကို တစ်ကားပြီးတစ်ကား အဆက်မပြတ် ကြည့်ရင်း ရင်ထဲက အငြိုးအမျက်တွေကို မျိုသိပ် သိမ်းဆည်း နေခဲ့မိသည်။ ဘယ်လောက် မှားလိုက်သလဲလို့။

တကယ်တော့ ယသော်နှင့် စွဲငြိထင်သည် ငယ် ငယ်ကတည်းက တစ်တွဲတွဲ ပေါင်းခဲ့ကြသော သူငယ်ချင်းတွေ ဖြစ်သည်။ သူငယ်ချင်းတွေဆိုသော်လည်း တစ်ယောက်နှင့်တစ် ယောက် တွေ့လိုက်လျှင် ဖက်လဲတကင်း ပြုံးရယ်ဟန်ဆောင်စွာ ပေါင်းသင်းတတ်ကြသော်လည်း တစ်ယောက်ကိုတစ်ယောက် ချစ်လှပါချည့်ရဲ့ဆိုသော သူငယ်ချင်းမျိုးတော့ မဟုတ်ချေ။ သို့သော် . . . တွေ့လိုက်လျှင်တော့ ဖက်လဲတကင်း အူလှိုက် သည်းလှိုက် ဆက်ဆံတတ်ကြမြဲ။ သို့သော် စွဲငြိထင်၏ ညဉ့်ဆိုး ကလေးက ယသော့်အပေါ်မှာ ဟိုးယခင်ကတည်းက အနိုင်ယူ





ဗိုလ်ကျတတ်သော အကျင့်ကလေးပင်။ ယသော် ပိုင်ဆိုင်သမျှ ဆိုလျှင် စွဲငြိထင်က အကုန် ပိုင်ဆိုင်ချင်တတ်မြဲ။ ယသော့်ဆီက သူမ ဘာကိုမဆို လိုချင်တာရှိလျှင် ပြောင်ပြောင်တင်းတင်းပင် ဖွင့်ပြောတောင်းယူတတ်သူ ဖြစ်သည်။ ယသော်ကလည်း သဘောလွယ်တတ်သူမို့ စွဲငြိထင် ပြောင်ဖွင့်တောင်းတိုင်း မငြင်းဆန်ရက်ဘဲ နှမြောသော်လည်း ပေးမိမြဲတည်း။ တောင်း တိုင်း ရဖန်များလာတော့ စွဲငြိထင်က ယသော့်ဆီကနေ ဘာကို မဆို တောင်းယူဖို့ ဝန်မလေးတတ်တော့သလိုပင်။

တက္ကသိုလ်တက်ကြတော့လည်း အတူတူ တတွဲ တွဲ မခွဲမခွာတော့ ရှိပါရဲ့။ သို့သော် . . . ကိုကိုနှင့် ဆုံမိသည် မှာ ကျောင်းရဲ့ အပြင်ဘက်မှာ ဖြစ်သည်။ ကိုကိုက ဆရာဝန် တစ်ယောက်ဖြစ်သည်။ ပြီးတော့ ကိုယ်ပိုင် ဆေးခန်းကြီးတစ်ခု လည်း ဖွင့်ထားသေးသော လူချမ်းသာတစ်ယောက်လည်း ဖြစ် သေးသည်။ ကိုကိုနှင့် ယသော်တို့ ဆုံစည်းမိခဲ့ကြသည်မှာ ရိုးရိုး ဘလေးပင်။ ကိုကိုက ယသော်တို့ရဲ့ မေမေ နေမကောင်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းသွားပြရင်း ကိုကိုနှင့် ဆုံမိကြတာ ဖြစ်သည်။ ကိုကိုက ရိုးရိုးစင်းစင်း အပြစ်ကင်းစင် ကြည်လင်သော ယသော်ရဲ့ မျက်နှာကလေးကို မြင်မြင်ချင်းပင် သဘောကျ စွဲလမ်းခဲ့ရ သည်ဟု နောက်တော့ ပြန်လည်၍ ပြောပြခဲ့ပါသည်။ ကိုကို ယသော့်အိမ်သို့ ဝင်ထွက်လည်ပတ်နေသည်ကို ယသော်က စွဲငြိထင်အား ယောင်၍ပင် ဖွင့်ပြောမပြခဲ့။ အလိုလိုနေရင်းပင် ကိုကို့ကို စွဲငြိထင်၏ လက်သို့ ပါမသွားဖို့အရေး ကာကွယ်ရမည် ဆိုသော အသိက ယသော့်ရင်ထဲတွင် ထိုအချိန်ကတည်းက ကိန်းအောင်းခဲ့ပြီးသားပင်။

သိပ်မကြာခင်မှာ ကိုကိုက ယသော့်ကို Propose လုပ်ခဲ့ပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ယသော့်မှာ ဟန်ဆောင်အမူပိုနေဖို့ အချိန်ပင် မရှိခဲ့။ ဝမ်းသာအားရပင် ကိုကို့ရဲ့ အချစ်ကို ပြန်လည် လက်ခံခဲ့တာ ဖြစ်သည်။ ယသော် တို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားချိန်အထိ ယသော်သည် ယသော့်မှာ ချစ်သူရှိနေတယ်ဆိုတာကို စွဲငြိထင်အား လျှို့ဝှက်





ချက်တစ်ခုလိုပင် ဖုံးကွယ်ထားခဲ့မိသည်။ ကိုကိုနှင့် နှစ်ယောက်တည်း လျှောက်သွားလျှင်တောင်မှ စွဲငြိထင်နှင့် မဆုံမိအောင် ရှောင်ရှားလေ့ရှိသည်။

တစ်နေ့တော့ တိုက်တိုက်ဆိုင်ဆိုင်ပင် စွဲငြိထင်၏ Model Show သို့ ကိုကိုနှင့်အတူတူ သွားကြည့်ခဲ့မိသည်။ အမှတ်တမဲ့ပင် သွားကြည့်ခဲ့မိသည်။ ထိုအချိန်က ကိုကို စွဲငြိထင်ကို သတိမထားမိပါစေနဲ့တု တိတ်တဆိတ် ဆုတောင်းနေခဲ့မိသလို စွဲငြိထင်ကလည်း ကိုကို့ကို အာရုံမစိုက်မိပါစေနဲ့ ဟု တစ်ယောက်တည်း ကျိတ်၍ ဆုတောင်းခဲ့မိသည်။ သို့သော် ယသော့်ရဲ့ ဆုတောင်း မပြည့်ခဲ့။ သူတို့နှစ်ယောက် အချင်းချင်း မျက်လုံးခြင်း ဆုံစည်းမိသွားကြကာ တစ်ယောက်ကိုတစ် ယောက် သတိထားမိသွားခဲ့ကြသည်။ အဲ့ဒီတုန်းက စွဲငြိထင် ဆီသို့ စူးစူးစိုက်စိုက် ပြုံးကြည့်လျက်ရှိသော ကိုကို့ရဲ့ မျက်ဝန်း တွေကို ယသော့်မှာ မနာလို သဝန်တိုလိုက်ရသည်မှာ ပြော ဖွယ်ရာပင် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘယ်လိုဖြစ်နေတာတုန်း၊ အဲဒီလောက်ကြီး ကြည့်နေရသလား၊ ဘေးမှာ ယသော်တစ်ယောက်လုံး ပါနေရက်သားနဲ့ ကိုကို မရှက်ဘူးလား"

"ဘာဖြစ်လို့ ရှက်ရမှာလဲကွာ . . . လှလို့ ကြည့်တာပဲ၊ အဲဒီ Model စွဲငြိထင်က ရေရေလည်လည် မိုက်တယ် နော် ချစ်စရာလေး"

ဟု ကိုကို့နှုတ်မှ လိုက်လိုက်လှဲလှဲ ထုတ်ဖော်ချီးကျူးလိုက်သောအခါ ယသော့်မှာ မျက်စိပျက် မျက်နှာပျက်နှင့် နေမထိ ထိုင်မသာ ဖြစ်ခဲ့ရသည်။ ယသော် ကံဆိုးစွာပင် Model Show ပြီးသွားချိန်မှာ ကိုကို့လက်ကိုဆွဲပြီး ပြန်ထွက်တော့မည့်ဟန်ပြင်စဉ် စွဲငြိထင်က ယသော်တို့ ရှိရာဆီသို့ ကြော့ကြော့မော့မော့ကလေး လျှောက်လှမ်းလာခဲ့ခြင်း ဖြစ်သည်။ သူမ၏ မျက်နှာပေါ်မှာ စွဲငြိထင်၏ ကျော်ကြားလှသော ညို့ပြုံးကလေးနှင့်။

"ကြည့်စမ်း . . . မိယသော် ပြန်တော့မလို့လား၊ နေဦး





မပြန်နဲ့ဦး . . . ငါ့ကို တစ်ခုခု လိုက်ကျွေးစမ်းပါ၊ ငါ ဗိုက်အရမ်းဆာနေလို့၊ SUMMIT က ကိုကာဆူကီမှာ ဟော့ပေါ့(တ်) သွားသောက်ရအောင်၊ နင်လိုက်ကျွေးနော်"

ဟု ရွှင်ရွှင်မြူးမြူး လေသံကလေးဖြင့် ယသော့်ကို စကားပြောနေခြင်း ဖြစ်သော်လည်း မျက်လုံးတွေကတော့ ကိုကို့ထံမှ မခွာခဲ့။ ကိုကို့ဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိတော့ သည်း ကိုကို့ရဲ့ မျက်ဝန်းတွေက တဖိတ်ဖိတ် ရွှန်းလဲ့လျက် စွဲငြိထင်ဆီသို့ စူးနစ်ဆိုက်တန့်စွာ ကျရောက်လျက်။ ထိုခဏ မှာပင် ယသော်သည် အနည်းငယ်တော့ စိုးရိမ် ထိတ်လန့်သွား ခဲ့သည်။ စွဲငြိထင်ဟာ ယသော်ပိုင်ဆိုင်သမျှ အရာအားလုံးကို ဘယ်တော့မဆို လိုချင်ပက်မောလှေ့ ရှိတတ်သူ မဟုတ်လား။ ဒီ့ကြောင့် ချက်ချင်းပင် ပျာပျာသလဲနှင့် . . .

"ဩော် . . . မိတ်ဆက်ပေးရဦးမယ် စွဲငြိ၊ ဒါ ငါ့ရဲ့ ချစ်သူ ကိုကိုလေ၊ ဒေါက်တာထင်စွာတဲ့၊ ကိုကို . . .



www.burmeseclassic.com

www.burmeseclassic.com



ဒါ ယသော်ရဲ့ သူငယ်ချင်း ဆိုပါတော့ . . . စွဲငြိထင်"

ဟု မိတ်ဆက်ပေးလိုက်ရသည်။ စွဲငြိထင်က ယသော့်ကို မျက်စောင်းကလေး ဝင့်ခနဲ ချီလိုက်ရင်း . . .

"အံမယ် . . . မိန်းမ ချစ်သူရှိတာများ လျှို့ထားတယ် ကြည့်စမ်း၊ ငါ့ကိုလည်း ဘာမှ မပြောပြပါလား"

ဟု ပြောရင်း မိုက်တယ်နော်ဟူသော စကားကလေးကို တမင်သက်သက် လေသံနိမ့်လျက် ခပ်တိုးတိုး ဆိုဟန်ပြုခဲ့သော်လည်း ထိုစကားက ကိုကိုကြားဖို့ လုံလောက်အောင်ပင် ကျယ်နေခဲ့ပါသည်။ ကိုကိုက ကျေနပ်သော အပြုံးမျိုးဖြင့် . . .

"ခုနလေးတင် ကိုယ်ပြောနေတာ . . . စွဲငြိထင်က အရမ်းမိုက်တာပဲလို့၊ လျှောက်သွားတဲ့ Model တွေထဲမှာ စွဲငြိထင်က အထင်ပေါ်ဆုံးနဲ့ အလှဆုံးပဲ၊ ယသော်က စွဲငြိထင်နဲ့ သူငယ်ချင်းတွေဆိုတာ ခုနတုန်းက မပြောဘူး၊ အခုမှ ပြောပြတာ ဟား ဟား၊ အခုလို သိပ်လှတဲ့





နာမည်ကြီး Model တွေထဲမှာ စွဲငြိထင်က အထင်ပေါ်ဆုံးနဲ့ အလှဆုံးပဲ၊ ယသော်က စွဲငြိထင်နဲ့ သူငယ်ချင်းတွေဆိုတာ ခုနတုန်းက မပြောဘူး၊ အခုမှ ပြောပြတာ ဟား . . . ဟား၊ အခုလို သိပ်လှတဲ့ နာမည်ကြီး Model တစ်ယောက်နဲ့ သိခွင့်ရတာ ဂုဏ်ယူပါတယ်ဗျာ၊ ကျွန်တော်ပဲ ကိုကာဆူကီမှာ ဟော့ပေါ့(တ်) လိုက်ကျွေးပါ့မယ်၊ လာ . . . သွားရအောင်"

ထိုအချိန်ကစပြီး ယသော့်ရင်ထဲမှာ စိုးရိမ်ပူပန်မှုတွေ၊ သောကဗျာပါဒတွေ ဆိုင်းမဆင့်၊ ဗုံမဆင့် ဝင်ရောက်လာခဲ့ရတော့တာ ဖြစ်သည်။ သုံးယောက်အတူ သွားကြခြင်းဖြစ်သော်လည်း ကိုကိုနှင့် စွဲငြိထင်က အခုမှ တွေ့ဆုံရင်းနှီးကြသူတွေ မဟုတ်သလိုပင် တကယ့် ငယ်ပေါင်းကြီးဖော်တွေပမာ ရင်းရင်းနှီးနှီး စကားတွေ ဖောင်ဖွဲ့၍ မဆုံးနိုင်။ ယသော့်မှာသာ အလိုလိုနေရင်း စည်းအပြင်ကလူ ဖြစ်မှန်းမသိ ဖြစ်သွားခဲ့ရသည်။ အဲဒါကလည်း စွဲငြိထင်၏ ကျွမ်းကျင် ပါးနပ်မှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ ဖြစ်၏။

ထိုအချိန်ကစပြီး ယသော်သည် ကိုကို့ကို စွဲငြိထင် နှင့် မပတ်သက်ဖို့၊ ကင်းကင်းရှင်းရှင်းနေဖို့၊ သတိထားဖို့ နေ့စဉ် နှင့်အမျှ အတန်တန် သတိပေးခဲ့ပါသော်လည်း ကိုကို့ဆီမှ. . .

"စိတ်ချပါကွာ . . . ကိုယ် လုံးဝ စိတ်မကူးပါဘူး။ ကိုယ့်မှာ ယသော်တစ်ယောက်လုံး ရှိနေပြီပဲ၊ သူက ခင်စရာကောင်းလို့သာ ခင်နေတာပါ"

ဟူသော ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ ကတိ စကားကလေးတွေပေးပြီး နောက်ဆုံးမှာတော့ စွဲငြိထင်၏ လက်သို့ သိသိသာသာပင် ပြုဆင်းသွားခဲ့တော့သည်။ ယသော် မသိအောင် သူတို့နှစ်ယောက် တိတ်တဆိတ် ချစ်သူတွေ ဖြစ် နေခဲ့သည်မှာ ဘယ်အချိန်ကတည်းကမှန်း မသိ။

နောက်ဆုံး ယသော် သိခွင့်ရလိုက်ချိန်မှာ သူတို့ နှစ်ယောက်ကို လက်ချင်းချိတ်တွဲလျက် စူပါမားကက် တစ်ခု အတွင်းမှာ ဈေးဝယ်လျက်ရှိသည်ကို ဖြုန်းခနဲ ပက်ပင်းတိုး





လိုက်ရချိန်တွင် ဖြစ်သည်။ ယသော့်ရင်ဝ တည့်တည့်ဆီသို့ ခြေစုံ အကန်ခံလိုက်ရသလို နာနာကျင်ကျင်ကြီး ဖြစ်သွားကာ မယုံနိုင်လောက်အောင် အံ့အားသင့်လျက် သူတို့နှစ်ယောက်ကို ယသော်ကပင် ရင်ဆိုင်နိုင်စွမ်း မရှိခဲ့ဘဲ ထိုနေရာမှ ချာခနဲ လှည့်ထွက်ပြေးကာ ကိုယ့်ကိုယ်ကို အရှုံးကြီး ရှုံးနိမ့်ခဲ့သူအဖြစ် သတ်မှတ်ခဲ့မိခြင်း ဖြစ်သည်။ ထိုအချိန်မှစပြီး ယသော်သည် ကိုယ့်ကိုယ်ကို အိမ်တွင်းအောင်းကာ ပတ်ဝန်းကျင်တစ်ခုလုံး နှင့် အဆက်အသွယ်ဖြတ်ပြီး အကြီးအကျယ် စိတ်ဓာတ်တွေ ကျခဲ့ရတာဖြစ်သည်။ နောက်ဆုံး တွေ့ခဲ့ရသော စွဲငြိထင်၏ နှုတ်ခမ်းဆီမှ အောင်မြင်သော ထီမထင်အပြုံးကို အခုအချိန် ထိ မမေ့ချေ။ ထိုအပြုံးက ယသော့်ကို နေ့စဉ်နှင့်အမျှ ထိုးနှက် နှိမ်ချလျက်ရှိကာ ကိုယ့်ကိုယ်ကို နာလံမထူနိုင်လောက် အောင် အရှုံးသမားတစ်ယောက်အဖြစ် လက်ခံမိရင်း လက်ခံ မိရက်သား ဖြစ်နေတော့သည်။ မနေ့က အချိန်အထိ ယသော့် အတွက် မနက်ဖြန်ဆိုသော မျှော်လင့်ချက် မရှိခဲ့ချေ။ ယသော့်



www.burmeseclassic.com

www.burmeseclassic.com



သည် ချစ်သူ၏ သစ္စာဖောက်ခြင်းကို ခံခဲ့ရသူ . . . သူငယ်ချင်း၏ နောက်ကျော ဓားနှင့်ထိုးမှုကို ခံခဲ့ရသူ . . . အကြီးအကျယ် ရှုံးနိမ့်လဲပြိုခဲ့ရသူ . . . စသော ခေါင်းစဉ်တွေအောက်မှာ ပြန်ရုန်းထ၍ ခွန်အားမရှိနိုင်တော့သလို အားအင်ချိနဲ့ခဲ့ရသူ ဖြစ်သည်။ အခုတော့ ဆန်းစလဆိုသော Mind Reader ဟု သူကိုယ်သူ မိတ်ဆက်ခဲ့သည့် လူတစ်ယောက်က ယသော်ကို ရင်ဆိုင်ဖို့ ခွန်အားအသစ်တွေ ဖြန်းခနဲ ထည့်သွင်းဖြည့်ဆည်းပေးသွားခဲ့သည်။ ယသော်သည် ချက်ချင်းပင် ပြန်လည်လန်းဆန်း နိုးကြားလာသလိုပင် လဲကျနေရာမှ လူးလဲကုန်းထခဲ့မိသလို ကိုယ့်ကိုယ်ကို ပြန်ခံစားရ၏။ ထိုသူကို ဘယ်လိုကျေးဇူးတင်ရမှန်း မသိ။

အနည်းဆုံးတော့ ယသော်သည် ကိုကို့ကို စွဲငြိထင်၏ လက်မှ ပြန်၍ ရယူချင်သည်။ ပြီးတော့ စွဲငြိထင်ကို ဘယ်တုန်းကမှ မမုန်းတီး မနာကြည်းခဲ့မိသူလို ပြုံးပြုံးကလေး ကြည့်ကာ . . .





"နင့်မှာ အပြစ်မရှိပါဘူး စွဲငြိရယ် . . . ကိုကို့ကို လုယူသွားသူလို့ နင့်ကို ငါ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ပါဘူး၊ တကယ်တော့ ကိုကို့မှာသာ အပြစ်ရှိတာပါ၊ ကိုကိုကသာ နင့်ဆီကို တိုးဝင်လာခဲ့တာပါ၊ နင်က ကိုကို့ကို လုယူသွားခဲ့တာ မဟုတ်ပါဘူး"

ဟူသော မှုသားစကားကို ပြုံးပြုံးကလေး ပြောပြီး အနိုင်ယူချင်စိတ်သည် မပေါ်စဖူး ထူးဆန်းစွာ ပေါ်ပေါက်လာခဲ့သည်။ အဲဒီ စိတ်ခွန်အား တစ်မျိုးကို ဆန်းစလက ယသော့်ရင်ထဲသို့ မသိမသာ ထည့်သွင်းပေးသွားခဲ့ခြင်း ဖြစ်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကား YUFL ထဲသို့ ဝင်လာချိန်မှာ စွဲငြိထင်တို့အုပ်စုက တစ်နေရာရာသို့ သွားဖို့ ဟန်ပြင်လျက်ရှိသည်။ သူက ကားကို စွဲငြိထင်တို့နားသို့ ထိုးရပ်လိုက်ရင်း . . .

"ဘယ်သွားကြမလို့လဲ . . ."

ဟု နှုတ်ဆက်လိုက်သည်။ သူ့ကိုမြင်တော့ စွဲငြိထင်၏ အပြုံးတို့က ပို၍ ချိုမြိန်လင်းဖျသွားလျက် . . .

"အင်းယားဘက် သွားကြမလို့လေ . . . လိုက်မလား ဆန်းစ"





ဟု ချိုချိုရှင်ရှင်ကလေး ဖိတ်ခေါ်နေတာကြောင့် သူ ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆိုအတော်ပဲ . . . ဆန်းစရဲ့ ကားနဲ့ပဲ လိုက်ခဲ့တော့မယ်၊ ကျွန်မ ကားမမောင်းချင်လို့"

"သိပ်ရတာပေါ့ . . . တက်လေ"

သူက ကားတံခါး ဖွင့်ပေးလိုက်သည်။ သူ့ကားက Celica ပြိုင်ကားကလေးမို့ ရွှေဆည်းဆာနှင့် မုဒိတာတို့က နောက်ခန်းထဲသို့ တန်းဝင်လိုက်ကြသောအခါ စွဲငြိထင်က ရှေ့ခန်းမှာပင် အသာအယာ ဝင်ထိုင်လိုက်၏။

"ရှင့်ကားလေးက အရမ်းလှတာပဲ . . . မိုးပြာရောင် လွင်လွင်ကလေးနော်၊ ကားတွေထဲမှာ အဲဒီလို မိုးပြာရောင် လွင်လွင်ကလေးမျိုး အရမ်းရှားတာပဲ . . . သိလား"

သူ ပြုံးရုံသာ ပြုံးနေကာ ဘာမှ ပြန်မပြောမိ။ အင်းယားသို့ ရောက်သောအခါ ရှမ်းဆိုင် တစ်ဆိုင်မှာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြသည်။ သူက စွဲငြိထင်ကို ကြည့်ရင်း မေးခွန်းတစ်ခု မေးချင်စိတ် ပေါက်လာသည်။ ယသော်နှင့် ပတ်သက်ပြီးတော့ ဖြစ်သည်။ မေးရမှာလည်း အားနာသည်။ သို့သော် သူ သိချင်နေ၏။

"စွဲငြိကို ကျွန်တော် တစ်ခုမေးမလို့ . . . မေးရမလား"

"မေးလေ . . . ဘာမေးမလို့တုန်း"

"ကိုထင်စွာနဲ့ ပတ်သက်ပြီး နည်းနည်းပြောပြပါလား။ ဥပမာ . . . စွဲငြိတို့နှစ်ယောက် ဘယ်လိုစပြီး တွေ့ဖြစ်ကြတာလဲ ဆိုတာမျိုးပေါ့"

သူ့ရဲ့ မေးခွန်းကို စွဲငြိထင်က မျှော်လင့်ထားပုံ မရပါ။ ထို့ကြောင့် နည်းနည်းတော့ ကြောင်သွားဟန် ရှိပါသည်။ သို့သော် စွဲငြိထင်က မင်းသမီးပီပီ ချက်ချင်း ဟန်ဆောင်ပြုံးကလေး ပြုံးလိုက်ကာ . . .

"သြော် . . . ဒီလိုပါပဲ၊ ဘာမှ မထူးဆန်းပါဘူး ဆန်းစရယ်၊ သူက ဆရာဝန်လေ . . . ကိုယ်ပိုင် Clinic တစ်ခု





ဖွင့်ထားတယ်၊ ကျွန်မကိုတွေ့တော့ သူက သဘောကျတယ် . . . စွဲလမ်းတယ်၊ တခြားယောကျ်ားတွေလိုပဲပေါ့၊ အဲဒီတော့ သူက Propose လုပ်တယ်၊ ကျွန်မကလည်း ပြန်ကြိုက်ချင်သလိုလို ရှိတာနဲ့ ပြန်ကြိုက်လိုက်တာလေ၊ အဲဒီတော့ ချစ်သူတွေ ဖြစ်သွားကြသည်ပေါ့။ ဒါပါပဲ . . . ဘာဖြစ်လို့ မေးတာလဲ၊ ဆန်းစရဲ့မေးခွန်းက ထူးခြားလို့ပါလား"

စွဲငြိထင်က သူ့ကို ခပ်ထေ့ထေ့ ပြုံးကြည့်ကာ မေး၏။ သူ စွဲငြိထင်၏ မျက်နှာကလေးဆီသို့ ခပ်ဆဆသာ လှမ်းကြည့်နေလိုက်မိသည်။ ဒီနေ့ ယသော်ဆိုသော သနားစရာကောင်းလောက်အောင် အရှုံးတစ်ပွဲ့တစ်ပိုက်နှင့် စိတ်ဓာတ်အကြီးအကျယ် ကျဆင်းနေသော မိန်းကလေးတစ်ယောက်နှင့် သူ ဆုံတွေ့ခဲ့ကြောင်း စွဲငြိထင်ကို ပြောမပြဖြစ်ပါ။ တကယ်တော့ ပြောဖို့လည်း လိုမည်မထင်ပါ။ အခုချိန်မှာ ယသော်သည် သူ့အပေါ်မှာ အပြည့်အဝ ယုံကြည်စိတ်ချစွာ အားကိုး



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိသော သူ့ရဲ့ လူနာတစ်ယောက်ဆိုလည်း ဟုတ် . . . Client တစ်ယောက်လို့လည်း ပြောလို့ရပါသည်။ ယသော်နှင့် ပတ်သက်ပြီး သူ့ဘက်က စောင့်စည်း ထိန်းချုပ်ရမည့် စည်းကမ်းတွေ ရှိနေသည်။

"ကျွန်တော်မေးရင် စိတ်မဆိုးနဲ့နော် . . . စွဲငြိ၊ အဲဒီအချိန်တုန်းက ကိုထင်စွာ့မှာ ယသော်ဆိုတဲ့ ချစ်သူမိန်းကလေးတစ်ယောက် ရှိနေခဲ့တယ်မှတ်လား"

သူ့မေးခွန်းကြောင့် စွဲငြိထင်၏ မျက်လုံးများက စူးခနဲ ဖြာလက်သွားကာ . . .

"ဆန်းစ ဘယ်လိုသိနေတာလဲလို့ မေးမနေတော့ပါဘူး၊ အံ့လည်း မဩတော့ဘူး၊ မနေ့ကပဲ ကျွန်မရဲ့စိတ်ကို ရှင် ဖတ်ထားတာပဲ၊ ကဲ . . . အဲဒီတော့ ဖြေမယ်၊ ဆန်းစကို ညာလည်း မညာဘူး၊ ရိုးရိုးကလေးပဲ ဖြေမယ်၊ ယသော်ဆိုတာ ကျွန်မရဲ့ သူငယ်ချင်း၊ ငယ်ငယ်ကတည်းက ခင်လာတဲ့ သူငယ်ချင်းတွေပေါ့၊ ဒါပေမယ့်





ဘယ်လိုခေါ်မလဲ . . . သူနဲ့ ကျွန်မက လူချင်းတွေ့ရင်သာ လိုက်လိုက်လှဲလှဲ တရင်းတနှီးကြီး ခင်ပစ်လိုက်တာ၊ ကွယ်ရာမှာတော့ တစ်ယောက်နဲ့တစ်ယောက် သိပ်အစေးမကပ်လှဘူး၊ ရှင်းရှင်းပြောရရင် သူနဲ့ကျွန်မ အတွေးအခေါ်ချင်း၊ စိတ်ချင်း၊ စရိုက်ချင်း မတူညီကြဘူး၊ သူ့ချစ်သူနဲ့ ကျွန်မကို သူက အရမ်း သဝန်တိုတာသိလား၊ သူ အူတိုပုံက ကျွန်မနဲ့ သူ့ချစ်သူရဲ့ ဂုဏ်သိက္ခာကို နေ့တိုင်း ထိပါးစော်ကားနေသလိုပဲ၊ အဲဒီတစ်ယောက်ဟာ သူ့ချစ်သူကို ဘယ်လိုမက်မောမှန်း မသိဘူး၊ သူ မက်မောပုံက အစွန်းကိုရောက်တာ၊ ကြာတော့ ကိုထင်စွာကလည်း သည်းခံနိုင်စွမ်း မရှိတော့ဘူးလေ၊ ဆန်းစပဲ စဉ်းစားကြည့် . . . အဲဒီလောက် သဝန်တိုတတ်လွန်းတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောကျ်ားတစ်ယောက်က ဆက်ပြီး သည်းခံလက်တွဲနေနိုင်မှာလဲ၊ နောက်ဆုံးတော့ ကိုထင်ဇာက သူ ယသော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုမှ ဆက်ပြီး လက်မတွဲနိုင်တော့ပါဘူးလို့ ကျွန်မဆီမှာ ဖွင့်ဝန်ခံခဲ့ပြီး သူ ကျွန်မကို ချစ်နေခဲ့ကြောင်း ပြောခဲ့တာ၊ တကယ်တော့ ကျွန်မ ရှောင်ချင်ပါတယ်၊ ရှောင်ဖို့လည်း ကြိုးစားခဲ့ပါသေးတယ်၊ ကိုယ့်သူငယ်ချင်းရဲ့ ချစ်သူဆိုပြီးတော့လေ၊ ဒါပေမယ့် ဘယ်လိုမှ မရှောင်နိုင်ခဲ့ဘူး၊ ကျွန်မ သူ့ကို ချစ်မိသွားတယ်ထင်တာပဲ၊ လူဆိုတာက ပိတ်ပင်တားမြစ်တာ ခံရလေပိုပြီးတော့ လက်တည့်စမ်းချင်တဲ့ အမျိုးအစားမှတ်လား၊ ယသော်က အရမ်းကို သည်းသည်းလှုပ် တားဆီးပိတ်ဆို့နေတော့ ဒီလောက်တောင် ဖြစ်လှတာဆိုပြီး မခံချင်စိတ်နဲ့ မာနကလေးလည်း ခွက်တာပေါ့လေ၊ အဲဒီ စိတ်နဲ့ ကျွန်မတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြတယ် ဆိုပါစို့"

စွဲငြိထင်က ရုပ်ရှင်ဇာတ်ကားတစ်ခုကို ပြန်ပြောပြနေသလိုပင် ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမော။ ချစ်သူကို





အဆုံးရှုံးခံလိုက်ရသော တစ်ဖက်က မိန်းကလေး ဘယ်လောက်ထိ ထိခိုက် ခံစားသွားခဲ့ရသည် . . . ဘဝတစ်ခုလုံး ပျက်စီးမတတ် ဖြစ်သွားခဲ့ရသည် ဆိုတာကိုတော့ ကိုယ်ချင်းစာပြီးတော့တောင် တွေးကြည့်မိပုံ မပေါ်ချေ။ သူ စွဲငြိထင်ကို နည်းနည်းတော့ အံ့ဩမိသည်။ ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်မှာ အဲဒီလို ရက်စက်တတ်တဲ့ နှလုံးသားမျိုး ရှိနေတတ်သလား။

"အဲဒီတော့ ဟိုတစ်ယောက် ဘာဖြစ်သွားသလဲ . . . ယသော်လေ၊ စွဲငြိနဲ့သူ နောက်ပိုင်း တွေ့ဖြစ်သေးလား"

"ဟင့်အင်း . . . သူနဲ့ ကျွန်မ မတွေ့ဖြစ်ကြတော့တာကြာပြီ၊ ကျွန်မနဲ့ ကိုထင်စွာ ချစ်သူတွေ ဖြစ်သွားပြီးကတည်းက ဆိုပါတော့၊ အပြင်မှာတောင် မတော်တဆ မဆုံဖြစ်ကြဘူး၊ သူ ဘာဖြစ်သွားသလဲဆိုတာလည်း ကျွန်မ မသိဘူး၊ သူနဲ့ အဆက်အသွယ်ကို ပြတ်သွားကြတာလေ၊ ရှင်းရှင်းပြောရရင် သူနဲ့ မျက်နှာချင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ချင်တော့တာပါ၊ သူ့ကို မျက်နှာပူ အားနာမိတာလည်း ပါပါတယ်၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာတော့ သူငယ်ချင်းရဲ့ ချစ်သူကို လုယူခဲ့တယ်လို့ တစ်ခါမှ မခံစားရဘူး၊ ကျွန်မကိုယ် ကျွန်မ အပြစ်ရှိတယ်လို့လည်း မယူဆဘူး၊ တကယ်တော့ ကျွန်မက ကိုထင်ဇွာ့ကို ဆွဲဆောင်ဖြားယောင်းခဲ့တာမှ မဟုတ်တာ၊ သူကိုယ်တိုင်က ကျွန်မဆီကို မက်မက်မောမောနဲ့ ဇွတ်အတင်း တိုးဝင်လာခဲ့တာပါ။ ကျွန်မက ကိုယ့်ဆီလာတဲ့ ယောကျ်ားများစွာထဲက ဘယ်သူ့ကိုမဆို ရွေးချယ်ခွင့် ရှိတယ်လို့ထင်တာပဲ"

တကယ်ပင် စွဲငြိုထင်ရဲ့ မျက်နှာပေါ်မှာ နောင်တလို အရာမျိုး၊ အပြစ်ရှိသူတစ်ယောက်ရဲ့ စိတ်မလုံခြုံသလို ခံစားချက်မျိုး လုံးဝ မတွေ့ရပါ။ သူမ လုပ်ခဲ့သော အလုပ်တစ်ခုသည် အမှားတစ်ခု မဟုတ်။ ဘယ်သူ့ကိုမှ ငဲ့ညှာထောက်ထားစရာ မလိုဟု ယူဆထားပုံ ရပါသည်။ သူ တွေးနေချိန်မှာ





စွဲငြိုထင်က ရုတ်တရက် ပြုံးလိုက်ပြီး ...

"ကဲ ... ကျွန်မ ရှင့်ရဲ့စိတ်ကို တစ်လှည့် ဖတ်ကြည့်မယ်၊ ပေး ..."

ဟု ဆိုပြီး သူ့လက်နှစ်ဖက်ကို တောင်းသလို ဟန်မျိုး လုပ်လိုက်သဖြင့် သူ့စိတ်ထဲ တစ်မျိုး ဖြစ်သွားသည်။ စွဲငြိုထင်ဟာ ယောကျ်ားတွေကို ဘယ်လို ကိုင်တွယ် ကစားရမလဲဆိုတာကို ကောင်းစွာ ပါးနပ် ကျွမ်းကျင်နေသော မိန်းကလေးတစ်ယောက်ဆိုတာ သံသယဖြစ်စရာ မလိုပါ။ သူ့ရဲ့ စိတ်ကိုတောင် အငြိမ်မနေနိုင်းဘဲ လှုပ်ခတ်သွားအောင် ဆွဲဆောင်နိုင်စွမ်း ရှိတာကိုပဲကြည့်။ သူက ပြုံးပြီး လက်နှစ်ဖက် လှမ်းပေးလိုက်တော့ သူမက သူ့ရဲ့ လက်နှစ်ဖက်ကို သူကိုင်သလိုပင် ဆယ်တင်းတင်း ဆုပ်ကိုင်ကာ မျက်လုံးများ မှိတ်ပြီး အာရုံခံသလို လုပ်သည်။ သူမ၏ လိမ္မော်နုရောင် နှုတ်ခမ်းလှလှကလေးများက စွဲမက်ဖွယ် ကောင်းလှစွာ ပြုံးလျက်။

"ရှင့်စိတ်ထဲမှာ ကျွန်မကို နည်းနည်းလန့်နေပုံရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးဟာ သူများရည်းစားကိုလည်း ကိုယ် ရည်းစားလုပ်စပ်တတ်တယ်၊ သိပ်လည်းလှတယ် ဒါပေမယ့် ရဲတင်းပွင့်လင်းလွန်းတယ်၊ သူ့ကို ငါ အ ရိုးရိုးသားသား သူငယ်ချင်းအဖြစ်ကနေ တစ်ချိန်ချိ မှာ ဆန်းဆန်းပြားပြားများ ဖြစ်ချင် ဖြစ်သွားမလာ အဲဒါဆိုရင် ဘယ်လိုလုပ်မလဲ၊ သူ့မှာက ရည်းစားကြီ ... ဟား ဟား ဟား၊ ကဲ ... ရှင် အဲဒီလို တွေ နေတယ် မှတ်လား ဆန်းစ၊ ကျွန်မဖတ်တာ မှန်လား

သူမက ကိုယ်ကလေး သိမ့်ခါအောင်ပင် ရယ် မောလျက် ချစ်စနိုး ကျီစယ်ဟန်ဖြင့် ရွှတ်နောက်နောက် လု နေသည်။ သူမရဲ့ အမူအရာ မျက်နှာပေးကလေးတွေကတေ ယောကျ်ားတစ်ယောက်အတွက် တကယ်ပဲ စွဲငြိချင်စရာ ... မငြင်းဆန်နိုင်စရာပင်။ သူ ရယ်မောကာ ခေါင်းခါငြင်းဆန် လိုက်၏။

"မင်းဖတ်တာ မှားတယ် စွဲငြိ ... ကိုယ့်စိတ်ထဲ





တွေးနေတာက အခုစားထားတဲ့ ဝိုင်းအတွက် ဘယ်သူ ရှင်းမလဲဆိုတာပါ"

"ကြည့်စမ်း ... အဲဒါ ရှင် သက်သက်နောက်တာ"

"တကယ်ပြောတာ ... ကိုယ် မနောက်ဘူး၊ ဘာဖြစ်လို့ လည်းဆိုတော့ ကိုယ် ဒီနေ့ အိမ်ကထွက်လာကတည်းက ကျွန်တော် ဝေါလက်မေ့ကျန်ခဲ့လို့"

"ဖြစ်မှဖြစ်ရလေ ... စီးတော့ဖြင့် Celica ပြိုင်ကား ကပ်စေးကလည်း နဲလိုက်တာ၊ ကျွန်မ ရှင်းမှာပေါ့၊ ဘာ မှန်းလည်း မသိဘူး"

စွဲငြိထင်က သူ့ကို မျက်စောင်းချိုသည်။ ဆည်း ဆာနှင့် မုဒိတာတို့နှစ်ယောက်က သူနှင့် စွဲငြိထင်တို့ နှစ် ယောက်ကို အကဲခတ်သော မျက်ဝန်းများနှင့် စောင့်ကြည့် နေ့တ် ရှိသည်ကို သူ သတိထားမိသွား၏။ ထို့ကြောင့် သူက တောင်ပြီး ...

"တစ်နေ့နေ့မှာ ကိုထင်စွာနဲ့ ကျွန်တော့်ကို မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ စွဲပြ၊ ကျွန်တော် သူ့ရဲ့စိတ်ကို ဖတ်ကြည့်ချင်လို့၊ ချစ်သူရှိပြီးသား ယောကျ်ားတစ်ယောက်က ကိုယ့်ချစ်သူကို စွန့်ပစ်ပြီး သိပ်လှတဲ့ တခြား မိန်းကလေးတစ်ယောက်နောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့တဲ့အတွက် သူ့စိတ်ထဲမှာ ဘာတွေ ရှိနေသလဲဆိုတာ ကျွန်တော် သိချင်လို့ပါ"

စကားဝိုင်းက ရုတ်ခြည်း တိတ်ဆိတ်အေးစက်သွားသလို ထင်လိုက်ရသည်။ ကျောင်းထဲသို့ ပြန်လာကြချိန်မှာ သူတို့အားလုံး တိတ်တိတ်ဆိတ်ဆိတ်ပင်။





ယသော်ကို သူနှင့် ခင်မင်နေသော Personal Trainer ချစ်ချစ်ချောဆိုသော အစ်မနှင့် ဆက်သွယ်ပေးလိုက်သည်။ ယသော့်မေမေက အိမ်မှာပင် Gym အတွက် လိုအပ်သော အားကစား ကိရိယာတွေ ဝယ်ပေးဖို့ သဘောတူသည်။ ယသော့်ရဲ့ Body Weight ကို PerSonal Trainer နှင့် အတော်လေးကို ပြင်းပြင်းထန်ထန် မောင်းပြီး ချပစ်ရမှာ ဖြစ်သည်။ သူက . . .

"ယသော် . . . မင်း တကယ် တစ်လအတွင်းမှာ သိ



www.burmeseclassic.com

www.burmeseclassic.com



လှတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ချင်ရင် ဒီနေ့ကစပြီး ညစာ မစားရဘူး၊ ညဘက်ဆို သိပ်ဆာရင် သစ်သီးနဲ့ အသီးဖျော်ရည်ပဲ သောက်ရမယ်၊ အဲဒါဆို သဘောတူလား”

ဟု မေးတော့ တွေ့စကနှင့် စာလျှင် အနည်းငယ် ပြောင်းလဲစပြုလာသော ယသော်က လိုက်လိုက်လျောလျောပင် သဘောတူပါသည်။

“ယသော့်စိတ်ထဲမှာ အသိတစ်ခုကို ထည့်ထားဖို့လိုတယ်၊ ကိုယ့်ကို ဗိုလ်ကျ အနိုင်ယူသွားတဲ့ ယသော့်ရဲ့ သူငယ်ချင်းကို ယသော့်ဘက်က အရှုံးမပေးဘူးဆိုတဲ့ အကြောင်း သက်သေပြရမယ်ဆိုတဲ့ အသိလေ၊ ယသော် လိုချင်တာကို သူ့ဆီကနေ လိမ္မာပါးနပ်စွာနဲ့ ပြန်ယူနိုင်ရမယ်၊ အဲဒီအတွက် ယသော့်ဘက်က အစစအရာရာ ပြည့်စုံနေဖို့တော့ လိုအပ်တယ်၊ အသေအချာလည်း ပြင်ဆင်ထားရမယ်၊ ယသော့်ရဲ့ Body Weight ဟာ အခု





ပေါင် ၂၀၀ ရှိတယ်၊ အရပ်က ၅ပေ ၆လက်မ ဆိုတော့ တစ်လအတွင်းမှာ ယသော် ပေါင် ၃၀လောက်ကို ကျရမယ်၊ ဒုတိယလမှာ နောက်ထပ် ၃၀ ကျရမယ်၊ နှစ်လအကြာမှာ ယသော့် Body Weight ဟာ ပေါင် ၁၄၀ပဲ ရှိရမယ်၊ ပြီးတော့ မျက်နှာ အသားအရေ စိုပြည် လှပဖို့အတွက် Beauty Spa ကို မှန်မှန်သွားရမယ်၊ အဝတ်အစားကို ဖက်ရှင်ကျကျ ဝတ်တတ်အောင် အခုကတည်းက နေ့တိုင်း ပုံမှန်လေ့လာထားရမယ်၊ အဲဒီအတွက် Fashion Show အခွေတွေ၊ ကက်သလောက်တွေ ကိုယ်ရှာပေးမယ်၊ အဲဒါတွေ မှန်မှန်ကြည့်ပြီး ကိုယ့်ကိုယ်ကို Fashinable ဖြစ်အောင်၊ ဝတ်တတ်စားတတ်အောင် ပြင်ဆင်ထားရမယ်၊ အရေးကြီးဆုံး နောက်တစ်ခုက မင်းရဲ့ချစ်သူကို ဆုံးရှုံးခဲ့ရတဲ့ အဓိက အကြောင်းအရင်းတစ်ခုကို ကိုယ်ပြောပြမယ်၊ အဲဒါက သဝန်တိုတတ်လွန်းတဲ့ မင်းရဲ့စိတ်ကြောင့်ပဲ၊ သူ့ကို မင်း အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တမ်း သံဝန်ကို . . . ချုပ်ချယ် ကန့်သတ်ခဲ့တယ်မှတ်လား၊ အဲဒါကို သူ လန့်သွားခဲ့တာ၊ သည်းမခံနိုင် ဖြစ်သွားခဲ့တာ၊ ဒါကြောင့် မင်းရဲ့စိတ်ကိုပါ ပြင်ရမယ်၊ ဒုတိယအကြိမ် သူနဲ့ ပြန်တွေ့တဲ့အခါမှာ မင်းဟာ လုံးဝပြောင်းလဲနေရမယ်၊ သဘောထားကြီးရမယ်၊ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ဖြစ်နေရမယ်၊ လူတစ်ယောက်ကို ခွင့်လွှတ်တတ်ရမယ်၊ နားလည်တတ်ရမယ်၊ အဲဒီစိတ်ကို ရဖို့ ဒီအတိုင်းတော့ မရနိုင်ဘူး၊ မင်းရဲ့စိတ်ကို အပြင်းအထန်ကို လေ့ကျင့်ရဦးမှာ၊ ဒီနေ့ကစပြီး မင်းရဲ့စိတ်ကို လေ့ကျင့်ယူရမယ်၊ ဘုရားခန်းထဲမှာ မနက်နာရီဝက် . . . ည နာရီဝက် စပြီး တရားထိုင်ရမယ်၊ အဓိကက မင်းရဲ့စိတ် ကြည်လင်သန့်ရှင်းနေဖို့က သိပ်အရေးကြီးတယ်၊ တရားထိုင်တာဟာ မင်းရဲ့စိတ်ထဲမှာ ရှိနေတဲ့ ညစ်နွမ်းနေတာတွေကို ဆေးကြောသန့်စင်တဲ့နည်းတစ်မျိုးပဲ၊ မင်း တရားထိုင်ဖူးသလား"





"ဟင့်အင်း . . ."

"ကောင်းပြီ . . . ကိုယ် ပြောပြပေးမယ်၊ ဘာမှ အခက်ကြီး မဟုတ်ဘူး၊ ပထမဆုံး မင်း ဘာမှ မလုပ်နဲ့၊ စိတ်တွေပျံ့လွင့်မနေအောင် မင်းရဲ့စိတ်ကို မင်းရဲ့ နှာသီးဝကလေးမှာထားပြီး ဝင်လေထွက်လေကလေးကိုပဲ အာရုံစိုက်ပြီး လေဝင်တာ၊ လေထွက်တာကို သတိထားပေးပါ၊ အဲ့ဒါလေးကိုပဲ သတိလေးကပ်ပြီး မှတ်ကြည့်စမ်းပါ၊ မင်းကို ကိုယ် ဘာမှ ခက်ခက်ခဲခဲကြီးတွေ ခိုင်းတာမဟုတ်ဘူးနော်၊ အချိန်တော့ ယူရလိမ့်မယ်၊ ပထမပိုင်းတော့ မင်းအတွက် နည်းနည်းခက်လိမ့်မယ်၊ ဒါပေမယ့် တဖြည်းဖြည်းနဲ့ မင်းရဲ့စိတ်တွေ တည်ငြိမ်အေးချမ်းပြီး သမာဓိ ရှိလာတာကို မင်း ခံစားရလိမ့်မယ်"

သူပြောသမျှကို ယသော်က စိတ်ဝင်တစားပင် နားထောင်လျက်ရှိသည်။

"ကိုဆန်းစ . . . ရှင်ဟာ ဘာဖြစ်လို့ အားလုံးကို သိနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲဟင်၊ ရှင့်ကို ကျွန်မ သိပ် အထင်ကြီးတယ် သိလား၊ ရှင် တကယ်တော်တယ်၊ ရှင်ဟာ ကျွန်မအတွက်တော့ Hero ပဲ၊ ရှင်နဲ့ တွေ့ပြီးမှ ကျွန်မရဲ့စိတ်တွေ ပြန်ပြီးတော့ လန်းဆန်းလာသလိုပဲ၊ ငါ ဘာဖြစ်လို့ လူတွေကို ဒူးထောက် အရှုံးပေးပြီး ကိုယ့်ဘဝကို ဖျက်ဆီးခဲ့မိပါလိမ့်လို့ အခု နောင်တရလာတယ်၊ တကယ်ဆိုရင် ကျွန်မမှာ လုပ်စရာတွေ အများကြီးပဲနော်၊ ချစ်သူတစ်ယောက်ကို ဆုံးရှုံးလိုက်ရရုံနဲ့ ဘဝတစ်ခုလုံး ပျက်ဆီးသွားတာမှ မဟုတ်တာနော်၊ ရှင်ဟာ ကျွန်မကို ကယ်တင်ခဲ့တာပါ၊ မှောင်မဲနေတဲ့ ကျွန်မဘဝထဲကို အလင်းရောင်တစ်စ ထွန်းညှိပေးခဲ့တာပါ၊ အဲဒီအတွက် ရှင့်ကို သိပ် ကျေးဇူးတင်တယ် . . . ဟုတ်လား"

ယသော်က လှိုက်လှိုက်လှဲလှဲ ပြောနေခြင်း ဖြစ်သည်။

"ကိုယ့်ကို ကျေးဇူးတင်ရင် ကိုယ့်စကားကို နားထောင်





ပေးပါ ယသော်၊ အခုအချိန်ကစပြီး မင်းခေါင်းထဲ အသိတစ်ခု အမြဲတမ်း ထည့်ထား၊ ဘယ်သူ့ကိုမှ အရှုံးမပေးရဘူးဆိုတဲ့အသိ . . . ဟုတ်ပြီနော်"

"စိတ်ချပါ . . . ကျွန်မ ဘယ်သူ့ကိုမှ အရှုံးမပေးတော့ဘူး၊ ကျွန်မ ကတိပေးပါတယ်"

"အရေးကြီးတာ စိတ်ပါပဲ ယသော်ရယ်၊ ကိုယ့်စိတ်ကို နိုင်ရင် ဘယ်တော့မှ ဘယ်သူ့ကိုမှ မရှုံးပါဘူး၊ ကဲ . . . ကိုယ်တို့ရဲ့ စီမံကိန်းကို နှစ်လလောက် အချိန် သတ်မှတ်ထားမယ်၊ ဒီနှစ်လအတွင်းမှာ မင်းနဲ့ကိုယ် အမြဲတမ်း အဆက်အသွယ် ရှိနေမှာပါ၊ နှစ်လပြည့်ပြီးတဲ့အခါ မင်းရဲ့ စိတ်ဓာတ်အသစ်၊ ပုံစံအသစ်နဲ့ သူတို့နှစ်ယောက်ကို မင်း ပြန်ဆုံရမယ်၊ အဲဒီလို ပြန်ဆုံတဲ့အခါ ဘယ်သူ့ကိုမှ မင်း အပြစ်မတင်ရဘူး၊ ပြုံးပြုံးကလေးနဲ့ နှစ်ယောက်စလုံးကို ခွင့်လွှတ်နားလည်ပြီးသား ဖြစ်နေရမယ် . . .၊ အင်း အပျော်သဘော ဖြစ်ဖြစ်ပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ ချစ်သူ မင်းဆီ ပြန်လာ မလာဆိုတာကိုတောင် ကိုယ်နဲ့မင်း လောင်းကြေးထပ်လိုက်ချင်သေးတယ်"

"အိုကေ . . . စိန်လိုက်လေ၊ ကိုဆန်းစက ကျွန်မရဲ့ ချစ်သူ ကျွန်မဆီ ပြန်လာမယ်ဆိုတဲ့ ဘက်ကပေါ့ . . . ဟုတ်လား၊ အကယ်၍ သူ ပြန်မလာခဲ့ရင်ရော"

"အဲဒီအတွေးကို မင်း တွေးမထားရဘူးလေ၊ အဲဒီအတွေး က မင်းကိုယ်မင်း ယုံကြည်စိတ်ချမှု မရှိအောင် ဖျက်ဆီး နေတဲ့ အတွေးပဲ၊ အဲဒီအတွေးကို မင်း ဘယ်တော့မှ မတွေးနဲ့၊ တစ်ခုတော့ ကိုယ် ကတိပေးထားမယ်၊ အကယ် ၍ မင်းဆီ သူ ပြန်မလာခဲ့ရင် ကိုယ့်ကို မင်း ကြိုက်တာ ခိုင်းကြေးကွာ၊ ဒါမှမဟုတ် ကိုယ့်ဆီမှာ မင်းလိုချင်တာ တစ်ခုခုကို တောင်း . . . ကိုယ်ပေးမယ်၊ ဟုတ်ပြီလား"

"ဟုတ်ပြီ . . . ကိုဆန်းစ စကားကို မှတ်ထားလိုက်နော်"

ယသော်က ပြုံးပြုံးကလေး ပြန်ပြော၏။ ယသော့် ရဲ့ မျက်နှာကလေးဆီမှာ အသက်ဝင် လန်းဆန်းစ ပြုလာ





သော ပန်းနုသွေးရောင်ကို ပြန်မြင်ရသည်။ ယသော့်မေမေက အံ့သြ၍ မဆုံး။

"သားရယ် . . . သမီးကို ဘယ်လိုများ ကုလိုက်သလဲ ကွယ်၊ တစ်ရက်နှစ်ရက်အတွင်းမှာကို သမီးလေး ပြောင်းလဲသွားတာ သိပ် သိသာတာပဲ၊ နဂိုပုံစံကလေး အတိုင်း နီးနီးကို ပြန်ရောက်လာတာ အံ့သြဖို့ ကောင်း လိုက်တာ"

ဟု တအံ့တသြပင် မေးယူရသည်။

"စိတ်ပါပဲ အန်တီ၊ သူ့စိတ်ထဲမှာ လုံးဝ သေဆုံးသွားပြီလို့ ထင်နေတဲ့ မျှော်လင့်ချက်ကလေးတစ်ခုကို ပြန်ရှင်သန် နိုးကြားလာအောင် ကျွန်တော်က နှိုးဆွပေးလိုက်ရုံပါ၊ လူတိုင်းရဲ့ ဘဝမှာ အဓိပ္ပါယ်ရှိရှိ ရှင်သန်နေကြတယ်ဆို တာ မျှော်လင့်ချက်ကလေးတစ်ခုအတွက်ပါ"

"ကျေးဇူးတင်ပါတယ် သားရယ် . . . ဒါနဲ့ သမီးရဲ့ မျှော်လင့်ချက်က ဘာများလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီက မေးသောအခါ သူ ပြုံး၍ ရိုးရိုးကလေး သာ အဖြေပေးလိုက်ပါသည်။

"အချစ်ပါ . . . အန်တီ"

အန်တီက မျက်ခုံးများပင့်လျက် သူ့ကို မျက်လုံး အဝိုင်းသားဖြင့် ငေးကြည့်နေခဲ့၏။





ယသော်သည် Personal Trainer နှင့် အပြင်း အထန် လေ့ကျင့်ခန်းယူရင်း Body Weight ကို ချနေရသည်။ ဘယ်လောက်ပဲ ပင်ပန်းလွန်းသည် ဖြစ်ပါစေ ယသော် စိတ် မပျက်စတမ်း . . . လက်မလျှော့စတမ်း ဇွဲကောင်းကောင်းနှင့် ကြိုးစားသည်။ ယသော့်စိတ်ထဲမှာ အရှုံးမပေးနဲ့ ဆိုသော ကိုဆန်းစ၏ အသံက သံမှိုနှက်ထားသလို စွဲမြဲနေသည်။ ယသော့်စိတ်ထဲမှာ ဇောတစ်ခုက ပြင်းပြထက်သန်နေသော ကြောင့် ကိုယ့်ကိုယ်ကို ပင်ပန်းရကောင်းမှန်းပင် မသိ။ လူအ



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုပင် လန်းဆန်းတက်ကြွနေသည်။ တကယ်တော့ နှစ်လ ဆိုသော အချိန်ကလေးဟာ ခဏကလေးပါ။ ထိုနှစ်လအတွင်း မှာ ယသော်သည် အနက်ဆိုလျှင် ၆-နာရီ အိပ်ရာမှ ထရကာ ဆရာမနှင့်အတူ ကန်တော်ကြီးတစ်ပတ် အပြေးလေ့ကျင့်ရ သည်။ ထမင်းကို နည်းနည်းသာ စားရပြီး အသီးအရွက်ကြော် အရွက်သုပ်၊ သစ်သီးဖျော်ရည်တွေချည်းသာ သောက်ရသည်။ နေ့လည်ဆိုလျှင် အိမ်က Gym အခန်းကလေးထဲမှာ ဆရာမနှင့် အတူ လေ့ကျင့်ခန်းကို နှစ်နာရီကြာအောင် လုပ်ရသည်။ နေ့လည်ဘက် အိပ်ခွင့်မရှိ။ စာဖတ်ရင်ဖတ် . . . T.V ကြည့် ချင်ကြည့်။ ညနေဆိုလျှင် တရားထိုင်ရသည်။ ညစာ မစားရ ပြီးလျှင် ခပ်စောစော အိပ်ရာဝင်၊ မနက်စောစော ပြန်ထ. . . စသော အချိန်ဇယားထဲမှာ နေသားကျစွာ မွေ့လျော် လည် ပတ်လျက် ရှိသည်။

တစ်ခါတစ်ခါတော့လည်း တွေးမိပါရဲ့။ ငါဟာ အချစ်အတွက် . . . ချစ်သူတစ်ယောက်အတွက် ဒီလောက်ထိ အားကြိုးမာန်တက် အပင်ပန်းခံ နေရသလားဆိုတာ ရှက်မိ





သလိုလို အတွေးကလေး ဖြစ်သည်။ သို့ သော် ဒါဟာ အချစ် တစ်ခုတည်းအတွက် သက်သက်မဟုတ်ဘူးဆိုတာကို ကောင်း စွာ နားလည်နေသည်။ ယသော့်ဆီမှ စွဲငြိ လုယူသွားခဲ့သော ယသော့်ရဲ့ အချစ်နှင့်အတူ ဂုဏ်သိက္ခာကို ပြန်လည်ရယူလို ခြင်းလည်း ပါဝင်ပါသည်။ ထိုအသိကို ကိုဆန်းစက ပေးခဲ့ခြင်း ဖြစ်သည်။ ကိုဆန်းစနှင့် မတွေ့ခင်အချိန်အထိ ယသော့်ဘဝကို စုံးစုံးမြုပ်အောင် အရှုံးပေးလိုက်ကာ ဖြစ်ချင်ရာ ဖြစ်တော့ ဟူသော . . . အရှုံးစိတ်ဖြင့် လေလွင့်ခဲ့သည်ကသာ ရှက်စရာ ဖြစ်သည်။ အခုတော့ အချစ်အတွက် လဲပြိုခဲ့ရသည့် ကိုယ့် ဘဝကိုယ် ပြန်လည် ထူမတ်နေခြင်းသာ ဖြစ်သည်မို့ ရှက်စရာ မလိုပါ။ ဘဝသည် ယသော့်အတွက် စိတ်ဝင်စားဖွယ် ပြန် ကောင်းလာကာ မျှော်လင့်ချက်ဖြင့် နေပျော်ချင်စရာ ဖြစ်လာ သည်။ နောက်နှစ်လဆိုလျှင် ယသော့်အတွက် ဘယ်လောက် ထူးခြားသော အပြောင်းအလဲတစ်ခုက ကြိုဆိုနေမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



နှစ်လဆိုသော အနာဂတ်တစ်ခုက စောင့်ကြ နေမှာပါလိမ့်ဟု တွေးမိလိုက်သည့်အခါတိုင်း စိတ်လှုပ်ရှား ရင်ခုန်မှုများဖြင့် ထို နှစ်လဆိုသော အချိန်ကို အလျှင်အမြန် ပင် ဖြတ်သန်း ကုန်ဆုံးပစ်လိုက်ချင်သည်။

တကယ်တမ်းမှာ ဘဝတစ်ခုလုံးကို အသစ်တ ဖန် ပြန်လည်ပြောင်းလဲသွားအောင် ကြိုးစားရုန်းကန်နေ သော အဖြစ်သည် စိတ်ဝင်စားဖွယ်လည်း ကောင်းကာ စိန် ခေါ်မှု တစ်ခုလည်း ဖြစ်လာခဲ့သည်။ ယသော်ကိုယ်တိုင်လည်း





ပြောင်းလဲမည်ဆိုမှတော့ သာမန်ကာလျှံကာ ပြောင်းလဲသည် ဆိုရုံကလေး ပြောင်းလဲသော ပြောင်းလဲခြင်းကို အလိုမရှိဘဲ နတိုင်းကို ရင်သပ်ရှုမော အံ့ဩလောက်စဖွယ် ဖြစ်အောင် မ်းစားနိုင်မည့် ပြောင်းလဲမှုမျိုးကိုသာ အလိုရှိသည်ဖြစ်သော ကြောင့် ဘယ်လောက်ပဲ ပင်ပန်းပါစေ အပင်ပန်းခံပြီး ထက် သက်သန်သန်ကြီးပင် ကြိုးစားလျက် ရှိသည်။ သိပ်မောလာ ချင် . . . စိတ်ဓါတ် ကျတော့မည့်ဟန် ပေါ်လာလျှင် သသော်သည် အာရုံထဲမှာ စွဲငြိထင်ကို ပြန်မြင်ယောင်လိုက် သည်။ ယသော့်ကို ဗိုလ်ကျအနိုင်ပိုင်းသွားသော စွဲငြိထင်၏ ချိုထားသော မျက်နှာ မော့ချိချိကလေးကို မြင်ယောင်လိုက်မိ သည့်အခါ လူက အလိုလိုပင် ပြန်လည်၍ သံပတ် တင်းလိုက် သလိုပင် တက်တက်ကြွကြွ ပြန်ဖြစ်လာသည်။ ကဲ . . . နှစ်လ ဆိုသော အချိန်သည် အမြန်ဆုံးသာ ရောက်လိုက်ပါတော့။ သသော်က ကိုယ့်ကို ရက်စက်စွာ စွန့်ချန်ထားခဲ့သော ချစ်သူ ဟောင်းနှင့် မျက်နှာချင်းဆိုင် ပြန်ဆုံချင်လှပြီ။ ပြီးတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို လှလှပပ ကြော့ကြော့မော့မော့ကလေး လုယူသိမ်းပိုက်သွားခဲ့သော စွဲငြိထင်ကိုလည်း မျက်နှာချင်းဆိုင် ပြန်လည်ရင်ဆိုင်ချင်သေးသည်။ အဲဒီလို ရင်ဆိုင်နိုင်ဖို့ ခွန်အားတွေကို ပေးခဲ့သူကတော့ ကိုဆန်းစပဲ ဖြစ်သည်။





နှစ်လဆိုသော အချိန်တစ်ခုကို ရောက်ဖို့ ရက်ပေါင်းများစွာကို ဖြတ်သန်းရပါသည်။ ထိုရက်များအတွင်းမှာ သူနှင့် ယသော်သွင်တို့ နေ့စဉ် အဆက်အသွယ် မပြတ်ခဲ့သလို စွဲငြိထင်နှင့်လည်း သူ တဖြည်းဖြည်း ပိုရင်းနှီး ခင်မင်လာခဲ့ပါသည်။ သူနှင့် တွေ့လျှင် စွဲငြိက သူမ စိတ်စွင်စားတတ်သော မေးခွန်းတွေ တောင်စဉ်ရေမရ လျှောက်မေးတတ်ပါသည်။ တစ်ခါတစ်ခါကျရင် စိတ်ကူးပေါက်ရင် ပေါက်သလို သူ့ မျက်နှာရှေ့သို့ သူမ၏လက်နှစ်ဖက်ကို ထိုးဖြန့်ပေးကာ ပြုံးစိစိမျက်နှာပေးကလေးဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းစ . . . အခုခု ကျွန်မစိတ်ထဲ ဘာတွေ ဖြစ်နေသလဲ၊ ဖတ်ကြည့်စမ်းပါ"

ဟု ခိုင်းတတ်သည်။ ဒါ အပျော်ကစားရတဲ့ ကစားနည်း မဟုတ်ဘူးဟု သူ ငြင်းလိုက်ချင်သော်လည်း စွဲငြိကို ဘာကြောင့် မငြင်းဖြစ်သည် မသိပါ။ စွဲငြိ အလိုကို လိုက်လျောမိလျက် သူမရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ သူမစိတ်ကို ဖတ်ကြည့်ရသည်။

"ကျွန်မ . . . Shopping သွားချင်လို့၊ ရှင် လိုက်ပို့နိုင်မလားဟင်"

သူ နည်းနည်းအံ့သြကာ ရယ်ချင်သွား၏။ အဲဒါကတော့ စွဲငြိ တမင်သက်သက် ကြိုတင် ကြံစည်ထားခြင်းဖြစ်မှာပါ။ သူမ Shopping သွားချင်တာကို ပါးစပ်ကနေ ဖွင့်မပြောဘဲ စိတ်ထဲကနေ လှမ်းပြောပြီး သူမရဲ့စိတ်ကို ဖတ်ခိုင်းခြင်းဖြစ်သည်။ တစ်လက်စတည်း သူ့ရဲ့ ကျွမ်းကျင်မှုကိုလည်း စမ်းသပ်ပြီးသား သဘော ဖြစ်ပုံရသည်။ သူက စွဲငြိကို တစ်





ချက် ပြုံးကြည့်လိုက်လျက် . . .

"မင်းရဲ့ချစ်သူကို ခေါ်သွားပေါ့"

ဟု ဖြေလိုက်လျှင် စွဲငြိက . . .

"အို . . . သူမှ မအားတာ၊ ပြီးတော့ သူက ဈေးဝယ်ထွက်ရတာကို လုံးဝ ဝါသနာ မပါဘူးရှင့်၊ ပြီးတော့ ကျွန်မက Shopping တစ်ခါထွက်ရင် အများကြီး ဝယ်တတ်တာဆိုတော့ အထုပ်အပိုးတွေ တနင့်တပိုးကြီး သယ်ရတာကို သူ မသယ်ချင်ဘူးလေ၊ သူ့ကိုယ်သူ ဆရာဝန်ဆိုတဲ့ ဣန္ဒြေတစ်ခွဲသားကလည်း ရှိတတ်သေးတာ၊ ဆည်းဆာနဲ့ မုဒိတာကို ခေါ်သွားလို့ မပြောနဲ့ဦး၊ ဒီကောင်တွေကို ခေါ်ရင် သူတို့က ကြေးနည်းနည်းကြီးလို့ပါ၊ သူတို့က သူတို့လိုချင်တာကို အားမနာ လျှာမကျိုးနဲ့ကို ပူဆာတတ်ကြတာ၊ သူတို့အတွက် ဈေးဝယ်လိုက်ပေးခဆိုပြီး သူတို့ကြိုက်တာ ဝယ်ပေးရတယ် . . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုးနွဲ့ချင်သလို အမူအရာ ဟန်ပန်ကလေးနှင့် ပြောလျှင် သူ ဆက်ပြီး မငြင်းမိတော့ချေ။ စွဲငြိနှင့်အတူ Shopping Mall အစုံသို့ လိုက်ပို့ရကာ ဈေးအတူ လိုက်ဝယ်ရသည်။ သူမ ပြောသလိုပင် သူမဝယ်သမျှ အဝတ်အစား အသုံးအဆောင် ဖိနပ်အိတ်ကအစ သူ့မှာ မနိုင်မနင်း တနင့်တပိုးကို သယ်ရလေသည်။ စွဲငြိထင်နှင့် အတူသွားရသည့်အတွက် အလွန် စိတ်ညစ်ဖွယ်ကောင်းသော တစ်ခုမှာ လူတော်တော်များများ၏ ဝိုင်းကြည့်စပ်စုကြသော မျက်ဝန်းဒဏ်ကို ခံရခြင်းပင်။ သူက အဲဒီလို လူတကာရဲ့ စိတ်ဝင်စားခံရသော အဖြစ်ကို မနှစ်မြို့က်ဆုံး။ သူမကတော့ လုံးမ မမှု။ ဂရုလည်း စိုက်ပုံမရချေ။ လူအပေါင်းတို့၏ မျက်ဝန်းတွေနှင့် နေသားကျစွာ ရင်းနှီးခဲ့ပြီးသား၊ ကျင့်သား ရပြီးသား ဖြစ်နေသလိုပင်။ ပြီးတော့ လူတွေအားလုံးက အာရုံစိုက် စိတ်ဝင်စား ခံရသည့် သူမ၏ ကျော်ကြားမှုအပေါ်မှာ သာယာကျေနပ်နေသော စိတ်ကလေးလည်း ရှိပုံပေါ်သည်။ သူကသာ . . .





"စွဲငြိ . . . အခုအချိန်မှာ မတော်တဆ စွဲငြိရဲ့ချစ်သူနဲ့ မျက်နှာချင်းဆိုင် ဆုံမိကြရင်ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် တစ်ယောက်ယောက်က မြင်သွားလို့ စွဲငြိရဲ့ ချစ်သူကို ပြန်ပြောလို့ပဲဖြစ်ဖြစ် သူ ပြန်သိသွားရင် စွဲငြိတို့ ပြဿနာ ဖြစ်နိုင်သလား"

ဟု သူမချစ်သူနှင့် ပတ်သက်ပြီး အနည်းငယ်ပူပင်စွာ မေးမိတော့ စွဲငြိက ခေါင်းကလေး မော့လှန်ကာ ရယ်မောရင်း . . .

"အို . . . သူ အဲဒီလောက် သဘောထား မနုပါဘူး၊ အကယ်၍ အဲဒီလို သဝန်တိုတာတွေ၊ ချုပ်ချယ်ပိုင်စိုးတာတွေ လုပ်လာမယ် ဆိုရင်တော့လည်း ကျွန်မတို့ရဲ့ ဇာတ်လမ်းက The End ပေါ့၊ ကျွန်မက ဂရုမစိုက်ပေါင်၊ ကျွန်မကို ချစ်ချင်တဲ့ ချစ်သူတွေမှ အများကြီး၊ သူ တစ်ယောက်တည်း ရှိတာမှ မဟုတ်တာ၊ ပြီးတော့ . . . ကျွန်မက ကိုယ့်ကို ချုပ်ချယ်တာတွေ သဝန်တိုတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အားကြီးမုန်းတယ်၊ သူ့ကိုလည်း မျက်စိဒေါက်ထောက် လိုက်ကြည့်မနေဘူး၊ လွတ်လပ်မှု အပြည့်အဝ ပေးထားတယ် . . . ကြိုက်သလိုနေ၊ ချစ်သူတွေဆိုတဲ့ ကြိုးနဲ့ တစ်ယောက်ကိုတစ်ယောက် အသက်ရှူရကျပ်အောင် မချည်နှောင်ကြေးလို့ ပြောထားပြီးသား၊ သူလည်း လွတ်လွတ်လပ်လပ်နေ . . . ကိုယ်လည်း လွတ်လွတ်လပ်လပ်ပဲ၊ မင်းသမီးတစ်ယောက်ရဲ့ ချစ်သူဖြစ်ချင်ရင် နှလုံးသားတော့ ကြီးရလိမ့်မယ်ကွယ့်"

ဟု ရွှင်ရွှင်မြူးမြူး သွက်သွက်ကလေး ပြောလေသည်။ စွဲငြိနှင့် ရင်းနှီးလာလေ သူမအကြောင်း ပိုပြီး သိမြင်နားလည်လာလေပင်။ စွဲငြိထင်သည် တစ်ခါတစ်ရံမှာ အလွန်ချစ်စရာကောင်းသော . . . တစ်ခါတစ်ရံမှာ ဘာကိုမှ သိပ်ဂရုမစိုက်တတ် . . . လွတ်လပ်လွန်းအားကြီးသော၊ ဘယ်အရာကိုမှ လေးလေးနက်နက် မခံစားတတ်သော အလှအပနှင့် အောင်မြင်ကျော်ကြားမှုကိုသာ တပ်မက်ခုံမင်သော. . .





တစ်ခါတစ်ရံမှာ ကလေးဆန်ကာ ဆိုးနွဲ့ ဗိုလ်ကျချင်တတ်သော မိန်းကလေးတစ်ယောက် ဖြစ်သည်။ ယသော်နှင့် နှိုင်းယှဉ်လိုက်လျှင် အစစ အရာရာမှာ တကယ့်ကို ဆန့်ကျင်ဘက်ဖြစ်သည်။ ယသော့်ကကျတော့ ဘယ်အရာကိုမဆို အလေးအနက် စူးစူးနစ်နစ်ကြီးကို ခံစားတတ်လွန်းကာ အချစ်ကိုလည်း ဘဝတစ်ခုလို ကိုးကွယ်ချင်သူ ဖြစ်သေး၏။

ထိုနှစ်ယောက်လုံးကို သူ စိတ်ဝင်စားမိသည်မှာ နောက်နှစ်လအကြာတွင် သူမတို့နှစ်ယောက်နှင့် တစ်ယောက်ဟည်းသော သူမတို့၏ ချစ်သူအကြားမှာ သူ့ရဲ့ စမ်းသပ်မှုတစ်ခုကြောင့် ဘယ်လို အပြောင်းအလဲကလေးတွေ ဖြစ်သွားမလဲ ဆိုတာကိုပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ... (၄)

"ဆန်းစ ... ဒါ ကျွန်မရဲ့ ချစ်သူလေ၊ ဒေါက်တာ ထင်စွာ၊ ကို ... ဒါ ကျွန်မပြောပြနေတဲ့ Mind Reader ဆိုတာလေ ... ဆန်းစလတဲ့၊ အခုတော့ ကျွန်မတို့ သူငယ်ချင်းတွေပေါ့၊ သူဟာ သိပ်ထူးဆန်းတာ၊ ကိုနဲ့ ကျွန်မကို မိတ်ဆက်ပေးခိုင်းနေတာ ကြာပြီ၊ အခုမှပဲ ဆုံဖြစ်တော့တယ်"

တကယ်တော့ သူက တောင်းဆိုသဖြင့် စွဲငြိထင်က သူ့ကို Coffee ဆိုင်တစ်ခုမှာ ချိန်းခဲ့ပြီး သူမ၏ ချစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မိတ်ဆက်ပေးဖို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။ လူပုံကတော့ ခပ်ဖြောင့်ဖြောင့် ရုပ်ရည်သန့်သန့်ပါပဲ။ မိန်းကလေးတို့ အသည်းစွဲလောက်သည့် ရုပ်ရည်မျိုးပင်။ အဲဒါကြောင့်လည်း စွဲငြိထင်လို မိန်းကလေးက ယသော်သွင့်လို မိန်းကလေးဆီ ကနေ မက်မက်မောမောနှင့် လှလှပပကလေး ဖြတ်ခုတ် လုယူသွားခဲ့တာပေါ့။ အဲဒါကြောင့်လည်း ယသော်က ထိုသူကို ဆုံးရှုံးလိုက်ရသည့်အတွက် ဘဝတစ်ခုလုံး ဖျက်ဆီး ဆုံးရှုံးသွားရသလို အကြီးအကျယ် စိတ်ဓာတ်ကျဆင်းခဲ့ရတာပေါ့။

သူက ကိုထင်စွာ၏ လက်ကို လက်ဆွဲနှုတ်ဆက်လိုက်ရင်း တော်တော်နှင့် ပြန်လွှတ်မပေးဘဲ ခပ်တင်းတင်း ဆုပ်ကိုင်ထားကာ ကိုထင်စွာ့ရဲ့ စိတ်ထဲကို လှမ်းဖတ်ကြည့်မိသည်။ ထိုအခါ သူ ကြားရသည်မှာ . . .

"လက်စသတ်တော့ မင်းကို၊ ရုပ်ကိုက ငါ့ရည်းစားကို အလစ်သုတ်မဲ့ ရုပ်မျိုးနဲ့၊ ဘာ . . . Mind Reader လဲ၊ အလကား . . . မိန်းကလေးတွေ စိတ်ဝင်စားအောင် တမင်သက်သက် ထွင်လုံးတွေ၊ ရုပ်ကိုက မိန်းကလေးတွေရဲ့ အထာကို နောကျေနေအောင် သိနေတဲ့ရုပ်၊ ရည်းစားရှိနေတဲ့ မိန်းကလေးကိုတောင် ရှောင်မဲ့ကောင် မဟုတ်ဘူး၊ ငါသိတယ်ဟေ့ကောင် . . . စွဲငြိက ဒီလောက် ကျော်ကြားတာ၊ မင်းလား . . . စွဲငြိကို မစွဲမက်ဘဲ၊ မပြစ်မှားဘဲ နေမှာ၊ တောက် . . . တကယ့် အန္တရာယ်ကောင်၊ စွဲငြိဘေးမှာ ဒီကောင် ရှိနေတာကိုက တကယ့် အန္တရာယ်ဘဲ၊ လုံးဝ စိတ်မချရဘူး၊ စွဲငြိကရော . . . ကြည့်စမ်းပါဦး ဒီကောင့်ကို ကြည့်တဲ့ မျက်လုံးတွေကိုက ရွှန်းရွှန်းစားစားနဲ့ အကြီးအကျယ် အထင်ကြီး Impress ဖြစ်နေတဲ့ပုံ၊ ဒုက္ခပါပဲကွာ . . . ငါတော့ ယသော်ဝင့် လည်တော့မယ် ထင်ပါရဲ့၊ ဟိတ်ကောင် . . . မင်း ငါ့ရည်းစားကို လုမယ်တော့ မကြံနဲ့နော်၊ မင်းနဲ့ငါ ကမ္ဘာ့ရန် ဖြစ်သွားမယ်မှတ်"

သူ ရယ်ကာမောကာဖြင့် ကိုထင့်စွာ့လက်ကို







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ပါသည်။ ကိုထင်စွာကို တစ်ခုခုတော့ ပြန်ပြောလိုက်ချင်၏။ သို့သော် . . . ခုချိန်မှာ ဘာမှမပြောဘဲ နှုတ်ဆိတ်ငြိမ်သက်နေလိုက်ခြင်းက အကောင်းဆုံး ဖြစ်လိမ့်မည်ဟု သူ ယူဆသောကြောင့် ဘာမှ ပြောမနေတော့ပါ။ ခုအချိန်မှာ သူက သာမန်ပွဲကြည့်ပရိသတ် တစ်ယောက်သာ ဖြစ်သင့်သည်။ ဒီဇာတ်လမ်းမှာ သူသည် ဇာတ်ပို့တစ်ယောက်အဖြစ်သာ ဖြစ်ခွင့် ရှိသည်။ အဓိက ဇာတ်ဆောင်တစ်ယောက် ဖြစ်ခွင့် မရှိသေးပါ။

"တွေ့ရတာ ဝမ်းသာပါတယ် ဆန်းစ၊ စွဲငြိက မောင်ရင့်အကြောင်း အမြဲ ပြောပါတယ်၊ သူနဲ့ကိုယ် စကားပြောတိုင်း ဆန်းစအကြောင်းပဲ အမြဲ ထည့်ပြောနေတတ်တာ၊ ကဲ . . . လုပ်ပါဦး ကိုယ့်စိတ်ကို မောင်ရင် တစ်ချက်လောက် ဖတ်ကြည့်ပေးစမ်းပါဦး"

ကိုထင်စွာက မျက်နှာပေါ်မှာ သဘောထားကြီးသော ဟန်ဆောင်ပြုံးကို တပ်ဆင်လျက် သူ့ကို ခင်မင်နှစ်လို





ဟန်ဖြင့် တရင်းတနှီး ပြောနေသဖြင့် သူ ရယ်ချင်သွား၏။ လူတွေဟာ စိတ်ထဲကအသံတွေနဲ့ ဆန့်ကျင်ပြီး အပြင်မှာ ဘာကြောင့်များ မျက်နှာဖုံးတွေ တပ်ဆင်ပြီး ဟန်ဆောင်ယဉ်ကျေးနေကြတာပါလိမ့်။ လူတွေအကြောင်းကို အတွင်းသိအဆင်းသိ စိတ်ထဲမှာ ရှိနေတဲ့အတိုင်း အမှန်အတိုင်း သိမြင်ခွင့် ရတဲ့အခါ တော်တော် ပြဿနာတွေ များလိမ့်မည်ထင်သည်။ သူက ရယ်ချင်စိတ်ကို မျိုသိပ်ထားရင်း နှာသီးဖျားထိပ်ကလေးကို လက်ညှိုးကလေးနှင့် အသာကုတ်ခြစ်ရင်း ကိုထင်စွာ၏ မျက်လုံးတွေထဲ အဓိပ္ပါယ်ပါပါဖြင့် တည့်တည့်စိုက်ကြည့်ကာ . . .

"ကျွန်တော် ဖတ်ကြည့်ပြီးသွားပါပြီ"

ဟု ပြောလိုက်သည်။ ကိုထင်စွာက တအံ့တသြဟန်ဖြင့် မျက်ခုံးများ ပင့်သွားကာ . . .

"ဟုတ်လား . . . မြန်လှချည်လား၊ ကိုယ့်စိတ်ကို ဘယ်တုန်းက ဖတ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ကိုထင်စွာ့ကို လက်ဆွဲနှုတ်ဆက်တုန်းကပါ"

"ဟာ . . . ကိုယ်တောင် မသိလိုက်ပါလား၊ ကိုယ့်စိတ်ထဲကို ဘာတွေများ ဖတ်မိသလဲ . . . ပြောပြပါဦး"

သူ ခေါင်းကို ခါရမ်းပြလိုက်ကာ . . .

"မပြောတော့တာ ပိုကောင်းပါတယ်ဗျာ၊ ဒါပေမယ့် တစ်ခုလေးတော့ ပြောပြလိုက်မယ်၊ ကိုထင်စွာ ဝဋ်လည်မှာ ကြောက်နေတယ်မှုလား"

သူ့စကားကြောင့် သူ ဘာကို ဆိုလိုသည်ကို ကိုထင်စွာက ချက်ချင်း သဘောပေါက်ကာ မျက်လုံးတွေ သိသိသာသာပင် ပြူးသွား၏။ ပြီးတော့ ဘာပြောရမည်မှန်း မသိစွာ အူကြောင်ကြောင် မျက်နှာပေးဖြင့် နှုတ်ဆိတ်သွားလေသည်။ စွဲငြိကသာ မျက်လုံးကလေးတွေ စိတ်ဝင်တစား ရွှန်းလဲ့စွာဖြင့် . . .

"ဘာလဲဟင် . . . ဘာလဲ၊ အဲဒါ ဘာအဓိပ္ပါယ်လဲ ကိုက ဘာကို ဝဋ်လည်မှာ ကြောက်နေတာလဲ"





ဟု သိချင်ပြင်းပြစွာ မေးနေပြန်သည်။ သူ မဖြေဘဲ ပြုံးနေလိုက်ကာ . . .

"စဉ်းစားကြည့်ပေါ့ စွဲငြိ၊ တစ်ခါတစ်ခါကျတော့ အဖြေတစ်ခုကို ရိုးရိုးရှင်းရှင်းကြီး သိလိုက်ရတာထက် ပဟေဠိကို အဖြေညှိပြီးမှ ရတဲ့အဖြေက ပိုပြီးတော့ စိတ်ဝင်စားဖို့ ကောင်းတယ်"

ဟုသာ ပြောလိုက်သည်။ စွဲငြိက ဖျတ်ခနဲ ငြိမ်သက်စွာ စဉ်းစားနေသည်။ ကိုထင်စွာက Coffee ကိုသာ သဲကြီးမဲကြီး ဖိသောက်နေသည်။ သူကတော့ စွဲငြိတို့ နှစ်ယောက်စလုံးကို နှုတ်ဆက်ပြီး Coffee ဆိုင်ကလေးထဲမှ ထွက်လာခဲ့ပါသည်။ စွဲငြိထင်ဟာ အဲဒီလောက် တုံးအသူတစ်ယောက် မဟုတ်သောကြောင့် သိပ်မကြာခင်မှာ အဖြေကို စဉ်းစားမိသွားပါလိမ့်မည်။ အဲဒါကို မျက်နှာပူစွာ ရင်မဆိုင်ချင်သောကြောင့် သူ ခပ်စောစော နှုတ်ဆက် ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ပြီးတော့ သူ့ကိုယ်သူလည်း မသေချာပါ။ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုထင်စွာ စွပ်စွဲသလိုများ စွဲငြိအပေါ် စိတ်ဝင်စား ပစ်မှား နေမိသလား ဆိုတာကိုလေ။





ယသော်သွင့်ကို သူ တစ်ခါတွေ့လျှင် တစ်ခါ ပိုထူးခြားလာသည်ကို သိသိသာသာပင် သတိပြုမိသည်။ မျက်စိရှေ့မှာတင် ကျောက်ရိုင်းတုံးကလေး ဘဝကနေ အသွေးအရောင် ပြောင်လက်တောက်ပလာသော အဖိုးထိုက်အဖိုးတန် ကျောက်မျက်ရတနာလေးတစ်ခုလို သိသိသာသာ ပြောင်းလဲသစ်လွင်လာခဲ့ခြင်း ဖြစ်သည်။ တွေ့စက ပေါင်နှစ်ရာကျော်ရှိခဲ့သော . . .၊ မျက်လုံးများ မှိုင်းမှုံဆွေးရိလွှန်းလှသော . . .၊ စိတ်ဓာတ် ကျဆင်းလွန်းနေခဲ့သော . . .၊ မိန်းကလေးတစ်ယောက်သည် နှစ်လအကြာမှာ ပေါင်တစ်ရာ့လေးဆယ်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့သော . . . ၊ အရပ်မြင့်မြင့် ကျစ်လျစ်လှပသော . . . ၊ ကိုယ်ခန္ဓာ ကောက်ကြောင်းများ သိသာထင်ရှားလာစွာ၊ အသားအရေ ကြည်လင်တောက်ပကာ ပန်းနုသွေး သန်းလျက်ရှိသော . . . ၊ မျက်လုံးများ သိသိသာသာပင် ရွှန်းစိုတောက်ပလာခဲ့သော . . . နှုတ်ခမ်းပေါ်မှာ သိမ်မွေ့လှပသော အပြုံးလေး ထင်ရှားလာသော၊ မိန်းမချောကလေးတစ်ယောက်အဖြစ်သို့ ထူးခြားစွာပင် ပြောင်းလဲလာခဲ့တော့သည်။

သူ ယသော်ကို စေ့စေ့ကြည့်လျက် . . .

"ယသော် . . . ကိုယ် မင်းကို မြှောက်ပြောတာ မဟုတ်ဘူး . . . တကယ်ပြောတာ၊ မင်း အရမ်းလှလာတယ်၊ မင်းကိုယ်မင်း အဲဒီလောက် လှတဲ့ မိန်းကလေးတစ်ယောက်ဆိုတာကိုရော သတိထားမိရဲ့လား. ကြည့်စမ်း နှစ်လအတွင်းမှာ မင်းပုံစံက နောက်ထပ် အသစ်တစ်ယောက်လိုပဲ ပြောင်းလဲသွားခဲ့တာ၊ မင်း တကယ်တော်တယ် သိလား၊ မင်းမှာ မျှော်လင့်ချက်နဲ့ ပြင်းပြထက်သန်တဲ့ စိတ်ဓာတ်တစ်ခု ရှိနေတာကိုက မင်းအတွက် အောင်မြင်မှုပဲ"

သူ့စကားကို ယသော်က ရှက်သွေးဖြာသော အပြုံးကလေးနှင့် နားထောင်နေရင်း . . .

"အဲဒီလောက်တောင်ပဲ ပြောင်းလဲသွားသလား ကိုဆန်းစရယ်၊ ကျွန်မကတော့ ကိုယ့်ကိုယ်ကို နေ့တိုင်း မြင်နေရလို့လား မသိဘူး . . . သိပ် မသိသာသလိုပဲ၊ ဒါပေမယ့် ကျွန်မရဲ့စိတ်တွေ လုံးဝ ပေါ့ပါး သစ်လွင်သွားတာတော့ အမှန်ပဲ၊ ကိုဆန်းစကို အရမ်း ကျေးဇူးတင်တယ် သိလား၊ ကျွန်မရဲ့ဘဝကို ကိုဆန်းစက ပြောင်းလဲပေးလိုက်တာ"

"ကဲ . . . အဲဒါတွေ ပြောမနေနဲ့၊ မင်းကိုယ်မင်း ဘယ်လောက်လှသလဲဆိုတာ စမ်းသပ်ကြည့်မလား"

သူက အပျော်သဘော စိန်ခေါ်သလို မေးလိုက်လျှင် ယသော်က မျက်လုံးကလေးတွေပါ ရယ်ရွှင်မြူးရိပ် သန်း







www.burmeseclassic.com

www.burmeseclassic.com



သွားလျက် . . .

"စိန်လိုက်လေ . . . ဘယ်လိုစမ်းသပ်ရမလဲ"

"ကဲ . . . လာ ကိုယ်နဲ့လိုက်ခဲ့"

သူက ယသော်ကို ကားနှင့် ခေါ်တင်သွားပြီး ပြည်လမ်းမဆီသို့ ကားမောင်းလာခဲ့သည်။ ကားရပ်လို့ရသော ပလက်ဖောင်းဘေး တစ်နေရာမှာ ကားကို ရပ်လိုက်ပြီး သူက. . .

"ကဲ . . . မင်း ဟိုရှေ့နားမှာ သွားရပ်ပြီး အကူအညီလိုနေတဲ့ ပုံစံမျိုးနဲ့ ကားတွေကို ရပ်ပေးဖို့ လက်သွားပြကြည့်၊ ကား ဘယ်နှစင်းလောက် မင်းကို အလုအယက် ရပ်ပေးကြမလဲဆိုတာ၊ အဲဒီထဲမှာ Taxi တွေတော့ မပါလောက်ဘူး ထင်ပါရဲ့၊ ကဲ . . . သွားရပ်ကြည့်လေ"

ယသော်က ရယ်ရယ်မောမောဖြင့် ကားပေါ်မှ ဆင်းသွားကာ ခပ်လှမ်းလှမ်းဆီသို့ ကြော့ကြော့မော့မော့ကလေး လျှောက်လှမ်းသွားသည်။ ယသော်က အနီရောင်





အစင်းကြား စပို့ရှပ် ကိုယ်ကျပ် လက်ပြတ်ကလေးနှင့် ဘောင်းဘီ အဖြူရောင်ကလေးကို ဝတ်ထားကာ ကြိုးသိုင်း ဒေါက်ချွန်ဖိနပ် အနီရဲရဲကလေးကို စီးထားသောကြောင့် သူမ၏ ပုံစံကလေးက ထင်ရှားတောက်ပစွာ ပေါ်လွင်နေသည်။

ယသော်က လက်ကလေးတစ်ဖက်ကို ဝှေ့ယမ်းပြနေလျက် ကားတွေကို ရပ်ပေးဖို့ အချက်ပြနေသည်။ သူက ယသော့်ကို ကားပေါ်ကနေ စိန်ပြေနပြေ စောင့်ကြည့် အကဲခတ်နေလိုက်သည်။ မကြာပါ . . . ကားတွေ ရှေ့ဆင့်နောက်ဆင့် ယသော့်ဘေးသို့ အလုအယက် ထိုးဆိုက်ဝင်လာကြသည်မှာ ဘာရိတ်ဆွဲသံတွေပင် ညံညံစီသွားတော့သည်။ အနောက်မှာလည်း ရပ်ပေးနေသော ကားတန်းကြီးက မသေးလှ။ ခဏအတွင်းမှာပင် စည်စည်ကားကား ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။ ထိုမြင်ကွင်းကို ယသော်က မျက်လုံးကလေး အဝိုင်းသား၊ ပါးစပ်ကလေး အဟောင်းသားဖြင့် ကြည့်နေကာ ရယ်ချင်စိတ်ကို ထိန်းမရဘဲ ဟက်ဟက်ပက်ပက် ရယ်မောမိ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ထို့နောက် . . . သူ့ကားရှိရာဆီသို့ ခပ်သွက်သွက်လေး ပြန်ပြေးလာကာ ကားပေါ်သို့ ဝရုန်းသုန်းကား တက်လိုက်ရင်း . . .

"ဟား ဟား ဟား . . . ရယ်ရတယ် ကြည့်စမ်း၊ ကားတွေ အများကြီးပဲ ရပ်ပေးတယ်တော့၊ ကိုဆန်းစရဲ့ စမ်းသပ်ပုံက အောင်မြင်လိုက်တာ"

ဟု ပြောရင်း တသိမ့်သိမ့် ရယ်မောနေတော့သည်။

"အောင်မြင်လှချည်လား . . . ကျွန်မကို ကူညီချင်တဲ့ သူတွေ အဲဒီလောက် များလိမ့်မယ်လို့ ထင်တောင် မထားဘူး"

"ကဲ . . . မင်းရဲ့အလှကို ယုံပြီမှတ်လား၊ လူတိုင်း မိန်းမလှလေးတစ်ယောက်ကိုဆို အလုအယက် ကူညီချင်ကြတာချည်းပဲ၊ အဲဒါ မင်းမျက်မြင်ပဲ၊ ခုချိန်ကစပြီး မင်းဟာ ချစ်သူ စွန့်ပစ်ခံလိုက်ရတဲ့ စိတ်ဓာတ်ကျနေတဲ့ ဝတ္တုထဲက မိန်းကလေးတစ်ယောက် မဟုတ်တော့ဘူး၊ မျှော်လင့်ချက်တွေ အပြည့်နဲ့ ဘဝအသစ်တစ်ခုကို ခြေစလှမ်းနေတဲ့ . . . ကိုယ့်ချစ်သူကို ကိုယ့်ဆီ ပြန်လာအောင် ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ညို့အားအပြည့်နဲ့ မိန်းကချောလေးတစ်ယောက် ဖြစ်နေပြီလို့ မှတ်ထားလိုက်"





"အဲဒီလောက်တောင်ပဲလားဟင်"

ယသော်က မျက်ခုံးကလေးပင့်လျက် မယုံနိုင်သလို ပြန်မေးနေသေး၏။ သူက ယသော်ကို စူးခနဲ တစ်ချက် စိုက်ကြည့်လိုက်လျက် . . .

"အဲဒီထက်တောင် ပိုသေးတယ် . . .၊ ကဲ သိပ်မကြာခင်မှာ မင်းတို့သုံးယောက် ပြန်ဆုံဖြစ်အောင် ကိုယ် စီစဉ်ပေးမယ်၊ အဲဒီအခါကျရင် မင်းကိုယ်မင်း ယုံကြည်စိတ်အပြည့်နဲ့ သူတို့နှစ်ယောက်စလုံးအပေါ်မှာ ခွင့်လွှတ်နားလည်မှု အပြည့် ရှိပြီးသား ဖြစ်နေရမယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် မင်း ကြိုတင် လေ့ကျင့် ပြင်ဆင်ထား"

ယသော်က ပြုံးလျက် ခေါင်းညိတ်ပြသည်။

ထိုအချိန်တစ်ခုဆီ မှန်းဆမြင်ယောင်ကြည့်လိုက်မိသည့်အခါ ယသော့်ရင်ထဲရှိ နှလုံးသားက တဒိတ်ဒိတ် အခုန် မြန်လာလေသည်။





စွဲငြိထင်က သူ့လက်ထဲသို့ လှပသော မွေးနေ့ ဖိတ်စာကတ်ကလေး လှမ်းထည့်ပေးလိုက်ရင်း . . .

"မနက်ဖြန် ညနေ ကျွန်မရဲ့ အိမ်မှာ မွေးနေ့ပါတီက လေး လုပ်မလို့၊ သိပ် ခမ်းခမ်းနားနားကြီးတော့ မဟုတ် ပါဘူး၊ အခင်ဆုံး အရင်းနှီးဆုံး မိတ်ဆွေသူငယ်ချင်း တွေလောက်သာ ဖိတ်ပြီး ပျော်ပွဲရွှင်ပွဲကလေး ခြံထဲမှာ လုပ်မှာပါ၊ ဝါသနာပါရင် သီချင်း တက်ဆိုလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရတယ်နော်၊ ခြံထဲမှာ စတိတ်ရှိုးလည်း ရှိမယ်၊ ကစားပွဲကလေးတွေလည်း ရှိမယ်၊ တုတ်ထိုးသည်ကြီးပါ ခေါ်ထားသေးတယ်၊ တုတ်ထိုးလည်း ထိုင်စားလို့ ရတယ်၊ ပျော်ပွဲရွှင်ပွဲ သဘောမျိုးလေးပေါ့၊ ဆန်းစ မလာလို့ မရဘူးနော်၊ ဆက်ဆက် လာခဲ့ရမယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဆန်းစအတွက် အခန်းကဏ္ဍတစ်ခုပါ ကျွန်မထည့်ထားလို့"

"ဟာ . . . ဘာတွေ လျှောက်ထည့်ထားပြန်ပြီလဲ၊ လူသိများအောင် ကိုယ် ဘာမှ မလုပ်ချင်ဘူးနော်"

စွဲငြိထင်၏ စိတ်ကူးကို ရိပ်မိလိုက်သောကြောင့် သူ ပျာပျာသလဲပင် ငြင်းလိုက်သည်။ စွဲငြိက လုံး၀ မရဘူးဆိုသော မျက်နှာပေးဖြင့် သူ့ကို မျက်လုံးပြူး၍ကြည့်ကာ . . .

"ငြင်းမယ်မကြံနဲ့ မရဘူးဆရာ၊ ကျွန်မကို ထူးထူးခြားခြား အဲဒီ လက်ဆောင်တစ်ခုတော့ ပေးရမယ်၊ တခြားမွေးနေ့လက်ဆောင်တွေ ဘာမှ မလိုချင်ဘူး၊ အဲဒီ





တစ်ခုပဲ လုပ်ပေးရမယ်၊ ဆန်းစအတွက် အခန်းကလေးတစ်ခု စီစဉ်ပေးထားမှာ၊ ကျွန်မဆီလာတဲ့ ကျွန်မရဲ့ အချစ်ဆုံးလူတွေရဲ့ စိတ်တွေကို ဆန်းစက ဖတ်ပေးရမယ် . . . ဒါပဲ၊ မလုပ်လို့ မရဘူးနော်၊ အဲဒါ တစ်ချက်လွှတ် အမိန့်"

စွဲငြိထင်က သူမ၏ မူပိုင်ဟန်အတိုင်း တဇွတ်ထိုးပင် အမိန့်ချမှတ်လျက် စေခိုင်းနေသောအခါ သူ ဆက်ပြီး မငြင်းနိုင်တော့။ ထုံးစံအတိုင်းပင် သူ စွဲငြိ၏ အလိုဆန္ဒကို လိုက်လျောလိုက်ရပြန်သည်။

"ပွဲက ၆-နာရီကနေ ည ၁၀-နာရီ ၁၁-နာရီအထိ လုပ်မှာ၊ ဆန်းစ ဖြစ်နိုင်ရင် ခပ်စောစော လာခဲ့နော်"

"ကိုယ် သူငယ်ချင်းတစ်ယောက် ခေါ်လာချင်တယ်၊ ခေါ်လာလို့ရမလား စွဲငြိ"

"ရတာပေါ့ . . . တစ်ယောက်မကဘူး ခေါ်ချင်သလောက် ခေါ်လာခဲ့၊ ဘာလဲ . . . ရွှေပြည်စိုးတို့ ဖြိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



တို့လား၊ သူတို့ကိုလည်း ကျွန်မ ဖိတ်မှာပါ"

"သူတို့မဟုတ်ပါဘူး . . . ကိုယ့်ရဲ့ တခြား သီးသန့် သူငယ်ချင်းတစ်ယောက်ပါ"

သူ့စကားကို စွဲငြိက အနည်းငယ် စိတ်ဝင်စားသွားဟန်ဖြင့် မျက်နက်ဝန်းကလေး ထောင့်ကပ်ကာ မျက်စချီလျက် . . .

"အံမယ် . . . ဘယ်ကသူငယ်ချင်းလဲ၊ ပြောစမ်း . . . အဲဒီ သူငယ်ချင်းက ယောက်ျားလား မိန်းမလား"

"မိန်းကလေးပါ . . ."

သူက ဘာမှ မထူးခြားသလို လေသံမျိုးဖြင့် ခပ်ပေါ့ပေါ့ကလေး အဖြေပေးလိုက်သည်။ စွဲငြိထင်က သူ့ရဲ့ မျက်လုံးများဆီသို့ ခပ်စူးစူးပင် စိုက်ကြည့် အကဲခတ် နေခဲ့သည်။ သို့သော် ဘာမှတော့ ဆက်မပြောတော့ပါ။ အဲဒီ မိန်းကလေးဟာ သူနှင့် ဘယ်လိုများ ပတ်သက်နေလိမ့်မလဲဟူသော စိတ်ဝင်စားသည့် အရိပ်ကလေးတွေတော့ သူမ၏





မျက်နှာဆီမှာ ထင်ဟပ်လျက်ရှိသည်။ သူ စွဲငြိကို ပဟေဠိကလေး လုပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မျှော်လင့်နေတဲ့နေ့ ရောက်ပြီ . . . ယသော်၊ မနက်ဖြန် စွဲငြိရဲ့ မွေးနေ့တဲ့၊ သူ့အိမ်မှာ ပါတီကလေး တစ်ခု ကျင်းပလိမ့်မယ်၊ အဲဒါ ကိုယ့်ကို ဖိတ်ထားတယ်၊ စွဲငြိထင်က သူ့ထုံးစံအတိုင်း မွေးနေ့ပါတီကိုတောင် ပျော်ပွဲရွှင်ပွဲ ကစားပွဲကလေးတွေနဲ့ ကျင်းပမှာ၊ ဘာပဲ ဖြစ်ဖြစ် အဲဒီနေ့ဟာ ယသော့်အတွက် သိပ်အရေးကြီး တယ်နော်၊ မင်း အလှဆုံး ပြင်ထားပါ၊ အလှဆုံး ဆိုတာ ကို နားလည်တယ်မှတ်လား၊ မင်းကို မြင်ရင် အဲဒီလူဟာ





သမင်လည်ပြန် မကြည့်ဘဲ မနေနိုင်လောက်အောင် ဖြစ်နေရမယ် . . . ဟုတ်ပြီလား"

"စိတ်ချပါ ကိုဆန်းစ . . . အဲဒီနေ့အတွက် ကျွန်မ ကြိုတင်ပြီးတော့ ပြင်ဆင်ထားပြီးသားပါ၊ ဝတ်စုံက အစ ကျွန်မ စိတ်တိုင်းကျ သေချာ ဒီဇိုင်းထုတ်ပြီး ချုပ်ထား ခဲ့ပြီးသား၊ အခုလောက်ကြီး မြန်လိမ့်မယ်လို့သာ ထင် မထားခဲ့တာ"

"ကောင်းပြီ ယသော် . . . မနက်ဖြန် ၅-နာရီခွဲ လောက် မင်းကို ကိုယ် လာခေါ်မယ်၊ အားလုံး အဆင် သင့်ပြင်ပြီး စောင့်နေနော်၊ မင်းကိုမြင်ရင် ကိုယ် ရင်ခုန် ချင်တယ် . . . ရင်ခုန်ပါရစေ . . . ဟုတ်ပြီလား"

ယသော့်ကို နှုတ်ဆက်ပြီး ဆန်းစ ပြန်သွားသော အခါ ယသော်လည်း တလှုပ်လှုပ် ခုန်တိုးလျက်ရှိသော နှလုံး သားဆီသို့ လက်ကလေးဖြင့် အသာဖိရင်း အားပါးတရ ပြုံး လိုက်မိသည်။ ကြည့်စမ်း . . . မျှော်လင့်နေတဲ့နေ့ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီ။ အဲဒီနေ့အတွက် ကြိုတင်ပြီး ဒီဇိုင်းထုတ်ကာ IVY မှာ သွားအပ်ထားခဲ့သော မိုးပြာရောင်လွင်လွင် ပိုးဂါဝန်ကလေးကို ဗီရိုထဲကနေ ထုတ်ယူပြီး ကိုယ်မှာ ကပ်ကြည့်လိုက်သည်။ အလွန် လှပဆန်းသစ်သော ဒီဇိုင်းကလေး။ လည်ကုတ် အနောက်ဘက်မှာ ကြိုးချည်ရသော ပခုံးသားများ ထင်ရှား ပေါ်လွင်နေစေသည့် ဂါဝန်ကလေး ဖြစ်သည်။ ဂါဝန်က ဒူးဖုံး ရုံကလေးသာ ရှိလျက် အတွန့်အခက်ကလေးတွေ လှပစွာ ဖြာကျနေသော်လည်း ကိုယ်ခန္ဓာရဲ့ ကောက်ကြောင်း အလှ အပတွေကိုတော့ ထင်ရှားပေါ်လွင်စေသည်။ အပြာရောင် ပိုးလက်ကိုင်အိတ် ရှည်ရှည်ကလေးပင် ရှာဖွေ ဝယ်ထားပြီး သား။ ဖိနပ်ကလေးက Pierre Cardin ဒေါက်ချွန်ချွန် ကြိုး သိုင်း မိုးပြာရောင် လွင်လွင်ကလေး ဖြစ်သည်။ လည်ပင်းမှာ အပြာရောင် ပုတီးလုံး လည်ဆွဲကလေး ဆင်မြန်းမည်။ ဆံပင် တွေကိုတော့ ဒီအတိုင်း ဖားလျားချလျက် အနားသတ်မှာ ဆံနွယ် အခွေအလိပ်ကလေးတွေ တွန့်ရစ်ရွန့် ကျဆင်းစေမည်။





ပြီးတော့ ခေါင်းမှာ Head Band ခေါင်းစည်းကြိုး မိုးပြာကလေး ကို စည်းမည်။ အားလုံး အဆင်သင့် စီစဉ်ပြီးသောအခါ ယသော်သည် မှန်ထဲမှာ မျက်ဝန်းကလေးများ မှေးကျဉ်းလျက် ကိုယ့်ကိုယ်ကို ပြန်ကြည့်ကြည့်သည်။ ထိုအခါ ကိုဆန်းစရဲ့ နောက်ဆုံးပြောသွားခဲ့သော စကားသံတစ်ခုက နားထဲသို့ အသံအယာ စီးဝင်လာခဲ့၏။

"မနက်ဖြန် မင်းကို မြင်တဲ့အခါ ကိုယ် ရင်ခုန်ချင်တယ်၊ ရန်ခုန်ပါရစေ"

အဲဒါ ဘာစကားပါလိမ့်။ ယသော်က မျက်မှောင် ကလေး ဖျတ်ခနဲ ကြုတ်လျက် ပြုံးမှုန့်မှုန့်စွာ မှန်ထဲသို့ မျက်စောင်း ချီလျက် နှုတ်ခမ်းကလေးကို ခပ်စူစူ ချွန်စုထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယသော့်ခြံရှေ့မှာ ကားရပ်လျက် ကားဟွန်းနှစ်ချက်ဆင့် တီးလိုက်ရုံဖြင့် ယသော်အိမ်ထဲမှ ထွက်လာခဲ့သည်။ မိုးပြာရောင် မိုးနတ်မယ်ကလေး တစ်ပါးလို ပြာလွင်တောက်ပစွာ လှချင်တိုင်း လှနေသော ယသော့်ကို မြင်လျှင် ဆန်းစပင် အသက်ရှူဖို့ ခဏ မေ့လျော့သွားမိကာ သတိလက်လွတ် ငေးမောကြည့်နေမိလျက်သား ဖြစ်သွားရသည်။ ယသော်က ပြုံးပြုံးကြော့ကြော့ကလေး လျှောက်လှမ်းလာရင်း ဆန်းစရဲ့ မိုးပြာရောင် Celica ကားကလေးပေါ်သို့ ဗွေ့ခနဲ တက်ထိုင်လိုက်ရင်း . . .





"ဘယ်လိုလဲ . . . ကိုဆန်းစ၊ ကျွန်မကို မြင်ရတာ ရင်ခုန်ရရဲ့လား"

ဟု ခပ်နော့နော့ကလေး မေးလိုက်လျှင် ဆန်းစက ကျေကျေနပ်နပ်ပြုံးလျက် ပခုံးတစ်ချက်တွန့်ကာ . . .

"ရင်ခုန်ပါတယ် . . . ရင်ခုန်တာတင်မကဘူး၊ ကိုယ့်အသက်ရှူပါ ခဏ ရပ်သွားမိတယ်၊ မင်း တကယ် သိပ်လှတာပါ ယသော်၊ အသက်ရှူမှားလောက်အောင် လှတယ်ဆိုတာ အဲဒါမျိုးပဲ ဖြစ်မှာ"

"ကျွန်မလည်း ရင်ခုန်နေတယ် သိလား"

ယသော်က နှလုံးသားရှိရာ ဘယ်ဘက် ရင်အုံကလေးဆီသို့ လက်ကလေးနှစ်ဖက်ဖြင့် ခပ်ဖွဖွဖိရင်း ပြုံးပြုံးကလေး ပြောသည်ကို သူ ငေးခနဲတစ်ချက် စိုက်ကြည့်မိပြီး သတိပြန်ဝင်လာကာ ဖြန်းခနဲ ကားမောင်းထွက်လာခဲ့သည်။ သူ ကားကက်ဆက်၏ CD Player ကို ဖျတ်ခနဲ ဖွင့်လိုက်မိစဉ် ထွက်ပေါ်လာသော သီချင်းက James Blunt ၏ You're



www.burmeseclassic.com

www.burmeseclassic.com



Beautiful ဆိုသော သီချင်းကလေး ဖြစ်သည်။ ထိုသီချင်းကြောင့်ပင် သူမ ပို၍ လှပသွားသလား မပြောတတ်တော့ပါ။





စွဲငြိထင်၏ ခြံထဲသို့ သူတို့နှစ်ယောက် ရောက်သွားချိန်မှာ လူ အနည်းငယ် စည်ကားစ ပြုနေပြီ။ ခြံထဲမှာ စတိတ်ရှိုး စင်မြင့်တစ်ခု မြင်ဆင်ထားလျက် စားစရာတွေ တင်ထားသော ဘူဖေး စားပွဲရှည်ကြီးလည်း ရှိသည်။ တစ်ဖက်မှာ Computer Game ကစားလို့ရအောင် Game စက်ကြီး တစ်ခုပါ ချထားပေးပြီး ဝက်သားတုတ်ထိုးသည်လည်း အဆင်သင့် ရောက်နေပြီ။

ကားပေါ်မှ ယသော်ဆင်းလိုက်သည်နှင့် မိုးပြာ



www.burmeseclassic.com

www.burmeseclassic.com



ရောင် ရိပ်ကလေးက ထင်းခနဲ လင်းချင်းတောက်ပသွားသလို ရှိကာ သူ့အာရုံနှင့်သူ ရှိနေကြသော လူတွေအားလုံး၏ ဦးခေါင်းတွေက ယသော်ရှိရာဆီသို့ အလိုလို လှည့်မိရက်သား ဖြစ်ကုန်ကာ မျက်ဝန်းတွေက ယသော့်ဆီမှာ ဆိုက်တန့်ငေးမောမိသွားကြသည်။ ယသော်က ပြုံးပြုံးကလေး လျှောက်လှမ်းလာလျက် သူ့ဘေးနားမှာ ကပ်လျက် ပါလာသည်။ သူက အလှအပတွေ အများကြီးထဲမှာ စွဲငြိထင်ကို ရှာဖွေရသည်။ သိပ်ကြာကြာ မရှာလိုက်ရပါ။ မင်းသမီးပီပီ လူတွေကြားထဲမှာ ထင်းနေအောင် ပြင်ဆင်ထားသော စွဲငြိထင်ကို အဖြူရောင် ဇာဝတ်စုံ ခပ်ပါးပါးကလေးဖြင့် တွေ့လိုက်ရသည်။ ကံကောင်းထောက်မစွာပင် စွဲငြိထင်ရဲ့ နံဘေးမှာ ကိုထင်စွာလည်း ရှိနေခဲ့သည်။ စွဲငြိက သူတို့ လျှောက်လာနေသော လမ်းကို ကျောပေးထားလျက် ကိုထင်စွာနှင့် မျက်နှာချင်းဆိုင်ကာ စကားပြောနေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယသော့်ကို စတင်၍ လှမ်းမြင်သူမှာ ကိုထင်စွာ ဖြစ်သည်။ ရုတ်တရက် အရောင်ပြောင်းလဲ





ကာ တောက်ပသွားသော ကိုထင်စွာ၏ မျက်လုံးတွေကို ဆန်းစက အမိအရပင် ဖမ်းမိလိုက်နိုင်သည်။ စွဲငြိက ကိုထင်စွာ၏ မျက်နှာပေါ်မှ ပြောင်းလဲသွားသော အရိပ်တချို့ကြောင့် ဘယ်သူများပါလိမ့်ဟု အနောက်ဘက်သို့ ချာခနဲ လှည့်အကြည့်မှာ ယသော်နှင့် သူ့ကို ရင်ဆိုင် ဆုံတွေ့လိုက်ရခြင်း ဖြစ်သည်။ ထိုခဏမှာ စွဲငြိရဲ့ မျက်လုံးတွေ ဖျတ်ခနဲ ငြိမ်သက်သွားကြ၏။ ယသော့်ကို ရုတ်တရက် မမှတ်မိသလို ခပ်ကြောင်ကြောင် ငေးကြည့်နေမိပြီးမှ ပြုန်းခနဲ အသက်ဝင်ကာ ချက်ချင်း ဟန်ဆောင်ပစ်လိုက်နိုင်၏။ စွဲငြိထင်၏ မျက်နှာတစ်ခုလုံး အားပါးတရကြီး ပြုံးသွားကာ . . .

"ဟယ် . . . ကြည့်စမ်း ယသော်၊ ငါက ဘယ်သူများလဲလို့၊ နင့်ကို မှတ်တောင် မမှတ်မိဘူး၊ နင်"အရမ်း ပြောင်းလဲသွားပါလား၊ မတွေ့ရတာ ကြာပြီနော်၊ ငါ နင့်ကို ဖိတ်ဖို့ မေ့သွားတယ် . . . ဆောရီးပဲဟာ၊ ငါ မဖိတ်ပေမယ့် နင် ရောင်အောင်လာတဲ့အတွက် ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



တယ် . . . သိလား"

စွဲငြိက ယသော့်ကို လှိုက်လှိုက်လှဲလှဲ ပြောရင်း ဝမ်းသာအားရဟန်ဖြင့် အားပါးတရ သိုင်းဖက်ထားလိုက်သည်။ ယသော်ကလည်း စွဲငြိကို ပြန်လည် ထွေးပိုက်ထားလိုက်ကာ မျက်နှာတစ်ခုလုံး အပြုံးရိပ်တွေ ဆင်လျက် . . .

"Happy Birthday စွဲငြိ၊ ကိုယ့်သူငယ်ချင်းရဲ့ မွေးနေ့တိုငါက ဘယ်မေ့လိမ့်မလဲ၊ နင့်ကို တမင်သက်သက် Surpirse လုပ်ချင်လို့ကို လာခဲ့တာ . . . သိလား၊ နင် အရမ်း ပိုလှလာတယ် သိလား၊ အရမ်းလည်း အောင်မြင်တာပဲနော်"

ဟု ရွှင်မြူးသွက်လက်သော လေသံကလေးဖြင့် ပြောရင်း မျက်လုံးများက ကိုထင်စွာ့ဆီသို့ ဝင့်ခနဲ တစ်ချက် ရောက်သွား၏။ ကိုထင်စွာက မျက်တောင်မှ ခတ်သေးရဲ့လားမသိ။ ယသော့်ကို တအံ့တဩကြီး ငေးစိုက်ကြည့်နေသည်မှာ အသက်ရှူဖို့ပင် မေ့နေသည့်အလား။ ယသော်က ကိုထင်စွာ





ကို ဘယ်တုန်းကမှ သူ ယသော့်အပေါ် မရက်စက်ခဲ့ဖူးသူလို၊ နာကျင်အောင် မလုပ်ခဲ့ဖူးသူလို ရင်ထဲမှာ ဘယ်လို အငြိုးအတေးမှ ရှိမနေသူလို ဖြူစင် အပြစ်ကင်းလှသော အပြုံးကလေးဖြင့် အားပါးတရကလေး ပြုံးပြလိုက်ကာ . . .

"နေကောင်းတယ်နော် ကိုထင်စွာ၊ မတွေ့ရတာတောင်ကြာပြီနော်"

ဟု စွဲငြိကို ဖက်ထားလျက်မှ လှမ်းနှုတ်ဆက်လိုက်သည်။ ကိုထင်စွာ၏ မျက်လုံးများကို မြင်ရုံမျှဖြင့် ယသော့်ရဲ့ အလှအပတွေဆီမှာ ဘယ်လောက်တောင် အငိုက်မိ ယစ်မူးပျော်ဝင်သွားခဲ့သလဲဆိုတာ အသိသာကြီးပင်။

"ကောင်းပါတယ် ယသော်၊ ကိုယ် ယသော့်ကို မှတ်တောင် မမှတ်မိဘူး၊ အရမ်းလှလာတယ်နော်"

ဟု လှမ်းနှုတ်ဆက်သံက သမားရိုးကျ မဖြစ်ဘဲ အနည်းငယ် တုန်ယင်သံပင် စွက်နေသည်။ ယသော်နှင့် စွဲငြိတို့ တစ်ယောက်ကိုတစ်ယောက် ရင်ချင်းအပ်လျက် ဖက်ထား



www.burmeseclassic.com

www.burmeseclassic.com



ရာမှ လူချင်းခွာလိုက်ကာ တစ်ယောက်မျက်နှာတစ်ယောက် အားပါးတရ ပြုံးကြည့်လျက် နှစ်ယောက်စလုံး၏ ရင်ထဲမှာ ဘာအငြိုးအမျက်မှ၊ ဘာဟန်ဆောင်မှုမှ မရှိသူတွေလို့ပင် လှိုက်လှိုက်လှဲလှဲကြီး ပြုံးပြလျက် . . .

"ငါ နင့်ကို ပြောစရာရှိတယ် စွဲငြိ . . . ခဏလေး လိုက်ခဲ့နော်"

ယသော်က ပြောလျက် စွဲငြိ၏ လက်တစ်ဖက်ကို ခပ်တင်းတင်း ဆွဲခေါ်ကာ ကိုထင်ဗွာနှင့် ဝေးရာဆီသို့ ခေါ်လာခဲ့သည်။ လူရှင်းသော တစ်နေရာအရောက်မှာ နှစ်ယောက်သား မျက်နှာချင်းဆိုင်မိလျက် ယသော်က စွဲငြိထင်၏ မျက်လုံးတွေဆီသို့ တည့်တည့်ပင် စိုက်ကြည့်ကာ . . .

"ငါ နင့်ကို လုံးဝ အပြစ်မတင်ဘူး သိလား . . . စွဲငြိ၊ တကယ်တော့ နင်က သူ့ကို ငါ့ဆီကနေ လုယူသွားခဲ့တာမှ မဟုတ်တာ၊ သူကသာ ငါ့နှလုံးသား ဆီကနေ နှုတ်ထွက်သွားခဲ့တာပါ၊ အဲဒါကြောင့် သူ့ကိုသာ နာတာ၊





နင်နဲ့ ငါ့အကြားမှာ ဘာမှ ပြဿနာ မရှိဘူး . . . သိလား၊ အရင်အတိုင်းပဲနော်"

ယသော်က သဘောထားကြီးသူတစ်ယောက်လို အပြုံးမျိုးဖြင့် စွဲငြိကို ကြည့်လျက် ပြောလိုက်သည်။ ထိုစကားကို ကြားလျှင် စွဲငြိသည် ဘယ်လောက်ပင် ဟန်ဆောင်မှုရာကောင်းသည်ဆိုဆို အနည်းငယ်တော့ မျက်နှာပျက်ယွင်းလျက် ဟန်အမူအရာ ပျက်ကာ . . .

"ဆောရီးပဲ . . . ယသော်ရယ်၊ ငါ တောင်းပန်ပါတယ်၊ အဲဒီလို ဖြစ်ဖို့ ငါ တကယ် မရည်ရွယ်ခဲ့ပါဘူး၊ ငါ ရှောင်ခဲ့ပါသေးတယ်၊ ဒါပေမယ့် သူက ငါ့ဆီ အတင်း တိုးဝင်လာခဲ့တာ၊ ဒါပေမယ့် အခုချိန်မှာ အဲဒါတွေ မပြောကြေးပဲ . . . ဟုတ်ပြီလား၊ နင် ငါ့အပေါ်မှာ သဘောထား ကြီးပြီး နားလည်ခွင့်လွှတ်ပေးတဲ့အတွက် နင့်ကို သိပ်ကျေးဇူးတင်တယ် သိလား၊ ဒါနဲ့ နေပါဦး . . . ဆန်းစနဲ့ နင်က ဘယ်လို ပတ်သက်နေတာလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



စွဲငြိမ်း၏ မျက်လုံးတွေက စိတ်ဝင်စားမှုဖြင့် တလက်လက် တောက်ပဖြာလက်လျက် ရှိသည်။ ယသော်က ပခုံးကလေးတစ်ချက်တွန့်ကာ ပြုံးပြုံးကလေး လုပ်လျက် . . .

"သူက ငါ့ရဲ့ Mind Reader လေ၊ ငါနဲ့ သူငယ်ချင်းတွေပါ၊ သူက ခင်ဖို့လည်းကောင်းတယ် . . . စိတ်ဝင်စားဖို့လည်း ကောင်းတယ်ဟ၊ နင်နဲ့ရော ဘယ်လိုလုပ်ပြီး ခင်တာလဲ"

"ငါနဲ့ YUFL မှာ တွေ့တာ၊ ငါက အခု YUFL မှာ ကိုရီးယား တက်နေတာလေ၊ သူက အင်္ဂလိပ် တက်နေတာ"

"ဩော် . . . ဩော်"

ယသော်က ခေါင်းကလေး တဆတ်ဆတ် ညိတ်ပြရင်း စွဲငြိမ်းကို အကဲခတ်သလို လှမ်းကြည့်နေသည်။ စွဲငြိမ်းကလည်း ယသော့်ကို စိတ်ဝင်တစား ဖြစ်နေတာကို ဟန်ဆောင်၍ပင် ဖုံးဖိမထားနိုင်။





"မနေပါဦး . . . နင်တို့နှစ်ယောက်က ရိုးမှ ရိုးရဲ့လား၊ ဆန်းဆန်းပြားပြားတွေလား"

ဟု မေးလျှင် ယသော်က ရွှက်ပြုံးကလေးဖြင့် . . .

"အမယ် . . . နင်က ဘာဖြစ်လို့ မေးတာလဲ၊ ရိုးပါတယ် . . . ရိုးရိုးသားသားပါ၊ ခုချိန်ထိတော့ ဆန်းဆန်းပြားပြား မဟုတ်သေးပါဘူး"

ဟု ရွှတ်နောက်နောက်ဟန်ဖြင့် ဆိုလိုက်သည်။ စွဲငြိမ်းထင်က ကျေနပ်ပုံမရ။ သူမစိတ်ထဲမှာ တစ်ခုခုတော့ ဖြစ်နေမှန်း ယသော်က မှန်းဆ၍ ရပါသည်။ ထိုအချိန်မှာ စွဲငြိမ်းက ဖြုန်းခနဲ စကားစကို ဖြတ်လျက် . . .

"ကဲ . . . ယသော် ပျော်ပျော်ပါးပါးနေ၊ သီချင်းဆိုလို့လည်း ရတယ်၊ Game ကစားလို့လည်း ရတယ်၊ စားချင်တာ စားလို့လည်း ရတယ်၊ လွတ်လွတ်လပ်လပ်ပေါ့၊ ငါ တခြားဧည့်သည်တွေကို ဧည့်ခံလိုက်ဦးမယ်၊ နင်လာ



www.burmeseclassic.com

www.burmeseclassic.com



တာ ငါ သိပ်ပျော်တယ် သိလား"

ဟု ယသော့်ကို နှုတ်ဆက်လျက် သူမကို လာနှုတ်ဆက်နေသော Model တစ်ယောက်နှင့် ပြန်ပါသွားသည်။ စွဲငြိရဲ့ ပွဲမှာ Model တွေ၊ မင်းသမီးတွေ၊ အဆိုတော်တွေ တော်တော်များများပင် စည်ကားလှ၏။ ယသော်က ဆန်းစကို လိုက်ရှာကြည့်သည်။ ချက်ချင်း မတွေ့ . . . ။ နောက်မှ ဆန်းစအတွက် မြို့ထဲမှာ ယာယီတဲအဖြူကလေး စီစဉ်ခင်းကျင်းပေးထားလျက် လူအချို့ကို ဗေဒင်ကြည့်ပေးရသလို Mind Reading လုပ်ပေးနေရမှန်း သိလိုက်ရသည်။

မကြာပါ . . . ။ ယသော့်နားသို့ ကိုထင်စွာ တရွေ့ရွေ့ လျှောက်လှမ်းလာတာကို မျက်ဝန်းထောင့်စွန်းကလေးတွေဆီကနေ ရိပ်ခနဲ တွေ့လိုက်ရသည်။ ယသော်သည် ရင်ခုန် စိတ်လှုပ်ရှားသွားကာ နှစ်လလုံးလုံး ကြိုတင်ပြင်ဆင်ထားခဲ့သည့်အတိုင်း အပြစ်အကင်းဆုံး . . . နားအလည်နိုင်ဆုံး . . . သဘောထား အကြီးဆုံး အပြုံးကလေးနှင့် သူ့ကို





စောင့်ကြိုနေလိုက်သည်။ ယသော် ဘာပြောရမည် ဆိုတာကို ကိုဆန်းစက သင်ထားပေးခဲ့ပြီးသား။

"ယသော့်ကို ကိုယ် စကားနည်းနည်း ပြောစရာရှိလို့၊ ခွင့်ပြုနိုင်မလားဟင်"

"ကျွန်မကလည်း ကိုကို့ကို ပြောစရာရှိတယ်၊ ကိုကို ကျွန်မကို ပြောမဲ့စကားက တောင်းပန်စကားဆိုရင် ကျွန်မကို ကိုကို တောင်းပန်ဖို့ မလိုပါဘူး၊ ဘာပဲဖြစ်ဖြစ် ကိုကို့ကို ကျွန်မ လုံးဝ အပြစ်မတင်ဘူး သိလား၊ ဖြစ်ခဲ့သမျှဟာ ကိုကို့အပြစ် မဟုတ်ပါဘူး၊ ကိုကို့အမှားလည်း မဟုတ်ပါဘူး၊ စွဲငြိထင်ဟာ ကျွန်မပိုင်ဆိုင်သမျှ သက်မဲ့သက်ရှိ အရာအားလုံးကို လုယူနေကျပဲမို့ ကျွန်မအတွက် မဆန်းတော့ပါဘူး၊ တစ်ခုတော့ ပြောချင်တယ် . . . ကိုကို့ကို အမြဲတမ်း နားလည် ခွင့်လွှတ်နေမယ် သိလား"

ဟုသာ ဦးအောင် ပြောပစ်ခဲ့ပြီး ယသော်က လှည့်ထွက်လာခဲ့သည်။ သူ့ကို ကျောခိုင်းလိုက်ပြီး ယသော့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ဒီဘက်သို့ ပြန်လှည့်မိချိန်မှာတော့ ယသော်က အား ပါးတရ ပြုံးလိုက်မိလေသည်။ ယသော် အောင်နိုင်ခဲ့ပြီ။ စွဲပြီထင်ကိုရော . . . ယသော့်ရဲ့ ချစ်သူဟောင်းကိုရောပေါ့။





အခန်း . . . (၅)

အနောက်ကနေ လိုက်မလာတော့ဘူးလို့ ထင်ထားတာ။ သို့သော် ကိုထင်စွာက ယသော့်နောက်မှ ခြေလှမ်း ခပ်သွက် သွက်ဖြင့် ထက်ကြပ်မကွာ လိုက်ပါလာကာ . . .

"ခဏလေး နေပါဦး ယသော်၊ ကိုယ့်ကို တကယ်ပဲ နား လည်ခွင့်လွှတ်နိုင်သလား၊ ကိုယ်ကတော့ ယသော့် အပေါ်မှာ လုပ်ခဲ့မိတဲ့ အပြစ်အတွက် ကိုယ့်ကိုယ်ကို အပြစ်ရှိသူတစ်ယောက်လို ခံစားနေရတယ်၊ တကယ် တော့ ကိုယ် အဲဒီလို ဖြစ်ချင်ခဲ့တာ မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ယသော်အပေါ်မှာ သစ္စာရှိတဲ့ ချစ်သူတစ်ယောက် ဖြစ်ချင်ခဲ့တာပါ၊ ဒါပေမယ့် အကြောင်းအမျိုးမျိုး ကြောင့်. . ."

ယသော်သည် နှုတ်ခမ်းကလေးကို မသိမသာ ကိုက်လိုက်မိသည်။ သူ ဘာတွေ ဆက်လိမ်ဦးမလို့လည်း။ ထားရစ်ခဲ့တုန်းကတော့ ရက်ရက်စက်စက် တစ်ချက်ကလေးမှ နောက်ပြန် လှည့်ကြည့်ဖော်မရဘဲ ဥပေက္ခာပြု လျစ်လျူရှုခဲ့ပြီးမှ အခုတော့ အံ့ဩစရာကောင်းလောက်အောင် နောင်တတွေ ရနေပါလား။ ယသော်ဟာ အရင်က သူ စွန့်ပစ်ချန်ထားရစ်ခဲ့သော ခပ်တုံးတုံး ခပ်ရိုးရိုး မိန်းမတစ်ယောက်မှ မဟုတ်တော့တာ။ လူတကာက ငေးကြည့်မက်မောနေရသော ယမင်းရုပ်ကလေးတစ်ရုပ် ဖြစ်ခဲ့ပြီကိုး။ ယသော်သည် တော်ပါတော့ဟု သူ့ကို အော်ပစ်လိုက်ချင်စိတ်ကို သိမ်းဆည်းချုပ်ထိန်းထားလိုက်ပြီး သူ့ကို ပြုံးပြုံးကလေး ပြန်ကြည့်လိုက်သည်။

"အပြစ်တစ်ခုလို့ ခံစားမနေပါနဲ့တော့ ကိုကို၊ ကိုကို





ကျွန်မကို အကြောင်းမဲ့ ထားပစ်ခဲ့တုန်းကတော့ အမှန်အတိုင်း ဝန်ခံရရင် ကျွန်မဘဝတစ်ခုလုံး ပြိုလဲပျက်စီးသွားမတတ် ခံစားခဲ့ရတာပါ၊ စိတ်ဓာတ်တွေကျပြီး ဘာမှ လုပ်ချင်စိတ် မရှိတော့လောက်အောင်ကို အသည်းကွဲ ခံစားခဲ့ရတာပါ၊ ဒါပေမယ့် ကျွန်မကို လူတစ်ယောက်က လမ်းပြပေးခဲ့တယ်၊ ဘဝမှာ ကိုယ်လိုချင်တာကို ဘယ်လိုနည်းနဲ့ ပြန်ရအောင် ကြိုးစားလုပ်ယူရမလဲဆိုတဲ့ အသိတစ်ခုကို သူက ပေးခဲ့တာ၊ သူပေးတဲ့ စိတ်ဓာတ်ခွန်အားတွေနဲ့ ကျွန်မကိုယ် ကျွန်မလုံးဝကြီး ပြောင်းလဲပစ်လိုက်တာ၊ ဘာပဲဖြစ်ဖြစ် အဲဒီအတွက် ကိုကို့ကို ကျွန်မ အမြဲ ကျေးဇူးတင်နေမှာပါ"

ကိုထင်စွာက ပြုံးပြုံးကလေး ပြောနေသော ယသော့်ရဲ့ မျက်နှာကလေးဆီ တမေ့တမောကြီး ငေးမောလျက်ရှိသည်။ သူ သိပ်အံ့ဩနေပုံပဲ။ သူသိခဲ့တုန်းက အလှအပဆိုတာကို နားလည်းမလည်၊ ပြင်ဆင်ရကောင်းမှန်းလဲ မသိ၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ကိုးကွယ်စရာ တစ်ခုလို မျက်လုံးစုံမှိတ် ကိုးကွယ်ခဲ့ပြီး သူတစ်ပါး လုယူသွားမှာကို စိုးထိတ်ပူပန်စိတ်တွေနှင့် သဝန်တို လောင်မြိုက်ခဲ့ရသော သာမန်မိန်းမတစ်ယောက်သာ ဖြစ်ခဲ့သည်။ အခုတော့ သူ့ရှေ့မှာ နတ်ရေကန်ထဲ ခုန်ဆင်းပစ်လိုက်သလို ပုံစံတစ်ခုလုံး ပြောင်းလဲသွားကာ အပြောအဆို စိတ်နေစိတ်ထားတွေပါ အသစ်တဖန် မွေးဖွားလာခဲ့သလို ပါးနပ်ယဉ်ကျေးနေသည်ကို သူ အံ့ဩမဆုံး ရှိမှာပဲ။ အဲဒီ အံ့ဩမှုနှင့်အတူ သူ ဘာဆက်လုပ်မလဲ ဆိုတာကို ယသော်က အသာကလေး စောင့်ကြည့်နေရုံပင်။

"ကဲ . . . ကျွန်မကို ခွင့်ပြုဦး ကိုကို"

ဟု နှုတ်ဆက်ခဲ့ကာ ယသော်က သူ့အနားမှာ ခပ်သွက်သွက် လှည့်ထွက်လာခဲ့သည်။

ထိုမြင်ကွင်းကို စွဲငြိထင်က တစ်နေရာကနေ အစအဆုံး စောင့်ကြည့်နေခဲ့မိသည်။ ကိုထင်စွာ ယသော့်ကို ကြည့်သော အကြည့်တွေ၊ ပြောင်းလဲသွားသော မျက်နှာပေါ်က





အရိပ်တွေ၊ ပြီးတော့ . . . ယသော် သွားရာနောက်သို့ တကောက်ကောက် လိုက်ပါလျက်ရှိသော သူ့ရဲ့ မျက်လုံးတွေ။ နောက်ဆုံးမှာတော့ ဘယ်လိုမှ ဟန်ဆောင်မျိုသိပ်နိုင်ပုံ မရတော့ဘဲ ယသော့်နောက်သို့ တကောက်ကောက် လိုက်ကာ တစ်စုံတစ်ခု ပြောလျက်ရှိတာကို စွဲငြိက ခပ်လှမ်းလှမ်းကနေ စောင့်ကြည့်နေခဲ့သူမို့ အစအဆုံး မြင်ပါသည်။ မျက်စိရှေ့မှာ မြင်တွေ့နေရသော ယသော့်ကို ဟိုအရင်က စွဲငြိသိခဲ့သော ယသော်သွင်မှ ဟုတ်ပါရဲ့လားဟု သံသယ ဖြစ်လောက်အောင် ပင် လုံးဝ ပြောင်းလဲ ခြားနားသွားသည်ကို အံ့ဩ၍ မဆုံးနိုင်။ ပို၍ အံ့ဩမိသည်မှာ ကိုထင်စွာတစ်ယောက် ဣန္ဒြေပင် မဆည်နိုင်လောက်အောင် အငိုက်မိ ပြူဆင်းသွားခဲ့ပုံကိုပင်။

စွဲငြိသည် ကိုထင်စွာ့ဆီသို့ လျှောက်လာခဲ့ကာ သူ့ပခုံးကို တစ်ချက် လှမ်းပုတ်လိုက်ရင်း . . .

"ဘာတွေဖြစ်နေတာလဲ . . . ကို၊ ဣန္ဒြေလေး ဘာလေး ဆည်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာဖြစ်နေလို့လည်း . . . ကိုယ် သူ့ကို တောင်းပန်ချင်လို့ တောင်းပန်လိုက်တာပါ။ ကိုယ်က တောင်းပန်ရမဲ့သူလေ"

"တောင်းပန်ရအောင် ကိုက ကျွန်မနဲ့ ချစ်ခဲ့တာကို အမှားတစ်ခု . . . အပြစ်တစ်ခုလို့ သတ်မှတ်ထားတာလား"

စွဲငြိက ဖျဉ်းခနဲ ဖြစ်သွားသော မခံချင်စိတ်ဖြင့် ခပ်ဆတ်ဆတ်လေး ပြန်မေးလိုက်သည်။ သူက စွဲငြိကို သာမန်ကာ လျှံကာသာ တစ်ချက်လှည့်ကြည့်လျက် . . .

"အဲဒီလိုတော့ မဟုတ်ဘူးလေ . . . ဘာပဲဖြစ်ဖြစ် ကိုယ့်မှာ အပြစ်ရှိတာတော့ အမှန်ပဲ၊ သူနဲ့ ချစ်နေလျက်နဲ့ ကိုယ့်ချစ်သူကို သစ္စာဖောက်ပြီး ကိုယ့်ချစ်သူရဲ့ သူငယ်ချင်းကို စည်းကျော်ပြီး ချစ်ခဲ့မိတာ ကိုယ် အပြစ်ရှိတာပေါ့"

"တော်တော် နောင်တရနေတယ်ပေါ့လေ . . .၊ အဲဒါ





ဆိုရင်လည်း သူ့ရှေ့မှာ ဒူးထောက်ပြီးတော့ တောင်းပန်လိုက်ပါလား၊ ဒီမှာ ပြောထားမယ်နော် . . . ဒီပွဲဟာ စွဲငြိထင်ရဲ့ပွဲ၊ ယသော်သွင့်ရဲ့ ပွဲမဟုတ်ဘူး၊ ကို့ရဲ့ မျက်လုံးတွေကို တစ်ဆိတ် ကျေးဇူးပြုပြီး ယသော့်ဆီကနေ ရုပ်သိမ်းပေးထားစမ်းပါ၊ အဲဒါ သဝန်တိုတာမဟုတ်ဘူး၊ ကျွန်မတို့နှစ်ယောက် စချစ်ခဲ့ကတည်းက တစ်ယောက်ကိုတစ်ယောက် မချည်နှောင်ကြေးလို့ ပြောထားခဲ့ပြီးသား၊ အခု ကို့ကို ကျွန်မ ချည်နှောင်မထားဘူး၊ ကျွန်မထက် ပိုမက်မောသာယာစရာကောင်းတယ်လို့ ယူဆရင် အချိန်မရွေး ကျွန်မဆီကနေ နှုတ်ထွက်သွားလို့ရတယ်၊ အဲဒီအတွက် ကျွန်မက ဝမ်းနည်းနေမဲ့ မိန်းမစားမျိုး မဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်ကို မရှိမဖြစ် စွဲလမ်းမက်မောနေတတ်တဲ့ မိန်းမတွေထဲမှာ စွဲငြိထင် မပါဘူး သိလား၊ စွဲငြိထင်အတွက် ယောကျ်ားမရှားဘူး၊ ပေါသမှ သိပ်ကိုပေါ . . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



စွဲငြိက ရုတ်တရက် ခေါင်းထောင်ထလာခဲ့သော မာနနှင့် မခံချင်စိတ်တို့ကြောင့် သူ့ကို မနာ နာအောင်ပင် စကားလုံး ရွေးချယ်ပြီး တမင်သက်သက် ပြောပစ်လိုက်ခြင်း ဖြစ်သည်။ ခါတိုင်းဆိုလျှင်တော့ သူ သည်းခံကောင်း သည်းခံ လိမ့်မယ်။ အခုတော့ သူ့ရဲ့ စိတ်အာရုံတွေက ယသော့်ဆီသို့သာ ရောက်နေသည်မို့ . . .

"စွဲငြိ . . . မင်းရဲ့စကားက ကိုယ့်ကို စိန်ခေါ်နေသလိုပဲ နော် . . . မင်း ကိုယ့်ကို ပြတ်စကား ပြောနေတာ လား"

"ရှင်ကြိုက်သလို ဘာသာပြန်လို့ရတယ်၊ လမ်းခွဲစကား လို့ ယူဆရင်လည်း အခုအချိန်ကစပြီး ကြိုက်တဲ့လမ်းကို သွားနိုင်တယ်၊ ရှင့်ကို ကျွန်မ ဆွဲမထားဘူး၊ ကျွန်မက ကိုယ့်ကို တမ်းတမ်းစွဲမနေရင် မလွမ်းတတ်ဘူး . . . သိလား၊ ကိုနဲ့ကျွန်မ ချစ်ခဲ့ကြတဲ့ ကာလမှာ ကျွန်မက ကို့ကို ဖြားယောင်းသွေးဆောင်ခဲ့တာ မဟုတ်ဘူး။





ကိုကသာ ကျွန်မဆီကို ကမူးရှူးထိုးနဲ့ အရှုးအမူး ဇွတ် တိုးဝင်လာခဲ့တာ၊ ကျွန်မကို ချစ်ခဲ့တဲ့အတွက် ကို နောင်တ ရနေမယ်ဆိုရင် အဲဒီနောင်တကို ကျွန်မ မလို ချင်ဘူး၊ ကိုကြိုက်သလို ဆုံးဖြတ်နိုင်တယ် . . . ဒါပဲ"

စွဲငြိက စကားကို အနိုင်ပိုင်း၍ ပြောပစ်ခဲ့ကာ သူ့ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့သည်။ စွဲငြိရဲ့ သက်တမ်းတစ် လျှောက်မှာ ထားခဲ့တဲ့ ရည်းစားတွေမှ တစ်ပုံတစ်ပင်၊ ရေတွက် လို့တောင် မရ။ လမ်းခွဲကြပြီ ဆိုတဲ့ အခါတိုင်းလည်း စွဲငြိက သာ စတင်ပြီး စွန့်ပစ် ကျောခိုင်းခဲ့သည်ချည်းပင်။ ဘယ်သူ့ရဲ့ ချန်ထားခဲ့ခြင်းကိုမှ စွဲငြိ မခံဖူးခဲ့။ အခုလည်း ကိုထင်စွာရဲ့ မျက်ဝန်းတွေကို အကဲခတ် မှန်းဆကြည့်မိရုံဖြင့် ကိုယ်မထားခဲ့ ရင်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူက ထားသွားတော့ မှာပဲဟု ကြိုတင်ရိပ်မိစိတ်နှင့်အတူ စတင်၍ အနိုင်ပိုင်း ပြတ်စဲ ပစ်လိုက်ခြင်း ဖြစ်သည်။ ပြီးတော့ အရိုးသားဆုံး ဝန်ခံရလျှင် ကိုထင်စွာ့ကို စွဲငြိ ပျင်းပြီ။ စွဲငြိရဲ့ ခြေလှမ်းတွေက ခပ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမှာ လူစည်ကားလျက်ရှိသော ဆန်းစလေ၏ ယာယီတဲ ဖြူဖြူကလေးဆီသို့ ဖြစ်သည်။





## အခန်း ... (၆)

မနေ့က စွဲငြိရဲ့ မွေးနေ့အကြောင်း ကန်တင်းထဲမှာ စားမြုပ်ပြန်တာ မြန်ပြောနေကြရင်း စွဲငြိက ရုတ်တရက် အမှတ်တမဲ့ဟန်ဖြင့် ...

"ဒါနဲ့ နေပါဦး ... ဆန်းစကို မေးစရာရှိလို့ မနေ့က ယသော်နဲ့ အတူတူ တွဲလာတာ မြင်တော့ ကျွန်မ တော်တော် အံ့ဩသွားတယ်၊ ယသော်နဲ့ ဘယ်လို ပတ်သက်တာလဲ ... ဘယ်လိုလုပ်ပြီး သိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ဆန်းစက စွဲငြိ ထိုမေးခွန်းကို မေးမည်ဆိုတာကို ကြိုတင် မျှော်လင့်ထားပြီးသား ဖြစ်သည်။

"အင်း . . . သူ့ကို ကိုယ့်ရဲ့ Client လို့ ခေါ်မလား၊ Patient လို့ ခေါ်ရမလား မသိပါဘူး၊ သူ့ကို စတွေ့တော့ စိတ်မှာ ဒဏ်ရာ အကြီးအကျယ် ရထားပြီး စိတ်ဓာတ် သိပ်ကျနေတဲ့ ခပ်ဝဝ မိန်းကလေးတစ်ယောက်ပုံစံနဲ့ စတွေ့ခဲ့တာ၊ သူ့ကို ကိုယ်က စိတ်ဓာတ် စစ်ဆင်ရေး လုပ်ပြီး စမ်းသပ်ကုခဲ့တာ ဆိုပါတော့"

သူ့အဖြေကြောင့် စွဲငြိ ငြိမ်သက်သွား၏။

"ယသော်သွင်နဲ့ ပတ်သက်နေတာကို ကျွန်မကို ဘာဖြစ်လို့ ပြောမပြခဲ့တာလဲ၊ ကိုထင်စွာဟာ ယသော့်ရဲ့ ချစ်သူဆိုတာကို ဆန်းစ သိပြီးသားမှတ်လား၊ အဲဒါဆိုရင် ကျွန်မကို သူများချစ်သူကို လုယူတဲ့ မိန်းကလေးလို့ ဆန်းစ ထင်နေခဲ့မှာပေါ့"





"ကိုယ် ဘယ်သူ့ကိုမှ မထင်တတ်ပါဘူး၊ လူတိုင်း လူတိုင်းမှာ ကိုယ့် အယူအဆနဲ့ ကိုယ် . . . ကိုယ့်ထင်မြင်ချက်နဲ့ ကိုယ်၊ ကိုယ်ကြိုက်တာ လုပ်ခွင့်ရှိတာပဲ၊ လူတစ်ယောက်ရဲ့ အလုပ်တစ်ခုကို တခြား လူတစ်ယောက်က ကိုယ့်ထင်မြင်ချက်နဲ့ ဝေဖန်သုံးသပ်ခွင့် မရှိဘူးလို့ ကိုယ်တော့ ထင်တာပဲ၊ လူတိုင်းမှာ ကိုယ်လိုချင်တဲ့ အရာကို ရအောင် လုပ်ယူခွင့် ရှိကြတာချည်းပဲ၊ စွဲငြိလည်း စွဲငြိ လိုချင်တာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရအောင် ယူခဲ့တာ ဖြစ်မှာပါ"

"ထားလိုက်ပါတော့လေ . . . ဒါပေမယ့် အခု ကျွန်မနဲ့ သူ ပြတ်သွားပြီ သိလား၊ မနေ့က ကျွန်မ သူ့ကို ဖြတ်ပစ်လိုက်တယ်၊ ကျွန်မ သူ့ကို ငြီးငွေ့သွားလို့၊ လူတစ်ယောက်ကို ကြည့်လို့မရတော့ဘူးဆိုရင် အဲဒီလူကို ချစ်သူအဖြစ် ဆက်တွဲနေရလောက်အောင် သည်းခံစိတ် ကျွန်မမှာ မရှိဘူး၊ တော်ပြီ . . . အခုကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ရည်းစား ထပ်မထားသေးဘူး၊ အေးအေးဆေးဆေး
လွတ်လွတ်လပ်လပ်ပဲ နေလိုက်ဦးမယ်"

စွဲငြိစကားကြောင့် သူ အနည်းငယ် အံ့ဩကာ မျက်ခုံးတွေ ပင့်သွားရ၏။ အဲဒီလောက် မြန်လိမ့်မယ်လို့တောင် သူ ထင်မထားခဲ့။ စွဲငြိသည် တစ်ခါတစ်ရံမှာ မယုံနိုင်လောက်အောင် စိတ်လိုက်မာန်ပါ ရှိလွန်းလှသည်။ သူမအတွက် အချစ်ဆိုသော အရာဟာ ဘယ်တော့မှ အလေးအနက် တန်ဘိုးထားကိုးကွယ်စရာ ဖြစ်လာတော့မည် မဟုတ်ဘူး ထင်ပါရဲ့။ စွဲငြိနှင့်ကိုထင်စွာ ပြတ်သွားကြပြီဆိုလျှင် ကိုထင်စွာရဲ့ ခြေလှမ်းတွေ ဘယ်ဆီကို ဦးတည်တော့မလဲဆိုတာ သူ လွယ်လွယ်ကလေးပင် မှန်းဆကြည့်လို့ရပါသည်။ အဲဒါကို သူ အစောကြီးကတည်းက ကြိုတင်မျှော်လင့်ထားခဲ့ပြီး ဖြစ်သည်။ ယသော်ရဲ့ မျက်နှာကလေးကို ဖျတ်ခနဲ ပြေးမြင်လိုက်မိသည်။ ချစ်သူကို အမြတ်တနိုးတန်ဘိုးထားစရာ အဖိုးထိုက် ရတနာတစ်ပါးလို ကိုးကွယ်တတ်သော မိန်းကလေးတစ်ယောက်သည် သူမ၏ချစ်သူ သူမဆီသို့





ပြန်လာဖို့ကို မွတ်သိပ်ငံ့လင့်စွာ မျှော်လင့်စောင့်စားနေခဲ့သည် မဟုတ်လား။

"အတော်ပဲ ဆန်းစ . . . ဆန်းစကို အကူအညီတစ်ခု တောင်းရဦးမယ်၊ ကျွန်မကို အိမ်တစ်အိမ်ကို လိုက်ပို့ပေးစမ်းပါ။ ခဏကလေးပဲ . . . သိပ်မကြာဘူး၊ ကျွန်မ လုပ်စရာလေး တစ်ခုရှိလို့"

စွဲငြိက ထိုင်နေရာမှ ဖျတ်ခနဲထရင်း သူ့လက်တစ်ဖက်ကို ဇိုးဇိုးဇတ်ဇတ်ဖြင့် ဆွဲခေါ်နေသည်။ သူငယ်ချင်းတွေက စွဲငြိကို တအံ့တဩဖြင့် ဘယ်သွားမလို့လဲဟု မေးနေသည်ကို အဖြေမပေးဘဲ ပြုံးစိစိ မျက်နှာပေးဖြင့် မျက်လုံးမှိတ်ပြသည်။ သူက စွဲငြိကို ငြင်းလို့လည်း မရနိုင်မည့်အတူတူ ငြင်းဆန်မနေတော့ဘဲ သူ့ကားပေါ်သို့ တက်လာခဲ့သည်။ စွဲငြိက သူ့နံဘေးမှာ ဝင်ထိုင်လိုက်ရင်း . . .

"ကဲ . . . မောင်း ကိတ်မုန့်ဆိုင် တစ်ဆိုင်ဆိုင်ကို အရင်မောင်းပါ၊ ကိတ်မုန့် ဝယ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသဖြင့် သူက အနီးစပ်ဆုံး ကိတ်မုန့်ဆိုင်တစ်ဆိုင်သို့ အရင် လိုက်ပို့ရသည်။ စွဲငြိက ကားပေါ်မှ မဆင်းဘဲ . . .

"ဆန်းစ . . . ကိတ်မုန့် ခပ်ကြီးကြီး တစ်လုံး သွားဝယ်ပေးပါ၊ အပေါ်မှာ ခရင်(မ်)တွေပါတဲ့ Birthday ကိတ်လို ကိတ်မုန့်မျိုးနော်၊ အဝိုင်းဆိုရင် ပိုကောင်းတယ်၊ ခရင်(မ်)က ဘာအရောင်ပဲဖြစ်ဖြစ်၊ စတော်ဘယ်ရီခရင်(မ်)ပဲဖြစ်ဖြစ်၊ Vanilla ပဲ ဖြစ်ဖြစ် . . . ဆန်းစကြိုက်တဲ့ဟာသာ ယူလာခဲ့၊ ခရင်(မ်)ပါရင် ပြီးရော"

ဟု ဆိုသဖြင့် သူမှာ ကိတ်မုန့်ဆိုင်ထဲသို့ ဝင်ကာ ချောကလက် ခရင်(မ်)တွေပါသော Birthday ကိတ် အဝိုင်းတစ်ခု ဝယ်လိုက်ရသည်။ စွဲငြိ ဘာစိတ်ကူးပေါက်ပြီး ဘယ်သူ့ကို Birthday ကိတ် သွားပို့မလို့ပါလိမ့်ဟုသာ တွေးမိသည်။ သူ ကားဆီသို့ ပြန်ရောက်တော့ စွဲငြိက သီချင်းကလေး တအေးအေးဖြင့် သူ့ကို လိပ်စာတစ်ခု ပြောပြကာ . . .





"အဲဒီကိုမောင်း . . ."

ဟု အမိန့်ပေးပြန်သည်။ အဲဒါ ဘယ်သူ့အိမ်မှန်းလဲ သူမသိ . . .။ သိလည်း မသိချင်သောကြောင့် သူ ဆက်မေးမနေတော့ပါ။ စွဲငြိအကြောင်းကို သူ တဖြည်းဖြည်းနှင့်နားလည်လာခဲ့ပြီးသား။ စွဲငြိထင်က သူမ လုပ်ချင်တာရှိရင် ဘယ်သူ့ကိုမှ ငဲ့ညှာထောက်ထားနေဖို့ သတိမရဘဲ ထင်ရာစိုင်းတတ်သူကလေး ဖြစ်သည်။ အဲဒီ အကျင့်ကလေးက တစ်ခါတစ်ရံမှာ တစ်ဖက်သားတွေအပေါ် ဘယ်လောက် ထိခိုက်နစ်နာစေမှန်းလဲ သူမ သိပုံမရ။ သိလည်း ဂရုစိုက်လိမ့်မည်မထင်။ စွဲငြိထင်က အဲဒီလို မိန်းကလေးမျိုး။ တစ်ခါတစ်ခါချစ်ဖို့ကောင်းသလောက် တစ်ခါတစ်ခါတော့ အမြင်ကတ်ဖို့လည်း ကောင်းလှသည်။ သူတောင် စွဲငြိထင်ရဲ့ ဒဏ်ကို တော်တော်ကလေး ခံနေရသည်။

စွဲငြိပြောသော လိပ်စာထဲကအတိုင်း ခြံတစ်ခြံရှေ့သို့ ရောက်လျှင် စွဲငြိက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းစ . . . ကားကို အဆင်သင့် စက်နှိုးထားနော်၊ ကျွန်မ ခဏလေး ပြန်လာခဲ့မယ်၊ လုံးဝ မကြာဘူး၊ ကားကို စက်သာ နှိုးထားနော် . . . အရေးပေါ် . . . အရေးပေါ် သိလား"

ဟု ဆိုပြီး ကိတ်မုန့်ဘူးကြီးကိုင်ကာ ခြံတံခါးဘဲလ်ကို နှိပ်လိုက်သည်။ သူက ကားကို ပြန်ကွေ့ထားပြီး အဆင်သင့် စက်နှိုးထားရင်း စွဲငြိဆီသို့ လှမ်းကြည့်ကာ စောင့်နေလိုက်သည်။ ခဏအကြာမှာတော့ ခြံထဲမှ လူတစ်ယောက် ထွက်လာသည်ကို သူ လှမ်းတွေ့လိုက်ရတော့မှ သူ တအံ့တဩ ဖြစ်သွားရသည်။ ကိုထင်စွာနှင့် ပြတ်သွားပြီလည်းဆိုသေး. . . ကိုထင်စွာ့အိမ်ကို ကိတ်မုန့်ဘူး တစ်ဘူးနှင့် ဘာလာလုပ်တာပါလိမ့်ဟု နားမလည်နိုင်စွာ ဇဝေဇဝါ ဖြစ်သွားရဆဲ စွဲငြိ၏ မျှော်လင့်မထားသော လုပ်ရပ်တစ်ခုကို သူ တအံ့တဩကြီး ရင်ဆိုင်လိုက်ရသည်။

စွဲငြိက ခြံတံခါး ဖွင့်ကာ ထွက်လာသော





ကိုထင်စွာ၏ မျက်နှာဆီသို့ ကိတ်မုန့်ဘူး အဖုံးကိုဖွင့်ကာ ချောကလက်အဝိုင်းကြီးဖြင့် ကိုထင်စွာ၏ မျက်နှာဆီသို့ ဖြုန်းခနဲ ဖိကပ်ပစ်ခဲ့ကာ တစ်ဟုန်ထိုး ပြန်လှည့်ထွက်ပြေးလာခဲ့သည်။ ထို့နောက် ကားပေါ်သို့ ဝရုန်းသုန်းကား ပြေးတက်လာပြီး . . .

"ဟား ဟား . . . မောင်း မောင်း ဆန်းစ . . . မောင်းတော့"

ဟု အလောတကြီး အော်လျှင် သူလည်း ယောင်တောင်ပေါင်တောင်ဖြင့် ကားကို လီဗာဖိနင်းကာ တရကြမ်း မောင်းပြေးလာခဲ့ရသည်။ ကားနောက်ပိုင်းမှာ ဒေါသတကြီး အော်ဟစ်ကျန်ရစ်ခဲ့သော ကိုထင်စွာ့ကို နောက်ကြည့်မှန်ထဲက နေ တစ်ဆင့် လှမ်းမြင်နေရသည်မှာ မျက်နှာမှာ ချောကလက်ခရင်(မ်)တွေ အမဲသားဖြင့် ရယ်စရာလည်း ကောင်းလှသည်။ စွဲငြိက ကိုယ်ကလေး တသိမ့်သိမ့် လှုပ်ခါသည်အထိ အူလှိုက်သည်းလှိုက် ရယ်မောလျက် ရှိသည်။ သူလည်း စွဲငြိထင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူကြောင့် မရယ်ဘဲ မနေနိုင်။

"ဖြစ်မှ ဖြစ်ရလေ . . . စွဲငြိရယ်၊ ဒီလိုလုပ်လိမ့်မယ်လို့ ကိုယ် လုံးဝ တွက်မထားဘူး၊ ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ"

"သူနဲ့ကျွန်မ ပြတ်ပြီလေ၊ ကျွန်မက ကျွန်မနဲ့ ပြတ်ပြီးသွားတဲ့ ရည်းစားတွေကို အဲဒီလိုပဲ ကိတ်မုန့်နဲ့ မျက်နှာကို ကပ်ပြီး နှုတ်ဆက်လေ့ရှိတယ် ဟား . . . ဟား၊ ဘယ်သူမှ အဲဒီလို ကျွန်မ လာလုပ်လိမ့်မယ်လို့ ထင်မထားကြဘူးလေ၊ သူတို့ ထင်မထားတာကို လုပ်ရတာကိုက အရသာတစ်ခု၊ တကယ်ရယ်ရတယ် သိလား၊ ကိုထင်စွာကြီး ဒေါသတွေထွက်ပြီး ဆွေ့ဆွေ့ခုန်နေတာ ရယ်ဖို့ကောင်းလိုက်တာ၊ အလကား . . . မလွှမ်းလောက်ပါဘူး၊ သူ့ရည်းစားဆီ စိတ်ပြန်လည်နေပြီလေ၊ ယသော်က အရင်ကပုံနဲ့မှ မတူတော့တာ၊ အရမ်းလှလာတာကို၊ အဲဒါ ဘယ်သူ့ကြောင့်လို့ ထင်သလဲ . . .





ဘယ်သူ ဖြူဖြင်ဖြင်ဆင်ပေးလိုက်တာလဲ၊ ဆန်းစကြောင့်ပေါ့၊ ရှင့်ရဲ့ Experiment က သိပ်အောင်မြင်လွန်းတယ်၊ ကျွန်မကို ရှင် အလျှော်ပေးရမယ် . . . သိလား"

စွဲငြိက မောလောက်အောင် ရယ်မောနေပြီးမှ မပြေသေးသော ရယ်သံကလေးဖြင့် နောက်သလို ပြောင်သလို ပြောလျှင် သူ အရယ်ရပ်ကာ စွဲငြိဆီသို့ လှမ်းကြည့်မိသည်။ စွဲငြိက သူ့ကို ပြုံးလျက် ကြည့်နေ၏။ မျက်ဝန်းများက ညှို့ငင်ဆွဲဆောင်လျက်ရှိသော အလင်းတစ်မျိုး ဖြာလျက်။ သူ ထိတ်ခနဲ ရင်ခုန်သွားပါသည်။ ရည်းစားတစ်ယောက်နှင့် လောလောလတ်လတ် ပြတ်ထားသူမို့ စွဲငြိရဲ့ နောက်ထပ် မြားဦးဟာ ဘယ်သူ့ဆီသို့ ဦးတည်နေသလဲ။ သူ တကူးတက တွေးနေစရာ မလိုပါ။ စွဲငြိ သူ့ကိုကြည့်သော အကြည့်တွေ . . . ပြုံးသော အပြုံးတွေ . . . ပြုမူသော အပြုအမူတွေက တော်ရုံတန်ရုံ ယောကျ်ားတစ်ယောက်အဖို့ ဘယ်လိုမှ ကြံ့ကြံ့ခံ ငြင်းဆန်နိုင်စွမ်း မရှိသော ဆွဲဆောင်မှုတွေ ဖြစ်သည်။ ထိုခဏမှာ



www.burmeseclassic.com

www.burmeseclassic.com



စွဲငြိထင် ဘာကို အလိုရှိသည် ဆိုတာကို သူ မြန်းခနဲ သိနားလည်လိုက်ပါသည်။ သူ သက်ပြင်းတစ်ချက် ခပ်တိုးတိုး ခိုးချလိုက်မိရုံမှပ ငြိမ်ငြိမ်ဆိတ်ဆိတ်ပဲ နေလိုက်ပါသည်။





ပထမဆုံး ရောက်လာခဲ့သည်မှာ အဖြူရောင်လီလီ ပန်းစည်းကြီး တစ်စီး ဖြစ်သည်။ ပန်းစီးမှာ ကပ်ထားသော ကတ်ပြားကလေးပေါ်မှာ စာတန်းတိုကလေးတစ်ခု... .

"ယသော် ကိုယ့်ကို တကယ်နားလည်ခွင့်လွှတ် ကြည်ဖြူတယ်ဆိုရင် TRADERS' က ကော်ဖီဆိုင်ကလေးမှာ ကိုယ် စောင့်နေမယ်၊ ခွင့်လွှတ်နိုင်သူက ခွင့်လွှတ်နိုင်ပေမယ့် တောင်းပန်ချင်သူက တောင်းပန်ချင်နေသေးတယ်၊ ကိုယ် ဆယ်နာရီအတိမှာ စ,စောင့်မယ်၊ ယသော်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာမချင်း အထိပေါ့ . . .”

စာကလေးကို ဖတ်ပြီးချိန်မှာ ယသော် မပြုံးမိဘဲ မနေနိုင်ပါ။ ပထမဆုံး သတိတရ ဖြစ်မိသူမှာ ကိုဆန်းစကို ဖြစ်သည်။ ဘယ်လောက် ထူးဆန်းလိုက်သလဲ။ အားလုံးဟာ သူ ကြိုတင် မျှော်လင့်ထားခဲ့သလိုပင် စနစ်တကျ ဖြစ်လာခဲ့သည်။ ယသော့်ဆီ ကိုထင်စွာ ပြန်လာသည်မှာ မြန်ဆန်လွန်းလှသည်မို့ ယုံပင် မယုံနိုင်။ မြန်လွန်းလို့များ ယသော့်ရင်ထဲမှာ တစ်ခုခု ဖြစ်နေသလား မသိ။ ခိုးလိုးခုလုနှင့် ဘာဖြစ်နေမှန်းကို မသိ။ နှစ်လုံးလုံး ယသော် ပြင်းပြထက်သန်စွာ ကြိုးစားခဲ့ရသော ဦးတည်ချက်မှာ ကိုယ့်ချစ်သူ ကိုယ့်ဆီသို့ ပြန်လာဖို့ဆိုသော ဆန္ဒတစ်ခုသာ ဖြစ်သည်။ သူ ယသော့်ဆီ ပြန်လာလျှင် ယသော့်လောက် ပျော်ရမဲ့သူ မရှိနိုင်တော့ဘူးဟု ထင်ထားခဲ့တာ။ သို့သော် . . . တကယ်တမ်းမှာ သူ ယသော့်ဆီ ပြန်လာတော့ မျှော်လင့်ထားသလောက် သိပ် မပျော်သလိုပင်။ ယသော့်ရင်ထဲမှာ ဘာဖြစ်နေမှန်းမသိ။ ဇဝေဇဝါတော့ ဖြစ်နေ





သည်။ ယသော် သူ့ကို ချစ်နေဆဲပဲလား . . . လိုအပ်နေစဲပဲလား ဆိုတာကို ပြတ်ပြတ်သားသား မသေချာတော့။

ယသော်သည် ချက်ချင်းပင် ကိုဆန်းစဆီသို့ ဖုန်းလှမ်းဆက်လိုက်သည်။

“ဟဲလို . . .”

ဟု ကိုဆန်းစရဲ့ ဖုန်းထူးသံကို ကြားရစဉ် ယသော့်ရင်ထဲ နွေးခနဲ ဖြစ်သွားကာ နှုတ်ခမ်းကလေးက အဲလိုလို ပြုံးမိလျက်သား ဖြစ်လျက် . . .

“ကိုဆန်းစလား . . . ယသော်ပါ ပြောစရာရှိလို့ . . .၊ အခုပဲ ကိုကို့ဆီက ပန်းစည်းနဲ့ စာရောက်လာတယ်၊ သူ TRADERS' က ကော်ဖီဆိုင်မှာ ဆယ်နာရီကတည်းက စောင့်နေမယ်တဲ့၊ ကျွန်မ သွားတွေ့ရမလား ဆိုတာ မေးမလို့”

“သွားတွေ့ရမှာပေါ့ . . . အဲဒါကိုပဲ ယသော် မျှော်လင့်ထားခဲ့တာ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ခါတိုင်းလိုပင် အေးအေးဆေးဆေး နွေးနွေးထွေးထွေးပင်။ ယသော်က ခဏကလေး တိတ်သွားပြီးမှ . . .

"သူ ကျွန်မဆီ ပြန်လာတာ မြန်လိုက်တာ ကိုဆန်းစရယ်၊ အဲဒီလောက် မြန်လွန်းတော့ ယုံတောင် မယုံနိုင်ဘူး၊ ပြီးတော့ ကျွန်မရင်ထဲမှာ ဘာဖြစ်နေမှန်း မသိဘူး၊ တစ်ခုခု ခိုးလိုးခုလု ဖြစ်နေသလိုပဲ၊ ကျွန်မဆီ သူပြန်လာရင် ကျွန်မ သိပ်ပျော်မှာပဲလို့ ထင်ထားခဲ့တာ၊ ဒါပေမယ့် တကယ်တမ်းမှာ ကျွန်မ ထင်သလောက် မပျော်သလိုဘဲ၊ အဲဒါ သူ လွယ်လွယ်နဲ့ ပြန်လာလို့များလား မသိဘူးနော်"

ဟု ဇဝေဇဝါ အသံကလေးဖြင့် ဆန်းစဆီမှ မှတ်ချက်တစ်ခုခု ရလိုရငြား အားကိုးတကြီးဟန်ဖြင့် တိုင်တည်၍ ပြောလိုက်သည်။ ဆန်းစက ချက်ချင်း အဖြေမပေးဘဲ ငြိမ်သက် စဉ်းစားနေကာ . . .





"ကိုယ် ပြောသင့် . . . မပြောသင့် စဉ်းစားနေတာ၊ ကိုယ်ပြောလိုက်ရင် ယသော် ပိုပြီးတော့တောင် အံ့ဩသွားဦးမယ်"

"ဘာများလဲဟင် . . . ပြောပါ၊ ကျွန်မကို ဘာမှ လျှို့ဝှက်မထားပါနဲ့၊ ကိုဆန်းစ ဘာသိထားလို့လဲဟင်"

"ကိုထင်စွာနဲ့ စွဲငြိထင်တို့ ပြတ်သွားကြပြီ၊ မနေ့ကပဲ စွဲငြိက ကိုထင်စွာကို ဖြတ်လိုက်တာ"

"အို . . . ဖြတ်မဲ့ ဖြတ်တော့လည်း မြန်လှချည်လား"

ယသော်သည် အံ့အားတသင့် ဖြစ်လျက် စွဲငြိကို နားမလည် လိုက်မမီ နိုင်လောက်အောင် ဖြစ်သွားရသည်။ လိုချင်ခဲ့တုန်းကတော့ သူ့ပဲ မက်မက်မောမောနှင့် ယသော့်ဆီကနေ ဘာကိုမှ ငဲ့ညှာထောက်ထားခြင်း မရှိဘဲ မျက်နှာပြောင်တိုက်ကာ လုယူသွားခဲ့ပြီးမှ အခုကျပြန်တော့လည်း လက်လွှတ်စပယ် နိုင်လိုက်တာ။

"အဲဒါ ဘာကြောင့်လို့ ကိုဆန်းစ ထင်သလဲဟင်၊ စွဲငြိက



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို ဘာဖြစ်လို့ ဖြူနီးစားဒိုင်းစားကြီး ဖြတ်ပစ်လိုက်ရတာလဲ”

“ကိုယ့်အထင် ပြောရရင်တော့ စွဲငြိထင်က ဘယ်သူ့ကိုမှ အနိုင်ပိုင်းခွင့် ပေးချင်တတ်တဲ့သူမျိုး မဟုတ်ဘူး၊ သူက သာ အနိုင်ပိုင်းချင်တာ၊ သူ ရှုံးလိမ့်မယ်လို့ ကြိုတွေးမိတဲ့ ပွဲမျိုးကိုလည်း သိပ် စိတ်ဝင်စားလေ့ မရှိတတ်ဘူး၊ အဲဒါကြောင့်လို့ ကိုယ်ထင်တာပဲ၊ ကိုထင်စွာ ယသော့်ဘက် စိတ်ပြန်လည်လိမ့်မယ်ဆိုတာကို စွဲငြိကလည်း ရိပ်မိပုံရတယ်၊ အဲဒါကြောင့် သူ့ဘက်က စောစောစီးစီး ကြိုတင်ပြီး အနိုင်ပိုင်းသွားတာပါ၊ ဘာပဲဖြစ်ဖြစ် ယသော်လိုချင်တာကို ရပြီမှလား၊ ယသော်ဖြစ်ချင်တဲ့ ဆန္ဒက ကိုယ့်ချစ်သူ ကိုယ့်ဆီပြန်လာဖို့ပဲ မှလား၊ ယသော့်ဘက်က ဘာမှတောင် ခက်ခက်ခဲခဲ အင်အား စိုက်ထုတ်စရာ မလိုတော့ဘူးပေါ့၊ ကိုယ့်ချစ်သူကို အသာ အယ္ယာကလေးပဲ ပြန်သိမ်းပိုက်လိုက်ရုံပေါ့”





“ဟင့်အင်း . . . မဟုတ်သေးဘူး ကိုဆန်း၊ ဟင့်အင်း ကိုဆန်း၊ တစ်ခုခုတော့ မှားနေတယ်လို့ ကျွန်မထင်တယ်၊ အဲဒီလောက် လွယ်လွယ်နဲ့ ပြန်ရတာကို ကျွန်မ မကြိုက်နိုင်ဘူး ဖြစ်နေတာ”

“ဟောဗျာ . . . အဆန်းပါလား၊ ယသော်က ဘယ်လို ဖြစ်ချင်လို့လဲ”

“မသိဘူး . . . ကျွန်မစိတ်ထဲမှာ နည်းနည်း အခံရခက်နေတယ်၊ စွဲငြိ စွန့်ပစ်လိုက်မှ ကျွန်မဆီ ပြန်လာတာမျိုးကို မလိုချင်ဘူး၊ စွဲငြိဆီကနေ သူကိုယ်တိုင် ရုန်းထွက်ပြီး ကျွန်မဆီ မက်မက်မောမောနဲ့ ပြန်လာတာကို လိုချင်တာ”

“ရော . . . မင်းတို့ မိန်းကလေးတွေရဲ့ အတွေးတွေကလည်း ကိုယ် လိုက်မမီတော့ပါလားကွာ၊ ကလေး ဆန်လိုက်တာ ယသော်ရယ်၊ ဘယ်လိုနည်းနဲ့ပဲ သူ ပြန်လာလာ အရေးကြီးတာက ယသော် သူ့ကို ပြန်ရဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟင့်အင်း . . . အဲဒီလို မဟုတ်တော့ဘူး၊ အခြေအနေက အရင်ကလို မဟုတ်တော့ဘူးလေ၊ ကျွန်မနဲ့ သူကြားမှာ ဘာပဲဖြစ်ဖြစ် စည်းတစ်ခုကတော့ ခြားသွားခဲ့ပြီးပြီ၊ သူ ကျွန်မကို သစ္စာဖောက်ခဲ့ဖူးတယ်၊ ကျွန်မကို စွန့်ပစ်ခဲ့ဖူးတယ်ဆိုတဲ့ အမဲစက်က ရှိနေခဲ့ပြီ၊ အဲဒီအမဲစက်ကို ကျွန်မ အခုမှ ပြန်းခနဲ တွေ့လိုက်ရတာ"

ဆန်းစသည် တစ်ဖက်မှာ ခေါင်းကို ခပ်ဖွဖွကုတ်ရင်း မိန်းကလေးတွေရဲ့ စိတ်ကို နားမလည်နိုင်တော့စွာ ယသော် ဘာကို လိုချင်သလဲ ဆိုတာကို သဘောမပေါက်နိုင်တော့သလို ဖြစ်နေသည်။ မိန်းကလေးတွေကကို နားလည်ရခက်တာပါ။ တစ်ခါတစ်ခါမှာ သူတို့ ဘာလိုချင်မှန်း သူတို့ကိုယ်တိုင်ပင် သိရဲ့လား မသိ။

"ကဲ . . . အဲဒီတော့ ကိုယ် ဘာလုပ်ပေးရမလဲ၊ ကိုယ်နဲ့မင်း စီစဉ်ထားကြတဲ့ စီမံကိန်းက ဒီမှာတင် ပြီးနေပြီ





ကိုယ် စတွေ့ခဲ့တုန်းက ချစ်သူရဲ့ စွန့်ပစ်ခြင်းကို ခံခဲ့ရတဲ့ အသည်းကွဲပြီး စိတ်ဓာတ်ကျနေတဲ့ ဝတုတ်တုတ် ကောင်မလေးတစ်ယောက်ကို သူ့ချစ်သူကို ပြန်ရလာအောင်၊ စိတ်ဓာတ်တွေ ပြန်ပြီး လန်းဆန်းတက်ကြွလာအောင် ကူညီပြုပြင်ပေးခဲ့တဲ့ သဘောပဲ၊ အဲဒါထက်ပိုပြီး ကိုယ် လုပ်မပေးတတ်တော့ဘူး ယသော်ရယ်၊ ကျန်တဲ့အပိုင်းကို မင်းဘာသာ ဆက်ဆုံးဖြတ်ပါ။ သေသေချာချာ ပြန်စဉ်းစားကြည့်ပါ၊ မင်းရဲ့ချစ်သူကို မင်းသွားတွေ့ပြီး သူနဲ့ စကားပြောကြည့်လိုက်ပါဦး၊ မင်းရင်ထဲမှာ သူနဲ့ပတ်သက်ပြီး ဘယ်လို ခံစားချက်တွေ ရှိနေသလဲဆိုတာ ကိုယ့်ဘာသာကိုယ် ပြန်ဆန်းစစ်ကြည့်ပါ၊ ခုချိန်မှာ ဆုံးဖြတ်ရမဲ့အပိုင်းက မင်းရဲ့အပိုင်း ဖြစ်သွားပြီ၊ ဆုံးဖြတ်ချက်သာ မမှားစေနဲ့၊ ပြီးတော့ သူ့ကို ဒုတိယအကြိမ် အခွင့်အရေး . . ."

"ကောင်းပြီလေ . . . ကျွန်မ သူ့ကို သွားတွေ့လိုက်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

ယသော်က ပြောပြီးဖုန်းချလိုက်သည်။ ကိုဆန်းစကို နည်းနည်းတော့ မကျေနပ်သလို ခံစားရသည်။ သူဟာ ယသော့်အပေါ်မှာ ဝတ်ကျေ တန်းကျေ ဆန်လိုက်တာ။ အရင်ကလောက် တလိုက်တလဲနှင့် ဂရုတစိုက် မရှိတော့သလိုပင်။ သူနှင့် စွဲငြိရဲ့ကြားမှာ ဘယ်လိုပတ်သက် ဆက်နွယ်မှုမျိုးများ ရှိနေပါလိမ့်။ မနေ့ညက စွဲငြိရဲ့ မေးခွန်းတွေ . . . အမူအရာတွေကို ပြန်မြင်ယောင်လာလျှင် စွဲငြိထင်ဟာ ကိုဆန်းစအပေါ် မရိုးသားဘူးဟု အလိုလို ခံစားမိလာသည်။ ထိုခဏမှာ နှလုံးသားဆီမှ ထိတ်ခနဲ ဆောင့်ခုန်သွား၏။ ဘုရားရေ . . . ဒါကြောင့်များ စွဲငြိဟာ ကိုထင်စွာ့ကို ဆိုင်းမဆင့် ဗုံမဆင့် ပြုန်းစား ဒိုင်းစားကြီး ဖြတ်ခဲ့သည်ကို။ စွဲငြိအကြောင်းကို ယသော်က နောကြေနေပြီးသား။ စွဲငြိဟာ အသစ် အသစ်ကိုသာ ငြိတွယ် စွဲလမ်းတတ်သူ . . . အသစ်မြင်ရင် အဟောင်းကို စွန့်ပစ်ဖို့လည်း ဝန်မလေးတတ်သူလေ။ ဒါဆိုရင် ကိုထင်စွာ





ဟာ အဟောင်းကြီးပေါ့။ စွဲငြိ စွန့်ပစ်လိုက်သော အဟောင်းကြီးကို ယသော်က မက်မက်မောမော ပြန်ကောက်ယူရမတဲ့လား။ စိတ်ထဲမှာ မခံချိမခံသာ ဖြစ်သွား၏။ သို့သော် ယသော်သည် အလှဆုံးတော့ ပြင်ဆင်လိုက်သည်။ ရေညှိစိမ်းရောင် ခပ်ဆန်းဆန်း တီထွင်ချုပ်ထားသော ဂါဝန်ဆန်းကလေးကို ဝတ်သည်။သားရေ ပျော့ပျော့နှင့် ချုပ်ထားခဲ့သော ဟော့(စ်)ဘူး ဒေါက်ချွန်ချွန် အဖြူရောင်ကလေးကို ဝတ်ပြီး လက်မှာ သားရေအိတ် အဖြူ ရှည်မျော့မျော့လေးကို ကိုင်လိုက်သည်။ အခုတော့ ဘယ်လို ဖက်ရှင်ကျကျ လှလှပပ ဝတ်ဆင်ရမည်ကို ကောင်းစွာ နားလည် တတ်သိခဲ့ပြီ။ အဲဒီလိုပြောင်းလဲသွားခဲ့သည်မှာ ကိုဆန်းစရဲ့ ကျေးဇူးတွေ မကင်းချေ။

TRADERS HOTEL ရှိကော်ဖီဆိုင်ကလေး ဆီသို့ ရောက်သွားချိန်တွင် အဆင်သင့် စောင့်ဆိုင်းနေခဲ့သော ကိုထင်စွာ့ကို တွေ့ရသည်။ ခါတိုင်းဆိုလျှင် သူ့ကို မြင်သည်နှင့် ရင်တွေ တဖျပ်ဖျပ် ခုန်လာကာ စိတ်နှလုံး အလိုလို မြူးရွှင်



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်ခဲ့စမြဲ။ အခုတော့ ငြိမ်သက် အေးစက်နေသည်မှာ အနည်းငယ်တော့ ထူးဆန်းလှသည်။ ကိုထင်စွာရဲ့ မျက်လုံးတွေက ယသော်ဆီမှာ ရွှန်းလဲ့တောက်ပစွာ စိုက်တန့်လျက် နှုတ်ခမ်းတို့က အပြုံးဖြင့် ကြိုလျက် . . .။

"ယသော် လာမှ လာပါ့မလားလို့ ကိုယ်မှာ ရင်တထင့်ထင့်နဲ့ မျှော်နေတာ"

သူက ထိုင်နေရာမှ ထကာ ယသော့်ကို ဆီးကြိုရင်း ယသော်ထိုင်ဖို့ ခုံကို ပြင်ဆင်ပေးသည်။ ယသော်က သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် အသာအယာ ဝင်ထိုင်လိုက်သည်။

"ဘာသောက်မလဲ ယသော် . . . ထုံးစံအတိုင်း Latte ပဲ သောက်မယ်မှုလား"

ဟု သူက မေးလျှင် ယသော်က ဖနည်းငယ် ပြုံးလိုက်ကာ . . .

"ဟင့်အင်း . . . ကျွန်မ Latte မကြိုက်တော့ဘူး၊ အခုတော့ ကော်ဖီ ခပ်ပြင်းပြင်း သောက်တတ်သွားပြီ၊





Expresso ပဲ သောက်တော့မယ်"

သူက အနည်းငယ် အံ့အားသင့်ဟန်ဖြင့် မျက်ခုံးတွေ ပင့်ကာ ယသော့်ကို အကဲခတ်သလို လှမ်းကြည့်သည်။ ဘာမှတော့ မပြောပါ။ ယသော့်အတွက် Expresso မှာပေးပါသည်။ ပြီးတော့ ယသော်တို့ နှစ်ယောက်စလုံး ခဏတော့ ငြိမ်သက်နေကြသည်။ ယသော်သည် သူနှင့် ပြန်ဆုံသည့်အခါ ရင်ထဲမှာ ပြောပြစရာ စကားတွေ မကုန်နိုင်လောက်အောင် အပြည့်အသိပ် ရှိနေလိမ့်မည်ဟု ထင်ထားခဲ့တာ။ အခုတော့ ဘာစကားမှ မရှိတော့သလို၊ ဒါမှမဟုတ် ပြောစရာ စကားတွေ ပျောက်ဆုံးနေခဲ့သလို ရင်ထဲမှာ ဗလာသက်သက် ဖြစ်လျက်ရှိသည်။ သူက ယသော့်ကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေရင်း . . .

"ကိုယ် မှားခဲ့တယ် ယသော်ရယ်၊ ကိုယ့်ဘဝမှာ အမှားတွေ အများကြီး ကျူးလွန်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် အဲဒီအမှားတွေထဲမှာ ယသော်နဲ့ ပတ်သက်ပြီး မှားခဲ့မိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှားက အမှားဆုံးပါပဲ၊ ယသော် ကိုယ့်ကို ဘယ်လောက်ပဲ ခွင့်လွှတ်နားလည်ပါတယ် ပြောပြော ယသော့်ရင်ထဲမှာ ကိုယ်နဲ့ပတ်သက်ပြီး ဒဏ်ရာတွေတော့ ရှိခဲ့မှာပေါ့နော်၊ ကိုယ်လုပ်ခဲ့တာ ယသော့်အပေါ်တော်တော် ရက်စက်လွန်းတယ်၊ လူမဆန်ခဲ့ဘူး"

"အဲဒါတွေကို ဘယ်အချိန်ထိ ပြန်ပြောနေမှာလဲ ကိုကို၊ ဆောရီးပဲ . . . ကျွန်မက ကိုကိုလို့ နှုတ်ကျိုးနေခဲ့ပြီ၊ ဒါပေမယ့် မကြာခင်တော့ ပြောင်းခေါ်နိုင်အောင် ကြိုးစားရမှာပါ၊ အမှန်အတိုင်း ဝန်ခံရရင် ကိုယ့်ချစ်သူရဲ့ ရက်ရက်စက်စက် ဥပေက္ခာပြု စွန့်လွှတ်ချန်ထားခဲ့တာကို ခံခဲ့ရတဲ့ အချိန်တုန်းကတော့ ကျွန်မဘဝ တစ်ခုလုံး ဘာမှ မကျန်တော့သလိုဘဲ၊ စိတ်ဓာတ်တွေ အကြီးအကျယ် ကျခဲ့တာပေါ့၊ ဒါပေမယ့်လည်း အခုချိန်မှာတော့ နေသားတကျ ရှိသွားပါပြီ၊ ကိုကို့အပေါ်မှာလည်း နားလည် ခွင့်လွှတ်နိုင်ခဲ့ပြီ၊ အဲဒါ တကယ်ပြောတာ"





"ကိုယ်နဲ့ စွဲငြိထင်တို့ ပြတ်သွားကြပြီ"

သူက ခပ်တိုးတိုး ပြောသည်။ ယသော်က ကြိုသိခဲ့ပြီးသားမို့ မအံ့သြပါ။ သူ့ကို သနားကြင်နာသော မျက်ဝန်းကလေးဖြင့်သာ လှမ်းကြည့်လျက် . . .

"စိတ်မကောင်းပါဘူး . . . ကိုကို၊ သူက ဖြတ်တာလား ကိုကိုက ဖြတ်ခဲ့တာလား၊ အင်း . . . မဖြေချင်ရင်လည်း ရတယ်နော် . . . မဖြေပါနဲ့၊ ကျွန်မက သိချင်ရုံသက်သက်ပါ"

"သူက ဖြတ်ခဲ့တာပါ၊ သူ့မွေးနေ့ ညတုန်းက ဖြတ်ခဲ့တာ"

"ကျွန်မနဲ့များ ပတ်သက်နေသေးသလား ကိုကို . . ."

"အင်း . . . ပတ်သက်တယ်လို့ ဆိုရမှာပေါ့လေ၊ ကိုယ်က ကိုယ့်အပြစ်အတွက် ယသော့်ကို တောင်းပန်ခဲ့တာကို သူက နားမလည်ဘူး၊ သူနဲ့ကိုယ် ချစ်ခဲ့ကြတဲ့ ကိစ္စဟာ အပြစ်တစ်ခု . . . အမှားတစ်ခုလို့ သူက မယူဆဘူး၊ လက်မခံဘူး၊ အဲဒီလို ကိုယ် ယူဆတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် လမ်းခွဲကြစို့လို့ သူကပဲ စပြီး လမ်းခွဲခဲ့တာပါ၊ မနေ့ကဆိုရင် ကိုယ့်အိမ်အထိ ရောက်လာပြီး ကိုယ့်မျက်နှာကို ကိတ်မုန့်တွေနဲ့ လာပေါက်သွားခဲ့တယ်၊ စွဲငြိက အံ့သြဖို့တော့ တကယ်ကောင်းတယ်၊ ဒါပေမယ့် ခုချိန်မှာ သူနဲ့ပတ်သက်ပြီး ကိုယ့်ရင်ထဲမှာ ဘာမှ မရှိတော့ပါဘူး၊ ခံလည်း မခံစားရဘူး၊ အသည်းလည်း မကွဲဘူး"

ယသော်သည် မဲ့ပြုံးကလေး မပြုံးမိအောင် သတိထားနေရသည်။ သူ့ကို ပြုံးပြုံးကလေးသာ ငေးကြည့်နေလိုက်၏။ သူက ယသော့်ကို ခပ်ငေးငေးကြည့်ရင်း . . .

"ယသော် . . . အရမ်း လှလာတယ်နော်၊ အဲဒီလောက် ပြောင်းလဲသွားအောင် ဘယ်လိုများ ပြုပြင်ယူလိုက်တာလဲ၊ အရင်ကနဲ့ လုံးဝ မတူတော့ဘူးနော်"

"အမိကတော့ စိတ်ဓာတ်ရေးရာပါပဲ ကိုကို၊ ကျွန်မစိတ်ဓာတ်အကျဆုံး ဖြစ်နေတဲ့အချိန်မှာ ကျွန်မကို ကယ်





တင်ခဲ့သူက ကိုဆန်းစလ,လေ . . . သိတယ်မှလား မနေ့က ကျွန်မနဲ့အတူတူ လာခဲ့တဲ့ တစ်ယောက်လေ၊ သူ့အကြောင်း ကိုကို သိပြီးလောက်ရောပေါ့"

"သိသားပဲ . . . ကိုယ် သူ့အကြောင်းကို သိပ်သိတာပေါ့၊ စွဲငြိရဲ့ နှုတ်ဖျားက တဖွဖွ ပြောပြောနေတာလေ၊ သူနဲ့ ပတ်သက်ပြီးတော့လည်း ကိုယ် စွဲငြိအပေါ်မှာ သိပ် မကျေနပ်လှဘူး၊ စွဲငြိက အဲဒီကောင်ကို သိပ်အထင်ကြီးလွန်းနေတယ်၊ သူနဲ့ စွဲငြိက တစ်ခါက မိတ်ဆက်ပေးဘူးတယ်၊ အဲဒီကတည်းက ကိုယ် ထင်တော့ထင်ခဲ့သားပဲ၊ တစ်နေ့နေ့မှာ ဒီကောင် ကိုယ့်ဆီကနေ စွဲငြိကို အလစ်သုတ်သွားလိမ့်မယ်လို့ ကိုယ် တော်တော်အံ့သြတယ် သိလား . . .၊ မိန်းကခလေးတိုင်း ဒီကောင့်ကို ဘာဖြစ်လို့ အဲဒီလောက် အထင်ကြီးနေရသလဲ မသိဘူး၊ ပြောလိုက်ရင် သူကပဲ မိန်းကလေးတွေရဲ့ စိတ်ကို ကယ်တင်နေတဲ့ သူရဲကောင်းကြီး ကျနေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ . . . မိန်းကလေးတိုင်းက သူ့ကို အထင်ကြီးနေအောင် ဖမ်းစားထားနိုင်တဲ့ အစွမ်းသတ္တိက သူ့မှာရှိနေတာကို၊ Mind Reading လုပ်နိုင်တယ်ဆိုတဲ့ Power က တော်တော် အစွမ်းထက်တာပဲ၊ ဒါပေမယ့် နောက်ဆိုရင် လူတွေရဲ့ စိတ်ကို ဖတ်နိုင်မယ့် Computer တွေ ပေါ်လာတော့မှာပါ၊ ကိုယ် စာထဲမှာ ဖတ်ရတယ်၊ လူကို Camera နဲ့ ချိန်ထားလိုက်ရင် အဲဒီလူရဲ့ စိတ်ကို ဖတ်နိုင်မယ့် Computer မျိုး အခု တီထွင်နေကြပြီ"

သူ့အသံထဲမှာ ဆန်းစကို ကြည့်မရသော . . . မခံချိမခံသာ စိတ်တစ်ဝက်၊ မနာလိုခြင်း တစ်ဝက် လွှမ်းမိုးနေသည်။

"ဩော် . . . မိန်းကလေးတွေရဲ့ အထင်ကြီးမှုကို ရအောင် လုပ်နိုင်တယ် ဆိုတာကလည်း နည်းတဲ့ အစွမ်းအစမှ မဟုတ်တာပဲကွယ်၊ သူ့ အစွမ်းအစနဲ့ သူ ဖြစ်တာ





လေ၊ အဲဒါလည်း ပါရမီတစ်ခုပဲ"

ယသော်က သူ ဆန်းစကို မနာလိုနေမှန်း ရိပ်မိသောကြောင့် ပိုပိုသာသာကလေးပင် ချီးမွမ်းခန်း ဖွင့်နေလိုက်သည်။ သူက မျက်ခုံးတစ်ချက် ရှုံ့လိုက်ကာ . . .

"ကဲပါ . . . အဲ့ဒါ ထားလိုက်ပါတော့ ယသော်ရယ်၊ သူများအကြောင်း မပြောချင်ဘူး၊ ကိုယ့်အကြောင်းပဲ ပြောရအောင်၊ ကိုယ့်ကို Second Chance တစ်ခုထပ်ပေးပါကွာ၊ ခဲတံတွေရဲ့ နောက်မှာ ခဲဖျက်ပါတတ်တယ် ဆိုတာ မှားသွားတဲ့အခါ ပြန်ပြင်ဆင်ခွင့် Second Chance ထပ်ပေးထားတဲ့ အဓိပ္ပါယ်ပဲ၊ ကိုယ့် အမှားကို ပြန်ပြင်ခွင့်တော့ပေးပါ ယသော်ရယ်၊ ကိုယ် မင်းကို ချစ်နေဆဲပဲဆိုတာ ဟိုတစ်နေ့ကညမှာ ချက်ချင်း သိလိုက်ရတယ်၊ မင်းကို မြင်လိုက်ရတဲ့အချိန်မှာ ကိုယ့်ရင်တွေ အရမ်းခုန်လာတယ်၊ ကိုယ် တကယ် စိတ်လှုပ်ရှားသွားခဲ့တာ၊ ဘာဖြစ်လို့ မင်းလို အပြစ်ကင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်အပေါ်မှာ ကိုယ် သစ္စာဖောက်မိပါလိမ့်လို့ ကိုယ့်ကိုယ်ကို နောင်တ အရမ်းရသွားတယ်၊ ကိုယ့်ကိုယ်ကို အပြစ်တင်မိတယ်"

ယသော်က သူပြောသမျှကို ငြိမ်သက်စွာ နားထောင်နေသည်။ ကြည့်စမ်း . . . မြန်လိုက်တာ။ သူ ယသော့်ကို ချက်ချင်း Propose ပြန်လုပ်နေပြီ။ ယသော် မျှော်လင့်အထားဆုံး အခြေအနေကို ယသော့်ဘက်က ဘာမှ ခက်ခက်ခဲခဲ မကြိုးစားလိုက်ရဘဲ လွယ်လွယ်ကလေး ရောက်လာခဲ့ပြီ။ ခုအချိန်မှာ ယသော် ဘာဖြစ်လို့ ရင်တထိတ်ထိတ်ခုန် မပျော်ရွှင်ရသလဲ။

"ကိုယ့်ကို စကားတစ်ခုခု ပြန်ပြောပါဦး ယသော် . . ."

ယသော်သည် သူ့ရဲ့ မျက်ဝန်းတွေဆီသို့ တည့်တည့် စိုက်ကြည့်လိုက်ကာ . . .

"ခဲတံတိုင်းမှာ ခဲဖျက်ပါတယ်ဆိုပေမယ့် ဘောပဲန်တွေရဲ့နောက်မှာ ဘောဖျက်မပါဘူး ကိုကို၊ Second Chance





ဆိုတာ လူတိုင်းနဲ့ မထိုက်တန်တတ်ပါဘူး၊ ကိုကို့ကို ကျွန်မ ချစ်ခဲ့တုန်းက အရှုံးအမှူးကို ချစ်ခဲ့တာ၊ ဘဝတစ်ခုလုံး ပုံအပ်နှစ်မြှုပ်ပြီး လူတစ်ယောက်တည်းကိုပဲ သစ္စာရှိရှိ ချစ်ခဲ့တာပါ၊ မက်မက်မောမော တန်ဘိုးထားပြီး စုံမက်မြတ်နိုးခဲ့ရတာ၊ အဲဒါကို ကိုကို တန်ဘိုးမထားခဲ့ဘူး၊ ကျွန်မပေးခဲ့တဲ့ အချစ်တွေကို ကိုကိုက နင်းခြေပြီး စွဲငြိထင်နောက် လိုက်သွားခဲ့တာလေ၊ အဲဒါကို အမှားတစ်ခုလို့ လွယ်လွယ်ကလေး နာမည်တပ်ပြီး အမှားပြန်ပြင်ခွင့်ဆိုပြီး Second Chance ပြန်တောင်းတာ ကိုကို တရားရဲ့လား၊ ကျွန်မ ဥပမာတစ်ခုပေးမယ် ကျွန်မ အသက်တစ်မျှ စုံမက် တန်ဘိုးထားရတဲ့ အဖိုးတန် အရုပ်ကလေးတစ်ရုပ်ကို စွဲငြိထင်က ကျွန်မဆီက နေ ဗိုလ်ကျ အနိုင်ပိုင်းပြီး လုယူသွားခဲ့တယ်၊ ကျွန်မမှာ ရင်ကွဲပက်လက်နဲ့ ငိုကြွေးလိုက်ရတာ၊ နေ့စဉ်နဲ့အမျှ ကျွန်မရဲ့ အရုပ်ကလေး ပြန်ရဖို့ မျှော်တလင့်လင့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သောကတွေ တပွေ့တပိုက်နဲ့ ရင်ထဲမှာ ဒဏ်ရာတွေက လည်း ဗရပွပါပဲ၊ စွဲငြိထင်က သူ စိတ်တိုင်းကျ အားရ ကျေနပ်အောင် ကစားချင်တိုင်း ကစားပြီး အရုပ်က လေး ဟောင်းသွားပြီဆိုမှ ကျွန်မဆီ ပြန်ပစ်ပေါက် စွန့်ကြဲတဲ့ ပုံစံမျိုးနဲ့ ပြန်ပေးခဲ့တယ်၊ အဲဒါကို Second Chance ဆိုပြီး ကျွန်မက ဝမ်းသာအားရ ပြန်ကောက် ယူရမှာလား ကိုကို၊ ဆောရီးပဲ . . . ကျွန်မ ဝါသနာ မပါတော့ဘူး၊ ကိုယ့်ကို သစ္စာရှိရှိ မချစ်နိုင်လို့ စွန့်ပစ် ထားသွားခဲ့တဲ့ ချစ်သူတစ်ယောက်ကို ခွင့်လွှတ်နားလည် ရင်သာ နားလည်နိုင်တယ်၊ ချစ်သူတစ်ယောက်အဖြစ် တော့ ကျွန်မ ပြန်လက်မတွဲပါရစေနဲ့တော့"

ယသော်သည် ထိုစကားတွေကို ဘယ်လို ဖြတ် သားရဲ့စွမ်းမျိုး၊ သတ္တိမျိုးနှင့် ပြောထွက်သွားပါလိမ့်ဟု ကိုယ့်ကိုယ် ကိုပင် အံ့ဩ၍ မဆုံးနိုင်။ သူက ယသော့်ကို အံ့ဩလျက်ရှိ သည်။ သူ့ကို ယသော် ဘယ်လောက်ထိ ရူးနေအောင် ချစ်ခဲ့





သလဲဆိုတာ သူ အသိဆုံးမို့ သူ အချိန်မရွေး ပြန်လာချင်သည့် အခါ ယသော့်ဘက်က အဆင်သင့် တံခါးဖွင့်ကာ ကြိုဆိုနေ လိမ့်မည်ဟု သူ တွက်ထားခဲ့ပုံ ရသည်။ ယသော်ကိုယ်တိုင် လည်း သူ ယသော့်ဆီ ပြန်လာဖို့ကို အခွင့်အရေးကြီး တစ်ခု ပမာ မျှော်လင့်တကြီး ရှိခဲ့ရသည် မဟုတ်လား။ အခုတော့ ဘယ်လိုအင်အားတစ်ခုက ယသော့်ကို လွှမ်းမိုးတိုက်တွန်း ခဲ့တာပါလိမ့်။ ယသော်သည် သူ့ကို မက်မောငြိတွယ်မနေတော့ တာကို အံ့ဩစဖွယ် တွေ့ရသည်။ သူက ငြိမ်သက်သွား ကာ. . .

"ယသော် တကယ် ဆုံးဖြတ်ပြီးသွားပြီလား၊ ယသော့် ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား၊ ကိုယ့်ကို တကယ်ပဲ Second Chance တစ်ခု ထပ်မပေးနိုင်တော့ ဘူးလား"

ဟု မေးသည်။ သူ့မျက်နှာဆီမှာ စိုးရိမ်ကြောက် ကြရိပ်တွေ ဖြတ်သန်းလျက် ရှိသည်။ ယသော်သည် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်စွာ ပြုံးပြလိုက်သည်။

"Second Chance ရဖူးသွားတဲ့ လူတစ်ယောက်ဟာ နောက်တစ်ကြိမ် Thrid Chance ကိုလည်း မျှော်လင့်တတ်ဦးမှာပဲ၊ ပထမတစ်ကြိမ် သစ္စာအဖောက်ခံရတာဟာ သစ္စာဖောက်သူရဲ့ အပြစ်ဆိုရင်၊ ဒုတိယအကြိမ်ထပ်ပြီး သစ္စာ အဖောက်ခံရတဲ့အခါ အဲဒီ သစ္စာအဖောက်ခံရသူရဲ့ အပြစ်ဖြစ်သွားတော့မှာ၊ မိတ်ဆွေသူငယ်ချင်းတွေ အဖြစ်ပဲ ကောင်းပါတယ် ကိုကို၊ ကဲ. . . ကိုကို ဘာပြောဦးမလဲ"

"ကိုယ့်ကို တစ်သက်လုံး နောင်ကြဉ်သွားအောင် ပညာပေးလိုက်တာလား ယသော်ရယ်၊ ကိုယ့်ကို မင်း ချစ်နေဆဲပါ။ ဟုတ်တယ်မှလား . . . ဘာဖြစ်လို့ မာနကြီးချင်ရတာလဲကွာ၊ အဲဒီကတည်းက ရှင်းနေပြီ၊ မင်း ကိုယ့်ကို ခွင့်မလွှတ်ပါဘူး၊ နာကြည်းနေဆဲပါ၊ ဟုတ်တယ်မှလား. . ."





"ထားလိုက်ပါတော့ ကိုကို၊ ကိုကို့အတွက် ကျွန်မမှာ ပြောစရာစကား ကုန်သွားပြီ၊ ကျွန်မ သွားတော့မယ်"

ယသော်က Espresso ဖိုး ပိုက်ဆံကို စားပွဲပေါ်တင်ထားပစ်ခဲ့ကာ သူ့ကို နှုတ်ဆက်ပြီး ကြော့ကြော့မော့မော့ကလေး ထွက်လာခဲ့သည်။ Hotel ထဲရှိ မျက်ဝန်းတွေအားလုံး ယသော့်နောက်မှ လိုက်ပါလာခဲ့သည်ကို လှည့်ကြည့်စရာမလိုဘဲ အလိုလို ခံစားမိနေသည်။ အဲဒီ မျက်ဝန်းတွေ များစွာထဲမှာ ကိုထင်စွာရဲ့ မျက်လုံးတို့က အစူးရှဆုံး ဖြစ်နေတော့မှာပင်။ အခုမှပင် ယသော့်ရင်ထဲ ရှင်းလင်းပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ ယသော်သည် ဟိုးအရင်က ယသော်သွင် မဟုတ်တော့။ အသစ်တစ်ဖန် ဖန်ဆင်း မွေးဖွားလိုက်သော ယသော်သွင် အသစ်ဖြစ်သည်။ ဟောင်းနွမ်းခဲ့ပြီဖြစ်သော အချစ်တွေအတွက် ခံစားချက် အဟောင်းအမြင်းတွေ အယူသီးမှုတွေအားလုံးကို ချစ်သူအဟောင်းနှင့်အတူ စွန့်လွှတ်ပစ်ခဲ့ပြီ။ အခုအချိန်မှစ၍ ယသော်သည် လူအသစ် . . . ဘဝအသစ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ အချစ်အသစ်တစ်ခုအတွက် ရှင်သန် နိုးကြားလာခဲ့သည်။

✻





## အခန်း ... (၇)

မနက်အစောကြီး ဆူညံစွာ ထမြည်လာခဲ့သော ဖုန်းသံကြောင့် ဆန်းစ အိပ်ရာမှ အလန့်တကြား နိုးထလာခဲ့ရသည်။ အိပ်ချင်မူးတူးဖြင့် ဖုန်းကို ကမန်းကတန်း ကောက်ယူထူးလိုက်မိတော့ . . .

"ဟဲလို . . . ဆန်းစလား၊ အခု ဘာလုပ်နေလဲ"

ဟူသော တစ်ဖက်မှ ချိုရွှင်ကြည်လင်လွန်းလှသော စွဲငြိထင်၏ အသံကလေးကို ကြားလိုက်ရသောအခါ တခြားသူ တစ်ယောက်ယောက်ဆိုလျှင် အကြီးအကျယ် ဟိန်း



www.burmeseclassic.com

www.burmeseclassic.com



ဟောက်ပစ်လိုက်မည်ဟူသော စိတ်ကူးတွေ အလိုလို လွင့်ပြယ်သွားရကာ . . .

"စွဲငြိရယ် ဒီအချိန်များ ဘာလုပ်နေရမှာလဲ၊ အိပ်နေတာပေါ့"

ဟုသာ မအိမလည် အသံဖြင့် အဖြေပေးလိုက်ရသည်။ စွဲငြိထင်က တစ်ဖက်မှ ဆည်းလည်းသံကလေးလို ကြည်ကြည်လင်လင်ကလေး ရယ်မောနေကာ . . .

"ဒီအချိန် အိပ်စရာလား . . . ကျွန်မ ဘုရားသွားချင်လို့၊ ဘုရားကို လိုက်ပို့ပေးစမ်းပါ၊ ကျွန်မကိုယ်တိုင်ကားမမောင်းချင်လို့၊ ဒရိုင်ဘာကြီးလည်း မလာသေးဘူး"

ဟု ထုံးစံအတိုင်း ဗိုလ်ကျချင်သော အသံကလေးဖြင့် ပြော၏။ သူ . . . ငြင်းလို့လည်း မရမှာကို ကြိုသိထားပြီးသောကြောင့် . . .

"ဒါဖြင့်လည်း ပြီးရော . . . လိုက်ပို့မယ်လေ၊ ကိုယ့်ကို





ဆယ့်ငါးမိနစ်လောက်တော့ အချိန်ပေးပါ၊ မျက်နှာသစ်အဝတ်အစား လဲရဦးမယ်"

"အိုကေ . . . ကျွန်မကတော့ အဆင်သင့် ဖြစ်နေပြီ၊ အခုအချိန်ကစပြီး စောင့်နေပြီ . . . သိလား၊ ဆီးယူ. . ."

ဆိုပြီး ဖုန်းချသွားသည်။ သူ သက်ပြင်းတစ်ချက်ရှိုက်ရင်း အိပ်ရာမှ ကမန်းကတန်းထကာ မျက်နှာသစ် အဝတ်အစား လဲရသည်။ ငါးမိနစ်တောင် မကြာပါ . . . သူ ချက်ချင်းပင် ကားပေါ် တက်လျက် စွဲငြိထင်တို့ အိမ်ဆီသို့ မောင်းထွက်လာခဲ့သည်။ နံနက်ခင်း၏ လေပြည်အေးအေးက သူ့စိတ်တွေကို လန်းဆန်း ကြည်လင်သွားစေကာ အိပ်ချင်စိတ်တွေပင် ဘယ်ရောက်ကုန်သည်မသိ။ စွဲငြိထင်ဟာ တစ်ခါတစ်ရံမှာ အဲဒီလိုပဲ မထင်မှတ်တာတွေ တော်တော် လုပ်တတ်တဲ့ မိန်းကလေး။ မနက်စောစော ဘာစိတ်ကူးပေါက်ပြီး ဘုရားသွားချင်တယ်မသိ။ သို့သော် . . . သူကိုယ်တိုင်လည်း ဘုရား



www.burmeseclassic.com

www.burmeseclassic.com



မရောက်တာ ကြာပြီမို့ ဘုရားသွားဖို့ကို စိတ်ပါလက်ပါပင် ရှိသည်။ ပြီးတော့ စဉ်းစားကြည့်စမ်းပါ . . . စွဲငြိထင်လို အလွန် ချစ်စရာကောင်းသည့် မိန်းမချောလေးတစ်ယောက်နှင့် မနက်စောစော ဘုရားအတူတူ တက်ခွင့်ရဖို့ဆိုသော အခွင့် အရေးမှာ သကောင့်သားတိုင်းရဲ့ စိတ်ကူးအိပ်မက်တစ်ခု ဖြစ် သည်။ တွေးကြည့်မိလျှင် ချစ်သူတွေလိုလို . . . ဘာလိုလို။ စွဲငြိထင်ဟာ ဘယ်လိုစိတ်ကူးနှင့်များ သူကိုမှ ဘုရားအတူသွား ဖို့ ရွေးချယ်ခဲ့ပါလိမ့်။

သူ စွဲငြိထင်တို့အိမ်သို့ ရောက်လျှင် စွဲငြိက ခြံထဲ ဆင်း၍ အဆင်သင့်ပင် စောင့်နေသည်။ မိုးပြာရောင် ရင်ဖုံး လက်ပြတ် မြန်မာအကျီကလေးနှင့် ချည်လုံးချည် အဖြူခံပေါ် မှာ မိုးပြာရောင် ပန်းချိပ်ကလေးတွေ ရက်သီထားသော အဆင်ကလေးနှင့် လှပကြော့ရှင်းစွာ အဆင်ဆန်းကလေးကို ဆင်မြန်းထားသည်မှာ ခါတိုင်း ခေတ်ရွှေ့ပြေးလွန်းသည့် နေရာမှာ ဘယ်သူမှ လိုက်မမှီနိုင်သော နာမည်ကြီး Model





မင်းသမီးတစ်ယောက်နှင့် မတူဘဲ ရိုးရိုးသားသား သာမန် အရပ်သူကလေးတစ်ယောက်လို မဟာဆန်ကာ ကြော့ရှင်း လှပနေသည်။ စွဲငြိက သူကားပေါ်သို့ တက်ထိုင်လိုက်ရင်း. . .

"အိပ်ရေးပျက်သွားလို့ ကျွဲမြီးတိုနေသလားဟင် . . ."

"မတိုပါဘူးကွာ . . . ကဲ ဘုရားကိုပဲ မောင်းမယ်နော်"

သူက ရွှေတိဂုံ ဘုရားဆီသို့ မောင်းလာခဲ့သည်။ လမ်းမှာ စွဲငြိက ခါတိုင်းလို ထွေလီကာလီ စကားတွေ ရှည်ရှည် ဝေးဝေး ပြောမနေဘဲ တိတ်တိတ်ဆိတ်ဆိတ်ပင် ပါလာခဲ့သည်။ ဘာစိတ်ကူးနှင့် သူကို ဘုရားလိုက်ပို့ခိုင်းရသလဲ ဆိုတာကိုပင် သူ မမေးမိပါ။

ဘုရားသို့ရောက်လျှင် သူတို့နှစ်ယောက် ချစ်သူ တွေလိုလို . . . ဘာလိုလိုနှင့် ဘုရားအတူ ဖူးကြသည်။ စွဲငြိကို မှတ်မိနေသော လူတွေက စိတ်ဝင်စားသော မျက်ဝန်းပေါင်း များစွာနှင့် ကွက်ကြည့်ကွက်ကြည့် လုပ်ကာ အကဲခတ် စပ်စု နေကြသည်။ စွဲငြိကတော့ ဘယ်သူ ဘာထင်ထင် ဂရုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာပေးကလေးနှင့် ပြုံးပြုံးကလေးသာ ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတွေ ကပ်လှူပူဇော်ပြီး စွဲငြိက အင်္ဂါထောင့်မှာ ဘုရားဝတ်ပြုလျက် ရှိသည်။ ဘုရားဝတ်ပြုကြတော့ သူတို့နှစ်ယောက်စလုံး အင်္ဂါသားသမီးတွေ ဖြစ်နေသောကြောင့် အင်္ဂါထောင့်မှာ အတူတူထိုင်ကာ ဘုရားရှိခိုး ဝတ်ပြုကြသည်။ သူ့တစ်သက်မှာ မိန်းကလေးတစ်ယောက်နှင့် အခုလို အတူတူ စိတ်နှလုံး ကြည်လင်အေးမြစွာ တစ်ခါမှ ဘုရား အတူ မဖူးခဲ့ဘူးချေ။ သူ့ရင်ထဲမှာ တသိမ့်သိမ့် တငြိမ့်ငြိမ့်နှင့် ထူးဆန်းသော ကြည်နူးပီတိနှင့် စိတ်လှုပ်ရှားမှုကလေးကိုတော့ ခံစားနေရသည်။ စွဲငြိ၏ မျက်နှာကလေးဆီ မသိမသာ အသာခိုးကြည့်မိတော့ သူမ၏ မျက်နှာကလေးက ဘာမှမထူးဆန်းသလိုပင် ကြည်ကြည်လင်လင် ရွှန်းရွှန်းမြမြ။

နှစ်ယောက်သား ဘုရားရှိခိုးပြီးသောအခါ ဘုရားကို တစ်ပတ် ပတ်ကြသည်။ ပြီးတော့ . . . ဘုရားပေါ်မှ ပြန်ဆင်းလာခဲ့ကြစဉ် စွဲငြိက . . .





"Breakfast သွားစားရအောင် ဆန်းစ၊ ကျွန်မ Dim-Sun စားချင်လို့"

"အင်း . . . သွားတာပေါ့၊ ဘယ်မှာစားမလဲ"

"ကန်တော်ကြီးထဲက Royal Garden မှာ သွားစားရအောင်၊ အဲဒီမှာ သီးသန့်ခန်းနဲ့ အေးအေးဆေးဆေး စားလို့ရတယ်"

သူက သူမ,ပြောတဲ့အတိုင်း ကန်တော်ကြီးထဲရှိ Royal Garden ဆီသို့ မောင်းလာခဲ့သည်။ သီးသန့်ခန်းတစ်ခန်းမှာပြီး သူတို့နှစ်ယောက်တည်း အေးအေးလူလူ သီးသီးသန့်သန့် Dim-Sun စားကြသည်။ Dim-Sun စားပြီးချိန်တွင် စွဲငြိထံက စတင်လျက် . . .

"ဒီနေ့ ကျွန်မရဲ့ အပြုအမူတွေ ထူးဆန်းမနေဘူးလားဟင်၊ ဆန်းစစိတ်ထဲ ဘာတွေ ဖြစ်နေသလဲ . . . ကျွန်မ သိချင်လိုက်တာ၊ ဆန်းစရဲ့စိတ်ကို ကျွန်မ ဖတ်တတ်ရင် ကောင်းမယ် သိလား၊ ဒါပေမယ့် ကျွန်မက မဖတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မရဲ့ စိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာကိုပဲ ဆန်းစကို ဖတ်စိုင်းရတော့မယ်၊ ကဲ . . . ကျွန်မစိတ်ထဲမှာ အခု ဘာတွေ ဖြစ်နေသလဲ . . . ဆန်းစဖတ်ပေး"

ဟု ပြောရင်း သူ့ဆီသို့ လက်နှစ်ဖက် လှမ်းပေးလိုက်သည်။ သူက သူမရဲ့ လက်နှစ်ဖက်ကို လှမ်းဆွဲယူလိုက်ရင်း ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ကာ သူမ၏ စိတ်ထဲသို့ လှမ်းဖတ်ကြည့်လိုက်မိသည်။

"ဒီနေ့ . . . မနက်အစောကြီးကတည်းက ကျွန်မ နိုးနေတာ၊ ကျွန်မစိတ်ထဲမှာ ဆန်းစနဲ့အတူ ဘုရားသွားချင်တဲ့စိတ် အလိုလိုနေရင်း ပေါ်လာတယ် . . . သိလား၊ အဲဒါ ဘာကြောင့်မှန်းတော့ ကျွန်မ မသိဘူး၊ ကျွန်မ ရည်းစားတွေ အများကြီး ထားခဲ့ဖူးတာကို ဝန်ခံပါတယ်၊ ယောကျ်ားတွေ အများကြီးကိုလည်း ပုံသဏ္ဌာန်မျိုးစုံနဲ့ တွေ့ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ရှင့်လောက် နိုးသားတည်





ငြိမ်ပြီး ဖြူစင်ဖြောင့်မတ်တဲ့ လူထူးလူဆန်းမျိုး ကျွန်မဘဝမှာ တစ်ခါမှ မဆုံစည်းမိခဲ့ဖူးဘူး၊ ရှင့်မှာ ဘယ်သူ့မှာမှ မရှိနိုင်တဲ့ Will Power တစ်မျိုး ရှိတယ်၊ ရှင့်ဟာ လူထူးလူဆန်း တစ်ယောက်လို့ ပြောရင်ရတယ်၊ ရှင့်ရဲ့ ထူးဆန်းမှုတွေကို ကျွန်မ ချစ်တယ်"

သူ သူ့နှလုံးသားဆီမှ နှလုံးသွေးတို့ လျှင်မြန်ပူနွေးစွာ စီးဆင်းသွားကြလျက် သူ သူမ၏ လက်နှစ်ဖက်ကို ယောင်ယမ်းစွာ လွှတ်ပေးလိုက်မိသည်။ ပြီးတော့ သူမ၏ မျက်နှာဆီသို့ အလွန်ထူးဆန်းစွာ လှမ်းကြည့်လိုက်မိသည်။ အဲဒါဟာ စွဲငြိထင်ရဲ့ တမင် ကြိုတင် ကြံစည်ထားတဲ့ စီစဉ်မှုလား . . . သူမစိတ်ထဲမှာ ရိုးရိုးသားသား ဖြစ်ပေါ် စီးဆင်းနေတဲ့ အတွေးတွေလားဆိုတာ သူ မခွဲခြားနိုင်ပါ။ သူမက သူ့ကို ငြိမ်သက်စွာပင် စိတ်ဝင်တစား စောင့်ကြည့်နေသည်။

"ကဲ . . . ကျွန်မစိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲဟင်၊ ဆန်းစ ပြောပြနိုင်မလား . . ."



www.burmeseclassic.com

www.burmeseclassic.com



စွဲငြိက မေးလျှင် သူ အနည်းငယ် စိတ်ရှုပ်ထွေးစွာဖြင့် သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ . . .

"စွဲငြိစိတ်ထဲမှာ ဖြစ်နေတာကို စွဲငြိ အသိဆုံး ဖြစ်မှာပေါ့၊ ဘာဖြစ်လို့ ကိုယ့်ကို မေးနေရသေးလဲ"

"ဟင့်အင်း . . . ကျွန်မ စိတ်ထဲမှာ ရှိနေတာနဲ့ ဆန်းစပြောပြတာ တစ်ထပ်တည်း ကျမကျ သိချင်လို့"

ဒါဟာ ပါးနပ် ပရိယာယ်ကြွယ်တဲ့ မိန်းမချောလေးတစ်ယောက်ရဲ့ လမ်းခင်းပေးခြင်းဆိုလျှင် ထိုးလမ်းကနေ သူ့ အသာအယာကလေး လျှောက်လှမ်းလာခဲ့ရုံပင်။ သူ ဖတ်ခွင့်ရလိုက်သော စွဲငြိထင်ရဲ့ စိတ်ကို ပြန်ပြောပြလိုက်ရုံဖြင့် သူတို့နှစ်ယောက် မကြာခင်မှာ တစ်ယောက်ကိုတစ်ယောက် ဖွင့်ဟဝန်ခံမိသွားကြသော ချစ်သူနှစ်ယောက်ဘဝသို့ အလိုလို ရောက်ရှိသွားတော့မည်။ သို့သော် မသေချာသည်က သူ့ရဲ့စိတ် ဖြစ်သည်။ သူ စွဲငြိထင် အပေါ်မှာ စွဲလမ်းငြိတွယ်နေသလား . . . မက်မောသာယာနေသလား၊ ဆိုတာ သူကိုယ်





တိုင် မသိချေ။ စွဲငြိက သူ့အပေါ်မှာ မယုံနိုင်လောက်အောင် အခွင့်အရေးတွေ ပေးခဲ့တာကိုလည်း သူ အသိဆုံး။ ပြီးတော့ ခုအချိန်မှာ စွဲငြိက ချစ်သူနှင့် လတ်လတ်ဆတ်ဆတ် ပြတ်စဲပြီး ခါစ မိန်းကလေးဖြစ်သည်။ စွဲငြိရဲ့ မျက်ဝန်းတွေထဲမှာ သူ့ကို တမ်းတလိုအပ်နေသော အရိပ်တွေက အထင်းသား။ ဒီထက်ပိုပြီး ရှင်းလင်းသေချာတာ မရှိတော့ပါ။ သို့သော် သူ ဘာကြောင့် မှန်းမသိ ထိုအခွင့်အရေးကို မယူမိချေ။ ယသော်သွင့်၏ မျက်နှာကလေးကို ဖျတ်ခနဲ မြင်ယောင်လာမိသောကြောင့် ဖြစ်သည်။ ယသော်တစ်ယောက် သူမ ချစ်သူနှင့် ဘယ်လိုဆက်ပြီး စခန်းသွားနေသည်မသိ။ မနေ့က ယသော့်ဆီမှ ဖုန်းကို သူ မျှော်နေခဲ့သော်လည်း ယသော်က သူ့ဆီ ဖုန်းမဆက်ပါ။ သူက ဆက်ပြီး လှမ်းမေးရလောက်အောင်လည်း ယောကျ်ားတန်မဲ့နှင့် သူ မစပ်စုချင်ပါ။ သူများတကာရဲ့ အချစ်ရေးကိစ္စမှာ သူ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူးဟု ထင်တာပဲ။ ထိုအချိန်မှာ သူ့ရဲ့ Mobile ဖုန်းကလေး အသံမြည်လာသည်။ ဖုန်းနံပါတ်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းကြည့်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင်ပင် ယသော်သွင့်ဆီက ဖြစ်သည်။ သူ စွဲငြိကို ခွင့်တောင်းသလို တစ်ချက်လှမ်းကြည့်လိုက်ပြီး ဖုန်းဖြေလိုက်သည်။

"ဟဲလို . . ."

"ကိုဆန်းစ အခု ဘယ်မှာလဲဟင်"

"အင်း . . . ကိုယ် ကန်တော်ကြီးထဲက Royal Garden မှာ Dim-Sun စားနေတယ်"

"ဘယ်သူနဲ့လဲဟင် . . ."

"စွဲငြိထင်နဲ့ပါ . . . ဘာဖြစ်လို့လဲ"

"ကျွန်မ ကိုဆန်းစနဲ့ တွေ့ချင်တယ်၊ ပြီးတော့ ပြောပြစရာတွေ ရှိတယ်"

"အင်း . . . ကိုယ် မနေ့ကတောင် ဖုန်းမျှော်သေးတယ် မင်း မဆက်လို့၊ ကောင်းပြီလေ . . . ဒီကပြီးရင် ကိုယ် မင်းဆီ လာခဲ့မယ်၊ အိမ်ကပဲစောင့်ပေါ့ . . . ဟုတ်ပြီလား"





"ကောင်းပြီ . . . ကျွန်မ စောင့်နေမယ်"

ယသော် ဖုန်းချသွားသောအခါ စွဲငြိက သူ့ကို ခနိုးခနဲ့ အမူအရာကလေးဖြင့် . . .

"ယသော်သွင်မှ ဟုတ်ရဲ့လား . . . သူနဲ့ ကျွန်မဟာ ဘာဖြစ်လို့များ အဲဒီလောက် ထိပ်တိုက် ဆုံဆုံနေရသလဲ မသိဘူး၊ ကဲပါ . . . ထားလိုက်ပါတော့၊ သူ့အကြောင်း ကျွန်မ စိတ်မဝင်စားဘူး၊ ကဲ . . . ဆန်းစ ပြောမလား မပြောဘူးလား"

"အခု ကိုယ် မပြောချင်သေးဘူး၊ စွဲငြိ ကိုယ့်ကို တစ်ခုခု သိစေချင်လို့ ရည်ရွယ်တာဆိုရင် ကိုယ် အခု သိသွားပြီလို့ပဲ မှတ်ပါ"

"ကဲ . . . သိသွားပြီဆိုရင် အခု ဆန်းစရင်ထဲမှာ ဘာဖြစ်နေသလဲ၊ ဘယ်လို ခံစားရသလဲ"

စွဲငြိရဲ့ မေးခွန်းက လှပစွာ ချောင်ပိတ်မေးလိုက်သော မေးခွန်းဖြစ်သည်။ သူက အသာအယာ ပြုံးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စွဲငြိုဆီသို့ သူ့ရဲ့ လက်နှစ်ဖက်ကို လှမ်းပေးလိုက်ကာ . . .

"သိချင်ရင် ဖတ်ကြည့်ပေါ့ . . ."

ဟု ပြောလိုက်သည်။ စွဲငြိုက ချစ်စဖွယ် အပြုံးကလေးနှင့် သူ့ရဲ့ လက်နှစ်ဖက်ကို ရဲရဲတင်းတင်းပင် လှမ်း၍ ဆွဲယူဆုပ်ကိုင်ထားလိုက်ကာ မျက်လုံးများကို မှေးမှိတ်ထားလိုက်ရင်း နှုတ်ခမ်းကလေးများ လှပစွာ ဖူးပွင့် ပြုံးရယ်လာခဲ့သည်။ သူက စွဲငြိုထင်ရဲ့ မျက်နှာလှလှကလေးကို သဘောကျစွာပင် ငေးမောကြည့်နေမိသည်။ သူသာ ချစ်သူတစ်ယောက်ကို အလိုရှိနေသော ယောကျာ်းတစ်ယောက်ဆိုလျှင် ခုအချိန်မှာ စွဲငြိုနှင့် ချစ်သူတွေ ဖြစ်လိုက်ကြဖို့ ဝန်မလေးပါ။ ဘယ်သူ့ကိုပဲ ချစ်ရ ချစ်ရ ချစ်သူရလျှင် ပြီးရောဟူသော သာမန်ယောကျာ်းတို့ရဲ့ စိတ်ဓာတ်မျိုး သူ့ဆီမှာ ရှိခဲ့ရင်ပေါ့လေ။ အခုတော့ ထိုစိတ်ဓာတ်မျိုး သူ့မှာ ရှိမနေသောကြောင့် သူ ကြိုးစား၍ ထိန်းချုပ်စောင့်စည်းခဲ့ပါသည်။





သူ ယသော်သွင့်ဆီသို့ ရောက်သောအခါ ယသော့်ရဲ့ မျက်နှာကလေးက ခါတိုင်းလို လန်းဆန်းရွှင်ပြမနေပါ။ တစ်ခုခုကို မကျေမနပ် ဖြစ်နေသော . . . စိတ်အခန့်မသင့် ဖြစ်နေသော မျက်နှာထားကလေးမျိုး ဖြစ်သည်။ သူလာမည်ဆိုတာကို ဖုန်းကြို၍ ဆက်ထားခဲ့သောကြောင့် ယသော်က ခြံထဲမှာပင် ဆင်း၍ စောင့်နေခဲ့သည်။ သူ ကားကို ပေါ်တီကိုအောက်မှာ ရပ်ပြီးချိန်မှာတော့ ယသော်က . . .

"ခြံထဲမှာပဲ အေးအေးဆေးဆေး ပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မပြုံးမရယ် ခပ်တည်တည်ကလေး ပြောပြီး ခြံထောင့်ရှိ ဒန်းကလေးဆီသို့ လျှောက်လာခဲ့သည်။ ထို့နောက် ဒန်းကလေးပေါ်မှာ အသာထိုင်ကာ ဒန်းကို အသာအယာ လွှဲစီးနေရင်း . . .

"ကိုဆန်းစ . . . ကျွန်မတို့ရဲ့ မနေ့က ကျွန်မ ကိုထင်စွာနဲ့ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာ ကိုဆန်းစ မမေးဘူးနော်"

"ကိုယ်က မင်းအပြောကို စောင့်နေခဲ့တာပါ။ ကိုယ်ကစပြီး မမေးသင့်ဘူး ထင်လို့ပါ"

"အဲဒါဆိုရင် ကျွန်မ အခု ပြောပြမယ်၊ သူက ကျွန်မကို ဒုတိယအကြိမ် အခွင့်အရေး ပြန်တောင်းတယ်၊ ကျွန်မ သိပ်ပျော်သွားလိမ့်မယ်လို့ အရင်က ထင်ထားခဲ့တာ၊ ဒါပေမယ့် သူပြောလိုက်တဲ့ အချိန်မှာ ကျွန်မ လုံးဝ မပျော်ဘူး၊ ရင်လည်း မခုန်ဘူး၊ စိတ်လည်း မလှုပ်ရှားဘူး၊ ကျွန်မစိတ်ထဲမှာ အရင်က သူ့ကို ချစ်ခဲ့ဖူးတဲ့





အချစ်တွေ ဘယ်များ ရောက်ကုန်ပြီလဲလို့တောင် အံ့ဩမိတယ်၊ တကယ်ကို မရှိတော့တာ၊ ကျွန်မ သူ့ကို ချစ်မနေတော့ဘူး၊ အဲဒီအချိန်မှာ အံ့ဩစရာ ကောင်းတာက အချစ်ဆိုတာ အဲဒီလိုပဲ တစ်ချိန်ချိန်မှာ ပျောက်ဆုံးသွားတတ်သလားလို့ ကျွန်မ တွေးမိတယ်၊ ဒါပေမယ့် ဖြစ်နိုင်တာက ကျွန်မကို သူ သစ္စာဖောက်ခဲ့တဲ့အတွက် ကျွန်မရင်ထဲမှာ နက်ရှိုင်းတဲ့ ဒဏ်ရာတစ်ခု ရသွားတာကြောင့်လို့ ထင်တယ်၊ သူ့ကို ဘယ်လိုပဲ ခွင့်လွှတ်တယ်လို့ ပြောပြော ကျွန်မ တကယ်တမ်းမှာ ခွင့်မလွှတ်နိုင်ပါဘူး၊ သူ့ကို ကျွန်မဆီ ပြန်လာဖို့ ကျွန်မ အသည်းအသန်ကြိုးစားအားထုတ်ရလိမ့်မယ်လို့ ထင်ထားခဲ့တာ၊ တကယ်တမ်းမှာ လွယ်လွယ်ကလေးနဲ့ သူ ပြန်လာခဲ့တော့ ကျွန်မ တန်ဘိုးမထားမိတော့တာ ထင်ပါရဲ့၊ ပြီးတော့ . . . စွဲငြိထင် သုံးပြီး လှွင့်ပစ်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အဟောင်းတစ်ခုကို ကောက်ပြီး မမက်မောချင်တော့တာလည်း ပါပါတယ်၊ ကျွန်မ သူ့ကို ငြင်းပစ်လိုက်တယ် ကိုဆန်းစ၊ အဲဒါကို မအံ့ဩဘူးလားဟင်"

"မအံ့ဩပါဘူး . . လူတိုင်း တစ်ချိန်ချိန်တော့ ပြောင်းလဲတတ်ကြပါတယ်"

"ကျွန်မရင်ထဲမှာ မရှင်းဘူး ဖြစ်နေတယ်၊ ကျွန်မ ဘာတွေ ဖြစ်နေသလဲ . . . ကျွန်မကိုယ် ကျွန်မတောင် နားမလည်နိုင်ဘူး ဖြစ်နေတယ်၊ အဲဒါ ကိုဆန်းစကို အကူအညီတောင်းချင်လို့၊ ကျွန်မရဲ့ စိတ်ကို ဖတ်ပေးစမ်းပါ။ ကျွန်မ စိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲဆိုတာ"

ယသော်စကားကြောင့် သူ ထိတ်ခနဲ ဖြစ်သွား၏။ လာပြန်ပြီ တစ်ယောက်ဟု . . . သူစိတ်ထဲက ခပ်တိုးတိုးပင် ရေရွတ်မိသွားသည်။ သို့သော် . . . မငြင်းဆန်တတ်သည့် သူ့ထုံးစံအတိုင်း ယသော်၏ လက်နှစ်ဖက်ကို ခပ်တင်း





တင်း ဆုပ်ကိုင်ပြီး သူ့အာရုံတွေကို စုစည်းကာ ယသော့်ရဲ့ စိတ်ထဲကို လှမ်းဖတ်ကြည့်လိုက်သည်။ ထိုအချိန်မှာ သူ့ရင်က တဒိတ်ဒိတ်။

"ကျွန်မစိတ်ထဲမှာ သိပ်အံ့ဩနေတာ . . . တစ်ချိန်က ကျွန်မ အရူးအမူး စွဲလမ်းမက်မောခဲ့ရတဲ့ . . . သူ့ကို သာ ဆုံးရှုံးရရင် ကျွန်မဘဝတစ်ခုလုံး အဓိပ္ပာယ်မရှိတော့ဘူးလို့ ထင်ရလောက်အောင် ငိုတွယ်စုံမက်ခဲ့ရတဲ့ ကျွန်မရဲ့ ချစ်သူကိုတောင် ငြင်းဆန်နိုင်စွမ်းရှိအောင် ဘယ်လိုအင်အားမျိုးက ကျွန်မကို လွှမ်းမိုးထားခဲ့သလဲ၊ ကျွန်မဟာ အရင်ကနဲ့ လုံးဝ မတူတော့ဘူး၊ မျှော်လင့်ချက်တစ်ခုနဲ့ ဘဝအသစ်တစ်ခု ဖြစ်လာအောင် ကြိုးစားပြီး ပြောင်းလဲခဲ့တာတော့ အမှန်ပဲ၊ အဲဒီ မျှော်လင့်ချက်ဟာ ကျွန်မရဲ့ ချစ်သူကို ပြန်ရဖို့ ကျွန်မဆီကနေ လုယူသွားတဲ့ စွဲငြိထင်ကို အရှုံးမပေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သက်သေပြချင်လို့လို့ ထင်ခဲ့တာ၊ တကယ်တော့ အဲဒါတွေ လုံးဝမဟုတ်မှန်း ကိုကို ကျွန်မဆီ တကယ် ပြန်လာတဲ့အခါမှာ သိလိုက်ရတယ်၊ ကျွန်မရဲ့ အလဲလဲ အပြိုပြို ဖြစ်နေခဲ့တဲ့ ဘဝကို ကယ်တင်ခဲ့တာဟာ ကိုဆန်းစပါ၊ တစ်စစီ ဖြစ်နေတဲ့ ကျွန်မရဲ့ နှလုံးသားကို တစ်စချင်း မျှော်လင့်ချက်တွေနဲ့ ပြန်ဆက်ပေးခဲ့တာ ကိုဆန်းစပါ၊ ဖရိုဖရဲ ဖြစ်နေတဲ့ ကျွန်မရဲ့ စိတ်တွေကို တည်ငြိမ်လာအောင် . . . ကိုယ့်ကိုယ် ကို ယုံကြည်မှု ရှိလာအောင် ကျွန်မရဲ့ မနက်ဖြန်တွေကို လှပ်ရှားသက်ဝင်လာအောင် ပြင်ဆင်ပေးခဲ့တာ ကိုဆန်းစပါ၊ ကိုဆန်းစကြောင့်သာ ကျွန်မ အရာရာကို ပြောင်းလဲချင်ခဲ့မိတာ၊ ကိုဆန်းစပေးခဲ့တဲ့ အားမာန်တွေနဲ့ ဘဝအသစ်တစ်ခုကို ကြိုးစားပမ်းစား ပုံဖော်တည်ဆောက်ခဲ့တာဘာကြောင့်လို့ ကိုဆန်းစ ထင်သလဲဟင်၊ ကျွန်မ ရှင့်





အတွက်ကြောင့်သာ အခုလောက် ကြိုးစားခဲ့မိတာ ကျွန်မကိုယ် ကျွန်မတောင် မသိခဲ့ပါဘူး”

သူ အံ့ဩစွာဖြင့် ယသော့်ရဲ့ လက်တွေကို ပြန်လွှတ်ပေးလိုက်မိသည်။ သူ့မျက်နှာတစ်ခုလုံး ရှိန်းမြပူနွေးလျက် ယသော့်ကို မျက်ဝန်းချင်း ရင်ဆိုင်ဆုံဖို့ကိုပင် ဝန်လေးလျက်ရှိသည်။ ဘယ်လောက် အံ့ဩစရာ ကောင်းလိုက်ပါသလဲ။ ဒီမိန်းကလေး နှစ်ယောက်စလုံးဟာ တိုက်တိုက်ဆိုင်ဆိုင် တစ်ရက်တည်းမှာ အတူတကွ သူမတို့ရဲ့ စိတ်တွေကို သူ့အား ဖတ်ခိုင်းခဲ့သည်။ ရိုးသားစွာ ဖတ်ခိုင်းခဲ့ခြင်းလား . . . တမင်သက်သက် ရည်ရွယ်ကြံစည်လျက် ကြိုတင်ပြင်ဆင်ခဲ့ပြီးမှ ဖတ်ခိုင်းခဲ့တာလားဆိုတာ သူ မသိပါ။ ဒီနေရာမှာ သူက စိတ်တွေကို ဖတ်နိုင်စွမ်းရှိသော Mind Reader တစ်ယောက်ဖြစ်နေသောကြောင့် ထိုနည်းလမ်းကို သူမတို့ နှစ်ယောက်စလုံးက အခွင့်အရေးတစ်ခုပမာ သုံးစွဲခဲ့ကြခြင်း ဖြစ်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ အနည်းငယ် ရင်မောသွား၏။ မိန်းကလေးနှစ်ယောက် အပြိုင်အဆိုင် လုယူကြရသော ယောကျ်ားတစ်ယောက် သူ မဖြစ်ချင်ပါ။ မိန်းကလေးနှစ်ယောက် ကြားမှလည်း သူ ဗျာမများချင်ပါ။ ပိုသေချာသည်က စွဲငြိထင်နှင့် ယသော်သွင်ဆိုသော ရာဇဝင် ရှိခဲ့ကြသော ထိုမိန်းကလေးနှစ်ယောက်၏ ချစ်သူ သူ မဖြစ်ချင်ပါ။

"ကျွန်မစိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲဟင်"

ဟု ယသော်က မေးလျှင် သူက အနည်းငယ် စိတ်ရှုပ်ထွေးနေသော အသံမျိုးဖြင့် . . .

"ကိုယ် မသိဘူး . . ."

ဟု ဖြေလိုက်သည်။ ယသော်က မျက်ခုံးတွေပင့်လျက် . . .

"မဖြစ်နိုင်တာ . . . ကျွန်မရဲ့စိတ်ကို ကိုဆန်းစ ဖတ်နေကျပဲဥစ္စာ၊ မသိဘူးဆိုတာ လုံးဝ မဖြစ်နိုင်ဘူး . . .





အဲဒါ လိမ်တာ"

သူ သက်ပြင်းတစ်ချက် ခိုးရှိုက်မိသည်။ မိန်းကလေးတွေရဲ့ အခွင့်အရေး ရှားပါးမှုကို သူ နည်းလည်နိုင်ပါသည်။ မိန်းကလေးတွေမှာ သူမတို့ ချစ်မိရင် ချစ်တာကို ကိုယ်ချစ်တဲ့လူဆီမှာ ဖွင့်ဟဝန်ခံခွင့်မှ မရှိဘဲ။ သို့သော် သူမတို့စိတ်ထဲမှာ ရှိနေသော ခံစားချက်ကိုတော့ Mind Reader တစ်ယောက်ကို ဖတ်နိုင်းခွင့် ရှိသည် ဆိုပါစို့။ သူ့ကိုယ်သူ ကံကောင်းသော ယောကျ်ားတစ်ယောက်လား . . . ကံဆိုးသူတစ်ယောက်လား ဆိုတာပင် မသေချာချင်တော့။ ယသော့်ကိုလည်း သူ မသိစိတ်ထဲကဘဲဖြစ်ဖြစ် တိတ်တခိုး ငြိတွယ်နေမိသလား . . . မငြိတွယ်ဘူးလားဆိုတာ သူလည်း မသေချာ။ စွဲငြိထင်ကို စွဲ . . . မစွဲ မသေချာသလိုပင်။

"လိမ်တာလို့ပဲ ထားလိုက်ပါတော့ ယသော်၊ ကိုယ် ဘာပြောရမှန်း မသိတော့လို့ပါ၊ ကိုယ့်ကို အချိန်းနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ပေးပါ၊ တစ်နေ့နေ့မှာ ကိုယ် အဖြေတစ်ခု သေချာထုတ်ပေးမယ် . . . ဟုတ်လား"

သူ စွဲငြိကို ပြောခဲ့သလိုပင် ယသော်ကိုလည်း ပြောလိုက်သည်။ ယသော်က သိပ်ကျေနပ်လှသည် မဟုတ်သော်လည်း သူ ဆုံးဖြတ်တာကို လက်ခံလိုက်ပါသည်။ သူ့အဖြစ်က တော်တော်တော့ ရယ်စရာကောင်းနေပြီ။

*





ထိုပြဿနာကို သူတစ်ယောက်တည်း ဘယ်လိုကိုင်တွယ် ဖြေရှင်းရမှန်း တကယ်မသိပါ။ ခက်တာက သူကသာ သူမတို့ရဲ့ စိတ်တွေကို ဖတ်နိုင်စွမ်းရှိပြီး သူမတို့က သူ့ရဲ့ စိတ်ထဲကို ပြန်ဖတ်နိုင်စွမ်း မရှိချေ။ အဲဒီလို ဖတ်နိုင်စွမ်း ရှိမည်ဆိုလျှင်လည်း အကောင်းသား။ သူ့စိတ်ထဲမှာ ရှိနေသော အဖြေတစ်ခုခုကို သူမတို့ အလိုလို သိခွင့်ရလိမ့်မည်။

သူ့ရဲ့ ပြဿနာကို ရွှေပြည်စိုးနှင့် ဖြိုးဝေတို့ကို တိုင်ပင်ကြည့်တော့ သူတို့နှစ်ယောက်စလုံးက သဘောကျအော



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောကြလေသည်။

"မင်းရဲ့ကံကလည်း တော်တော် မနာလိုစရာ ကောင်းပါလားကွာ၊ ငါတို့လည်း မင်းလို Mind Reader ဖြစ်ချင်လိုက်တာ၊ မိန်းကလေးတွေရဲ့ စိတ်ထဲမှာ ကိုယ့်ကို ချစ်နေပါတယ်ဆိုတဲ့ အဖြေကို အလိုလို သိခွင့်ရတဲ့ ကုသိုလ်ကံဟာ နဲနဲနောနောမှ မဟုတ်တာ၊ မင်းက တော့ ငထောပဲကွာ၊ ထောမယ့် ထောတော့လည်း နှစ်ယောက်စလုံး ပြိုင်တူ ပူးတွဲကြီး၊ အဲဒီတော့ မင်းကို ငါတို့မေးမယ်၊ သူတို့ နှစ်ယောက်တည်းမှာ မင်း ဘယ်သူ့ကို ပို သဘောကျသလဲ"

ဖြိုးဝေက မေးလျှင် သူ စိတ်ရှုပ်ထွေးစွာ ရယ်မောလျက် . . .

"အဲဒါကို ငါ မသိလို့ ခက်နေတာပေါ့ကွ၊ သူများတွေရဲ့ စိတ်ကိုတော့ ဖတ်နိုင်ပြီး ငါ့ရဲ့ စိတ်ထဲကိုတော့ ငါ ပြန်





မဖတ်နိုင်ဘူးလား မသိဘူး၊ ငါ သူတို့နှစ်ယောက်စလုံးကို စိတ်ဝင်စားသလား . . . စိတ်မဝင်စားဘူးလား ဆိုတာလည်း မသေချာဘူး၊ သူတို့နှစ်ယောက်တည်းက ဘယ်သူ့ကို ပို သဘောကျသလဲ ဆိုတာကိုလည်း မဝေခွဲတတ်ဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ငါ့နေရာမှာ မင်းတို့ နေကြည့်စမ်း . . . ငါက စွဲငြိထင်ကို ပို စိတ်ဝင်စားမိတယ် ဆိုပါစို့၊ စွဲငြိထင်ကို ရွေးချယ်လိုက်ပြီး သူနဲ့ငါ ချစ်သူတွေ ဖြစ်သွားကြရင် ယသော်သွင် ဘယ်လို နေမလဲ၊ ဘယ်လောက် ရှက်သွားမလဲ၊ ဘယ်လောက် ထိခိုက်နာကျင်သွားမလဲ ဆိုတာတွေကို ငါ တွေးနေရပြီ၊ ယသော်သွင့်ကို ငဲ့ညှာ ထောက်ထားနေရပြီ၊ အကယ်၍ . . . ငါက ယသော့်သွင့်ကို ရွေးချယ်လိုက်မိပြီး ဆိုပါစို့၊ အဲဒါဆိုရင် စွဲငြိထင်နဲ့ ငါ ရင်ဆိုင်ရတော့မှာ၊ စွဲငြိထင်က ငါ့ကို အကြီးအကျယ် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ရှာတော့မှာ၊ ခွဲငြိအကြောင်းလည်း မင်းတို့ အသိပဲ၊ သူက သူလိုချင်တာကိုလည်း မဖြစ်ဖြစ်အောင် ရအောင် ယူတတ်တယ်၊ သူ မရနိုင်ဘူး ဆိုတာကိုလည်း မရ ရအောင် ဖွတ် လုယူတတ်တယ်၊ အဲဒီတော့ မိန်းကလေး နှစ်ယောက်ရဲ့ကြားမှာ ငါ မြေစာပင် အဖြစ် မခံနိုင် ဘူး၊ အချစ်ဆိုတာ ဘာမှန်းလဲ ငါ မသိဘူး၊ သူတို့နှစ် ယောက်လုံးကို ချစ်ကြည့်ဖို့လည်း တစ်ခါမှ ငါ စိတ် မကူးခဲ့မိဖူးဘူး"

"အဲဒီတော့ အဖြေက ရှင်းရှင်းလေးပဲ၊ မင်း သူတို့ နှစ် ယောက်လုံးကို မချစ်ဖူးပေါ့"

"ပိုသေချာအောင် ပြောရရင် သူတို့နှစ်ယောက်ဆီက အချစ်ကို ငါ မလိုချင်တာ"

"ကောင်းပြီ . . . သူတို့နှစ်ယောက်ဆီက အချစ်ကို မလိုချင်ရင် မင်းရနိုင်တာ အမုန်းပဲ ဖြစ်လိမ့်မယ်၊





ဒီအတိုင်းကြီးတော့ မင်း နေလို့ရမှာ မဟုတ်ဘူး၊ သူတို့ နှစ်ယောက်ကြားမှာ ရာဇဝင်ကြွေးကလည်း ရှိသေး တယ်၊ အခုလောက်ဆို သူတို့နှစ်ယောက် မြွေ မြွေချင်း ခြေမြင်လောက်ရောပေါ့၊ နောက်တစ်ခုက မိန်းကလေး တွေဆိုတာ သူတို့ရဲ့ အချစ်ကို အဲဒီယောကျ်ားက တစ် နည်းနည်းနဲ့ သိသွားခဲ့ပြီး ဘယ်လိုမှ မတုံ့ပြန်ရင် အဖြေ တစ်ခုခု ပေးမလာရင် သူတို့က သိပ် နာကြည်းတတ် တာ၊ အဲဒီတော့ မင်း တစ်ခုခုတော့ ဆုံးဖြတ်ရလိမ့်မယ်"

"ငါက ဘာကို ဆုံးဖြတ်ရမှာလဲ . . ."

ရွှေပြည်စိုးက သူ့ကို ရွှတ်နောက်နောက် အပြုံး ဖြင့် . . .

"မင်းကလည်းကွာ . . . ဒါများ လွယ်လွယ်လေး၊ မင်းကို သူတို့က သူတို့ရဲ့ စိတ်တွေကို ဖတ်ခိုင်းခဲ့တယ် မဟုတ်လား၊ သူတို့ကိုလည်း မင်းရဲ့စိတ်ထဲကို ပြန်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းလိုက်ပေါ့"

"အဲဒီနည်းနဲ့ စွဲငြိထင်ကို ငါ တုံ့ပြန်ပြီးသွားပြီ၊ သူက ဘယ်လုပ်တယ် မှတ်သလဲ"

"ဘာလုပ်လို့လဲ . . ."

"ငါ့ရဲ့ လက်နှစ်ဖက်ကို ကိုင်ပြီး မျက်လုံးတွေ မှိတ်ထားပြီး ပြုံးနေခဲ့တယ်ကွ၊ ဘာမှ အဖြေမပေးခဲ့ဘူး၊ ဒါပေမယ့် အဲဒီတုန်းက သူပြုံးနေတဲ့ ပုံစံကလေးကို ငါ မကြည့်ရဲလောက်အောင် ဖြစ်သွားခဲ့တယ်"

"ဘာဖြစ်လို့ မင်းက မကြည့်ရဲရတာလဲ"

"သူ့ကို ငါ ချစ်မိသွားမှာ စိုးလို့ပေါ့ကွ"

သူ့ကို နှစ်ယောက်သား ဝိုင်း၍ ရယ်မောလှောင်ပြောင်၍ မဆုံးတော့ချေ။

"ယသော်သွင့်ကို ကျတော့ရော . . ."

"ယသော်ကိုတော့ အဲဒီနည်းနဲ့ မစမ်းသပ်ကြည့်ရသေး





ဘူး၊ ငါက ယသော် ငါ့ကို အဲဒီလို အာရုံပြောင်းလာလိမ့်မယ်လို့ ထင်မထားဘူးလေ၊ ငါ တွက်ထားတာက သူ့ရည်းစား သူ့ဆီ ပြန်လာရင် ဇာတ်လမ်းပြတ်ပြီလို့ တွေးထားတာ၊ အခု သူက သူ့ရည်းစားကို ပြန်လက်မခံတော့ဘူးတဲ့၊ အဲဒီတော့ ငါ ဂွကျတာပေါ့"

"လုပ်မနေနဲ့ကွာ . . . နှစ်ယောက်စလုံးကိုသာ ပြန်ကြိုက်လိုက်တော့"

ဖြိုးဝေက ရယ်သလို မောသလိုနှင့် အတည်ပြော၏။

"အဲဒီလောက် မလွယ်ဘူး ဖြိုးဝေ . . . ငါကိုယ်တိုင် အချစ်ဆိုတာကို ဘာမှန်းမသိသေးဘူး၊ ပြီးတော့ . . . ငါက အချစ်ကို ငါကသာလျှင် စပြီးတော့ ရှာဖွေ ရွေးချယ်ချင်တာ၊ အချစ်က ငါ့ကို လာရှာဖွေတာ ငါ မကြိုက်ဘူး၊ ရှင်းရှင်းပြောရရင် ငါက ရွေးချယ်သူသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင် တာ၊ အရွေးချယ်ခံ မဖြစ်ချင်ဘူး ... ရှင်းလား"

"ရှုပ်နေတာပဲကွာ ... အဲဒီတော့ မင်း ဘာလုပ်မလဲ၊ ပြော ..."

"ခုနက ရွှေပြည်စိုး ပြောခဲ့သလိုပဲ သူတို့ နှစ်ယောက်စလုံးရဲ့ အချစ်ကို ငါ မလိုချင်ဘူးဆိုရင် သူတို့ဆီက အမုန်းကိုပဲ ငါ ရွေးချယ်ရလိမ့်မယ်"

ထို့နောက် သူတို့သုံးယောက်သား ဘာလုပ်ရင်ကောင်းမလဲဆိုတာကို ခေါင်းချင်းဆိုင်ပြီး အတော်လေးကြာအောင် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

⁂





## အခန်း ... (၈)

MR. Guitar ကော်ဖီဆိုင်ကလေးထဲသို့ ပထမဆုံး စောစီးစွာ ရောက်လာခဲ့သူမှာ ယသော်သွင် ဖြစ်သည်။ မနက်ပိုင်းမို့ ဆိုင်ကလေးထဲမှာ လူရှင်း တိတ်ဆိတ်လျက် ရှိသည်။ ယသော်က ထောင့်ခပ်ကျကျရှိ ဆိုဖာဆက်တီကလေးတွင် တစ်ယောက်တည်း ဝင်ထိုင်လိုက်သည်။ ကိုဆန်းစက အရင် ရောက်နှင့်မနေဘဲ ယသော်က အရင်ကြိုပြီး ရောက်နှင့်နေတာကို နည်းနည်းတော့ ရှက်မိသလိုလို ဖြစ်သွား၏။ ယသော် စိတ်များ သိပ်စောနေသလား။ ဟင့်အင်း ... ဆယ်နာရီ အတိလေ



www.burmeseclassic.com

www.burmeseclassic.com



သူက MR.Guiar မှာ ဆုံကြဖို့ ချိန်းခဲ့တာ။ လက်မှ နာရီကလေးကို လှမ်းကြည့်လိုက်တော့ ဆယ်နာရီအတိပင်။ ယသော်က စောနေတာ မဟုတ်ပါ။ ကိုဆန်းစက နောက်ကျနေခြင်း ဖြစ်သည်။ ယသော်က ကော်ဖီတစ်ခွက်မှာပြီး အဝင်ဝဆီသို့ မကြာခဏ စိတ်လှုပ်ရှားစွာ လှမ်းမျှော်ကြည့်မိသည်။ အဝင်ဝကနေ တစ်ယောက်ယောက် ဝင်လာသလို လူရိပ် မြင်လိုက်တိုင်း ယသော့်ရဲ့ မျက်ဝန်းများက မျှော်လင့်တကြီးဖြင့် ထိုသူဆီသို့ ရောက်သွားတတ်မြဲ။ အဲဒီအချိန်မှာ ယသော် လုံးဝ မမျှော်လင့်မထားသောသူ တစ်ယောက်ကို အဝင်ဝကနေ ဆိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာသည်ကို ဖျတ်ခနဲ တွေ့လိုက်ရခြင်း ဖြစ်သည်။ ပထမတော့ ယသော်သည် ထိတ်ခနဲ ရင်ခုန်သွားကာ ဘာလုပ်ရမှန်းမသိ ထူပူသွား၏။ သူမ မမြင်အောင် ကိုယ်ကို အသာလေး ဝပ်ကာ ပုန်းနေလိုက်ရမလား . . . လှမ်းပဲ နှုတ်ဆက်လိုက်ရမလား မဝေခွဲတတ်လောက်အောင် ဖြစ်သွားရ





သည်။ နေစမ်းပါဦး . . . ဒီလိုနေ့မျိုးကျမှ တိုက်တိုက်ဆိုင်ဆိုင် စွဲငြိထင်ဟာ MR.Guitar မှာ ဘာလာလုပ်တာပါလိမ့်။ စိတ်ပျက်ဖို့ ကောင်းလိုက်တာ။ အဲဒီမိန်းမဟာ ခုချိန်အထိ ယသော့်ဘဝအတွက် အနှောင့်အယှက် ဖြစ်နေဆဲပါလား။ ကိုဆန်းစနှင့် အေးအေးလူလူ ဆုံဖို့တောင် သူမက ဒါဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ ကိုဆန်းစနှင့် ယသော် ချိန်းထားတာကိုများ သူမ ရာရာကြဲကြဲ သိသွားလို့များလား။

စွဲငြိထင်က ထုံးစံအတိုင်း လှပကြော့မော့သော ခြေလှမ်းများဖြင့် ဆိုင်ထဲသို့ တစ်ယောက်တည်း ဝင်လာခဲ့သည်။ ဆိုင်ထဲသို့ ဟိုဟိုဒီဒီ မျက်လုံး ကစား ရှာဖွေလိုက်ရင်း ဆန်းစများ ရောက်နေပြီလားဟု ရှာဖွေမိသည့်အခါ မမျှော်လင့်ဘဲ ထောင့်တစ်ထောင့်ရှိ ဆိုဖာပေါ်မှာ ထိုင်နေသော ယသော့်ကို ဖြုန်းခနဲ တွေ့လိုက်ရသည်။ ရုတ်တရက်မို့ စွဲငြိသည် အံ့လည်းသြ . . . လန့်လည်း လန့်သွားကာ ယသော့်ကို မမြင်ချင်ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီးတော့ဘဲ တစ်နေရာရာမှာ ဝင်ထိုင်လိုက်ရမလို . . . မချစ်သော်လည်း အောင့်ကာနမ်း ဆိုသည့်အတိုင်း အပြုံးတုဖြင့် ဖက်လဲတကင်း လှမ်းနှုတ်ဆက်လိုက်ရမလို ဇဝေဇဝါ ဖြစ်လျက် သူမတို့ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ပဟေဠိ မျက်ဝန်းတွေဖြင့် လှမ်းကြည့်နေမိကြသည်။ နောက်တော့ စွဲငြိက ဟန်ဆောင်ကောင်းသူ မင်းသမီးပီသစွာ မျက်ခုံးတွေကိုပင့် . . . မျက်လုံးကလေးတွေ ဝိုင်းစက်လျက် အားပါးတရ ပြုံးလိုက်ကာ ယသော့်ကို လက်ဝှေ့ယမ်းပြလိုက်ရင်း. . .

"ယသော် . . . တစ်ယောက်တည်းလား"

ဟု မနှုတ်ဆက်ချင်သော်လည်း လှမ်းနှုတ်ဆက်လိုက်ရသည်။ ယသော်ကလည်း စွဲငြိထင်ကတောင် လှိုက်လှိုက်လှဲလှဲဟန်ဖြင့် လှမ်းနှုတ် ဆက်နေသောကြောင့် ရင်ထဲက မပါလှသော်လည်း ဟန်ဆောင်ပြုံးဖြင့် ပြန်လည် လက်ဝှေ့ယမ်း





ပြလိုက်ကာ . . .

"အင်း . . . တစ်ယောက်တည်းပဲ၊ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့၊ စွဲငြိရော . . ."

"ငါလည်း သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့၊ ကြုံကြုံဖန်ဖန် ဒီမှာမှ လာဆုံကြတယ်နော် . . . ဘယ်လိုလဲ အဆင်ပြေတယ်မဟုတ်လား"

စွဲငြိက ဘာကို ရည်ရွယ်မှန်း မသေချာသော အဆင်ပြေတယ် မဟုတ်လား ဆိုသော မေးခွန်းကို ယသော်ကလည်း ဘာကိုမေးတာလဲဟု ပြန်မမေးဘဲ . . .

"ပြေတယ် . . . ပြေတယ် . . . အားလုံး အဆင်ပြေတယ်၊ စွဲငြိက တွေ့လိုက်ရင် အမြဲတမ်း လှနေတာပဲနော် . . . ဒီနေ့ ကားရိုက်မရှိဘူးလား"

"အင်း . . . ဒီနေ့မရှိဘူး၊ မနက်ဖြန်ကျမှ ကားအသစ်စရိုက်ရမှာ၊ ကဲ . . . အေးအေးဆေးဆေးသာလုပ်



www.burmeseclassic.com

ယသော်၊ ကျွန်မ ဒီဘက်ခုံမှာ ထိုင်လိုက်မယ်နော်၊ နောက်မှ တွေ့ကြတာပေါ့"

ဟု ယသော့်ကို ချိုရွှင်စွာ ပြုံးပြနှုတ်ဆက်လျက် ယသော့်ကို ကျောခိုင်းကာ ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်သည်။ စွဲငြိမျက်နှာက ယသော့်ကို ကျောခိုင်းလိုက်ပြီးချိန်မှာ နှုတ်ခမ်းကလေးက အလိုလိုပင် မဲ့မိလျက်သား ဖြစ်သွားသည်။ ဒီမိန်းမ ဘယ်သူ့ကို လာစောင့်တာပါလိမ့်။ ဆန်းစတော့ မဖြစ်နိုင်ပါဘူး။ ဆန်းစက စွဲငြိနဲ့ ချိန်းထားတဲ့ဥစ္စာ။ ဩော် . . . သိပြီ ကိုထင်စွာနဲ့များလား။ ဟား . . ဟား ရယ်စရာတော့ ကောင်းနေပြီ။ ဒါမှ တကယ့်ကို လှလှပပ အနိုင်ပိုင်းတဲ့ ပွဲသိမ်းပဲဟု တစ်ယောက်တည်း ကျေကျေနပ်နပ်တွေးကာ ပြုံးမိသည်။ ယသော့်ကိုများတော့ စွဲငြိက ဘယ်တော့မှ အရေးလုပ်လှသည် မဟုတ်။ စွဲငြိ မလိုချင်တော့လို့ စွန့်ပစ်လိုက်သည့် ချစ်သူအဟောင်းအမြင်းကြီးကို ယသော်က စွဲငြိရှေ့မှာပင် မက်မက်





မောမော ပြန်ကောက်ယူ ကိုးကွယ်ဦးမည့် အဖြစ်ပါလား။ ရယ်ဖို့ပင် ကောင်းသေးတော့။

ထိုအချိန်မှာ ဆန်းစက မှန်တံခါးကို တွန်းဖွင့်ကာ ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ စွဲငြိက ဆန်းစဆီသို့ လက်ကလေး အသာ လှမ်းပြလိုက်သည်။ ဆန်းစက စွဲငြိကို ပြုံးပြလျက် တစ်ဆက်တည်းမှာ ယသော့်ဆီသို့လည်း လက်ဝှေ့ယမ်း နှုတ်ဆက်နေရင်း လျှောက်လာနေသည်။

"စွဲငြိ . . . ခဏလေးနော်၊ ကိုယ်တို့သုံးယောက် တစ်ဝိုင်းတည်း အတူတူ ထိုင်လိုက်ရအောင်၊ ကိုယ် ယသော့်ကို သွားခေါ်လိုက်ဦးမယ်"

ဟု ဆန်းစက စွဲငြိကို ပြောလျက် ယသော်ရှိရာဆီသို့ ဆက်လျှောက်သွား၏။ စွဲငြိက ဘယ်လို . . . ဟု အာမေဋိတ်ကလေးနှင့် မျက်မှောင်ကလေး တစ်ချက် ကြုတ်လိုက်မိသည်။ ဆန်းစ တွေ့ဖို့ ချိန်းထားသည်မှာ စွဲငြိ တစ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းကို သီးသန့် မဟုတ်ဘူးပေါ့။ ယသော်ကို ဘာဖြစ်လို့ ချိန်းထားရတာပါလိမ့်ဟု နားမလည်နိုင်စွာ အနည်းငယ်လည်း စိတ် ကသိကအောက် ဖြစ်သွားရသည်။

ယသော်ကလည်း ထိုအတိုင်းပင်။ ဆန်းစက ယသော့်ဆီသို့ လျှောက်လာပြီး . . .

"ယသော် . . . လာလေ ကိုယ်တို့ စွဲငြိရဲ့ စားပွဲမှာပဲ အတူတူ သွားထိုင်လိုက်ရအောင်"

ဟု လာခေါ်သောအခါ ပထမတော့ ဟန်မဆောင်နိုင်လောက်အောင်ပင် မျက်နှာ ပျက်သွားရသည်။ ဆန်းစဟာ ဘာဖြစ်လို့ စွဲငြိထင်ကိုပါ ယသော်နဲ့အတူ တစ်ပြိုင်တည်း ချိန်းထားရတာပါလိမ့်။ ယသော်က နားမလည်နိုင်စွာ . . . အံ့အားသင့်စွာဖြင့် မျက်ခုံးကလေးတွေ ရှုံ့ရင်း ထိုင်နေရာမှ အသာ ထရပ်လိုက်ရသည်။ ဆန်းစ ခေါ်ရာနောက်သို့ မလိုက်ချင်ဘဲ လိုက်လာခဲ့ရစဉ်မှာ စိတ်ထဲမှာတော့ တစ်ခုခု





ကို တုန်လှုပ်စိုးရွံ့လျက် ရှိပြီ။ ယသော်တို့သုံးယောက် ဆုံစည်းခြင်းဟာ ဘယ်လိုမှ ကောင်းသော ဆုံစည်းခြင်း မဖြစ်နိုင်တော့။ ဆန်းစနှင့် မတွေ့ခင်က မျှော်လင့်ရင်ခုန်ခဲ့ရသော ကြည်နူးပီတိတွေသည် ဘယ်ဆီသို့ အငွေ့ပျံကာ လွင့်ပျယ်ကုန်သည် မသိ။ ယသော်သည် အောင့်သီးအောင့်သက်ဖြင့်ပင် စွဲငြိထင်၏ ထိုင်နေသော စားပွဲဆီသို့ ဆန်းစနှင့်အတူ လိုက်လာခဲ့ရသည်။ စိတ်ထဲမှာ ဘယ်လောက်ပင် မနှစ်မြို့နိုင်သည်ဖြစ်စေ ယသော်က စွဲငြိကို မျက်နှာချင်းဆိုင်ချိန်မှာတော့ အားပါးတရပင် ပြုံးရယ် နှုတ်ဆက်လိုက်သည်။

"ကျွန်မ တွေ့ဖို့ ချိန်းထားသော ကိုဆန်းစနဲ့လေ၊ စွဲငြိကိုပါ သူ ချိန်းထားလိမ့်မယ်လို့ မထင်ခဲ့ဘူး"

ဟု ပြောရင်း စွဲငြိနံဘေးမှာ အသာ ဝင်ထိုင်လိုက်သည်။ စွဲငြိက အပြုံးချိုချိုကလေးဖြင့်ပင် . . .

"ဟုတ်ပါ့ . . . ယသော်ရယ်၊ ကျွန်မကလည်း ဆန်းစနဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်းပဲ ချိန်းထားတယ်မှတ်တာ၊ ယသော့်ကိုပါ ချိန်းထားမယ်လို့ မထင်ဘူးလေ၊ အခုလည်းကောင်းတာပဲ၊ သုံးယောက်အတူတူ အေးအေးဆေးဆေး စကားပြောကြတာပေါ့”

ဟု လေသံချိုချိုကလေးဖြင့် ပြန်ပြောလိုက်သည်။ ဆန်းစက မိန်းကလေးနှစ်ယောက်၏ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။ သူမတို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ဘယ်လိုပင် ဖက်လဲတကင်းဖြင့် နွေးထွေးဖော်ရွေဟန် ဆောင်ထားကြပေမယ့် နှစ်ယောက်စလုံး၏ စိတ်ထဲမှာ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက် တူးတူးခါးခါး မုန်းတီးမနာလိုနေကြသလဲဆိုတာ သူ အလိုလို သိမြင် ခံစားနေရ၏။

“ကိုယ်တို့သုံးယောက်ဆုံတုန်း စိတ်ဖတ်ပွဲလေးတစ်ခု ကျင်းပချင်လို့ . . . စိတ်ဖတ်ပွဲလေး တစ်ခု ကျင်းပ





လိုက်ရအောင်”

ဆန်းစက မိန်းကလေးနှစ်ယောက်ကို အခိပ္ပါယ်ပါပါ ပြုံးလျက် ပြောလိုက်လျှင် မိန်းကလေးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်ကာ ဖဝေဖဝါ ပြုံးပြကြလေသည်။

“ဘာ စိတ်ဖတ်ပွဲတုန်း ဆန်းစရဲ့ . . . ကျွန်မတို့မှ ရှင့်လို စိတ်မဖတ်တတ်တာ”

“ကိုယ်သင်ပေးမှာပေါ့ . . . လူတစ်ယောက်ရဲ့ စိတ်ကို ဖတ်တယ်ဆိုတာ လွယ်လွယ်ကလေးပဲ၊ အရေးကြီးတာက အာရုံစူးစိုက်မှုပဲ၊ ကဲ . . . ပထမဆုံး စွဲငြိ ကိုယ့်ရဲ့ စိတ်ကို ဖတ်ကြည့်စမ်းပါ။ စွဲငြိစိတ်ထဲမှာ ဘာကိုမှ တွေးမထားနဲ့၊ ဘာအတွေးမှ မရှိစေနဲ့ . . . ရှင်းနေအောင်ထားလိုက်၊ ပြီးရင် ကိုယ့်ရဲ့ စိတ်ထဲကို အာရုံစူးစိုက်ပြီး လှမ်းကြည့်ကြည့်လိုက်၊ ကိုယ့်စိတ်ထဲမှာ ဘာတွေ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဆိုတာ အတိအကျကြီးမသိတောင် နည်းနည်းတော့ စွဲငြိ ရိပ်မိလိမ့်မယ်၊ ကဲ . . . စမ်းကြည့်စမ်းပါ . . ဖတ်ကြည့်"

သူကပြောပြီး စွဲငြိရှေ့သို့ သူ့ရဲ့ လက်နှစ်ဖက်ကို လှမ်းပေးလိုက်သည်။ စွဲငြိက . . .

"ဆန်းစကတော့လေ . . . မဖတ်တတ်ပါဘူး ဆိုနေမှ ပဲ"

ဟု စူအောင့်အောင့်ကလေး ပြောရင်း ဆန်းစရဲ့ လက်နှစ်ဖက်ကို အသာ ဆွဲယူကာ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ အခုအချိန်အထိ သူမတို့ နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ သူ ဘာတွေ လုပ်နေသလဲဟု နားမလည်နိုင်စွာဖြင့် မေးခွန်းများစွာ ရှိနေလိမ့်မည်။ ယသော်က စွဲငြိကို မျက်လုံးကလေး ထောင့်ကပ်လျက် မသိမသာ အကဲခတ်နေသည်။ စွဲငြိက အတော်လေးကြာအောင် ငြိမ်သက်နေပြီးမှ သက်ပြင်း





တစ်ချက် ရှိုက်လိုက်ကာ . . .

"ဘာလဲ . . . ဘာမှ ဖတ်လို့မရဘူး၊ ဆန်းစရဲ့ စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ကျွန်မက ဘယ်လိုလုပ်ပြီး သိနိုင်မှာတုန်း၊ ဆန်းစလို ပါရမီမျိုးမှ မရှိတာ"

"ကောင်းပြီ . . . စွဲငြိ မဖတ်နိုင်ရင် ခဏလေး ငြိမ်နေလိုက်၊ ဒီတစ်ခါ ယသော့်အလှည့်ကဲ . . . ယသော် ကိုယ့်ရဲ့ စိတ်ထဲကို လှမ်းဖတ်ကြည့်စမ်းပါ"

သူက ယသော့်ကို ပြုံးလျက် ယသော့်ရှေ့သို့ လက်နှစ်ဖက်ကို ဆန်းတန်းပေးလိုက်သည်။ ယသော်က ပြုံးစိစိ မျက်နှာကလေးဖြင့် . . .

"လာပြန်ပြီ . . . ကျွန်မကရော ဘယ်လိုလုပ်ပြီး ဖတ်နိုင်မှာတဲ့တုန်း၊ ပေါက်ပေါက်ရှာရှာ"

ဟု ငြင်းဆန်ဖို့ ကြိုးစား၏။ သူက . . .

"ကြိုးစားပြီး ဖတ်ကြည့်စမ်းပါ၊ ခုနက ကိုယ်ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကို အားလုံးရှင်းလိုက်ပြီး စိတ်ကြည်လင်သွားပြီဆိုတဲ့ အခါမှာ ကိုယ့်ရဲ့စိတ်ကို လှမ်းဖတ်ကြည့်လိုက်၊ စမ်းကြည့်စမ်းပါ . . . မစမ်းသပ်ရသေးခင် အရှုံးမပေးစမ်းပါနဲ့"

"ကဲ . . . ပြီးရော . . . ပေး"

ယသော်က ပြောပြီး သူ့ရဲ့ လက်နှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်ကာ မျက်လုံးတွေကို မှိတ်ပြီး အာရုံခံသလို ငြိမ်သက်နေလိုက်၏။ စွဲငြိက ယသော့်ကိုကြည့်ပြီး ပခုံးကလေးတစ်ချက် တွန့်ကာ မဲ့ပြုံးကလေး ပြုံးလိုက်သည်ကို သူ မြင်လိုက်ရသည်။

ယသော်လည်း စွဲငြိလိုပင် ခဏလေး ငြိမ်သက်နေပြီး မျက်လုံးတွေ ဖျတ်ခနဲ ပြန်ဖွင့်ကာ . . .

"ဟင့်အင်း . . . ဘာမှ ဖတ်လို့မရဘူး၊ စိတ်ရှုပ်လိုက်တာ၊ မဖြစ်နိုင်တာကြီးကို ကိုဆန်းစက ဘာဖြစ်လို့ ဖတ်





ခိုင်းချင်နေရတာလဲ"

ဟု ငြူစူသလို အသံလေးနှင့် ပြောပြီး လက်မြှောက်လိုက်လေသည်။ မိန်းကလေးနှစ်ယောက်စလုံးကို သူ အနည်းငယ်တော့ အားနာမိပါသည်။ သို့သော် အဲဒီ အားနာရတာကလေးကို ရင်မဆိုင်ချင်လျှင် ရှေ့လျှောက် ဒီထက် အများကြီး ပိုပြင်းထန်မည့် ပြဿနာတွေကိုသာ သူ ရင်ဆိုင်ရဖို့ရှိသည်။ သူ့အတွက်တော့ အနည်းငယ် စွန့်စားခန်း ဆန်ပါသည်။ သူ့ဘဝမှာ မိန်းကလေးတွေကို ဘယ်တုန်းကမှ စိတ်မဝင်စားဖူးခဲ့ . . . မချစ်ဖူးခဲ့ပါ။ အဲဒါထက် ပိုပြီးတော့ သူ မလုပ်ခဲ့ဘူးသည်မှာ မိန်းကလေး နှစ်ယောက်စလုံးကို တစ်ပြိုင်နက်တည်း ပညာသားပါပါ ပါးနပ်စွာ ငြင်းဆန်ရမည့် အလုပ်ဖြစ်သည်။ သူ့အဖြစ်က တော်တော် မလွယ်လှပါ။ သူ တစ်ချက်ရယ်မောလိုက်ရင်း . . .

"တကယ်တော့ မင်းတို့နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှု မရှိလို့ပါ။ ဘာဖြစ်လို့ ကိုယ့်ရဲ့စိတ်ကို မဖတ်နိုင်ရမှာလဲ၊ သေသေချာချာ ကြည့်နေ . . . ကိုယ့်ကိုယ့်စိတ်ထဲကို မင်းတို့ လှမ်းမြင်အောင် ကိုယ် ဖွင့်ပြမယ်"

ဟု ပြောရင်း သူက သူ့အကျီရှိ ရင်ဘတ်ကြယ်သီးတွေကို တစ်လုံးချင်း အသာအယာ ဖြုတ်လျက် ဆွဲဖွင့်ပြလိုက်သည်။ သူမတို့နှစ်ယောက်စလုံး ဘာများပါလဲဟု စူးစမ်းသော အကြည့်တွေနှင့် သူ့ရင်ဘတ်ဆီသို့ ပြိုင်တူ လှမ်းကြည့်နေကြ၏။ သူ့ရင်ဘတ်မှာ စာတန်းတစ်ခု။

*မင်းတို့နှစ်ယောက်စလုံးကို ကိုယ် မချစ်ဘူး. . .*

မြင်လိုက်ရသော ထိုစာတန်းကလေးကြောင့် စွဲငြိထင်ရော . . . ယသော်သွင်ပါ မျက်စိမျက်နှာ အကြီး





အကျယ် ပျက်လျက် တစ်ယောက်ကိုတစ်ယောက် ပြန်းခနဲ ရင်ဆိုင်ကြည့်လိုက်မိကြသည်။

"အဲဒါ ဘာအဓိပ္ပါယ်လဲ . . . ဒါ ရှင် သက်သက် ကျွန်မတို့နှစ်ယောက်စလုံး ခေါ်ပြီး စော်ကားတာပေါ့လေ၊ ကျွန်မတို့ နှစ်ယောက်စလုံးကို မချစ်ဘူးလို့ ဆိုရအောင် ရှင့်ကိုရော ဘယ်သူက ချစ်ခိုင်းနေလို့လဲ၊ ဘယ်သူကရော ရှင့်ကို ချစ်နေလို့လဲ၊ ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေနဲ့၊ ယောကျ်ားတွေများ မတော်တော် ရယ်ရတယ် . . . နည်းနည်းကလေး အရေးပေးပြီး အရောတဝင် ဆက်ဆံလိုက်မိတာနဲ့ သူ့ကို ချစ်နေတယ်လို့ ထင်တတ်လိုက်တာ . . . ရာရာစစ၊ ရှင့်လို လူကို ကျွန်မက ချစ်နေမယ်များ ထင်လို့လား၊ စိတ်ကူးထဲမှာတောင် မရှိဘူး . . . သိလား"

ပထမဆုံး ကက်ကက်လန်အောင် စပြီး ရန်တွေ့



www.burmeseclassic.com

www.burmeseclassic.com



သူမှာ စွဲငြိုထင် ဖြစ်သည်။ သူက အဆိုးဆုံးကို မျှော်လင့်ပြီး သားမို့ ဘာမှ ပြန်မပြောဘဲ အသာလေး ငြိမ်နေလိုက်သည်။ ယသော်ကလည်း . . .

"အင်းလေ . . . ဘာကြောင့်တာလဲ မသိဘူး၊ သူ့ကိုယ်သူများ အထင်ကြီးနေလိုက်တာ၊ နှစ်ယောက်စလုံးကို မချစ်ဘူးလို့ ပြောရအောင် ရှင့်ကိုရော ဘယ်သူက ချစ်နေလို့တုန်း . . .၊ လူပါးဝလိုက်တာ၊ ဒါ သက်သက်ကျောတာ၊ ကိုယ့်ကိုယ်ကို Mind Reader ဆိုပြီး အထင်တွေ ကြီးမနေနဲ့၊ ရှင့်ကို ကျွန်မက ရိုးရိုးသားသား သူငယ်ချင်းတစ်ယောက်လို ခင်မင်ရုံ အထင်ကြီးရုံထက် မပိုဘူး . . . သိလား၊ ရှင့်ကိုများ ကျွန်မက ချစ်နေတယ်လို့ ရှင် ထင်ရင် တက်တက်စင်အောင် လွဲပြီမှတ်၊ ရှင့်ကို ယောင်လို့တောင် မချစ်ဘူး . . . သိလား"

ဟု မခံချိ မခံသာ မျက်နှာပေးကလေးနှင့် ခပ်စွာ





စွာ ပြောကာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။ စွဲငြိုထင်ကလည်း ဖျတ်ခနဲ ထရပ်လိုက်လျက် ယသော်ရဲ့ လက်ကို ဆွဲကာ . . .

"အင်းလေ . . . ရယ်စရာကြီး၊ သူ့ကိုယ်သူများ အထင်ကြီးနေလိုက်တာ၊ Mind Reader တဲ့၊ ငါတို့က သူ့ကို ဘာကိစ္စ ချစ်နေရမှာလဲ၊ ယောကျ်ားတွေများ ပေါလွန်းလို့ . . . ရိုက်သတ်လို့တောင် မကုန်ဘူး"

ဟု ပြောလျက် နှစ်ယောက်သား တဝုန်းဝုန်း ထထွက်သွားကြလေသည်။ သူ ရယ်ချင်စိတ်ကို မျိုသိပ်လျက် ထိုင်နေရာမှာပင် ငြိမ်ငြိမ်ကုပ်ကုပ်ကလေး ဆက်ထိုင်နေလိုက်သည်။

မိန်းကလေးနှစ်ယောက်ကတော့ အကြီးအကျယ် ရှက်ရွံ့သွားကြသည်ကို ဖုန်းကွယ်ဟန်ဆောင်လျက် တစ်ယောက်ကိုတစ်ယောက် လက်ချင်းတွဲကာ ဆိုင်ထဲမှ ရှက်ရှက်



www.burmeseclassic.com

www.burmeseclassic.com



ရမ်းစွာ ပြန်ထွက်သွားကြလေသည်။ ဆိုင်ပြင်သို့ ရောက်သောအခါ ယသော်နှင့် စွဲငြိသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိကြလေသည်။

"နေစမ်းပါဦး . . . နင် သူ့ကို တကယ်များ ချစ်မိသွားလို့လား"

စွဲငြိက ရယ်သံဖြင့် မေးလျှင် ယသော်က ပခုံးတွန့်ပြလျက် ခေါင်းကို သွက်သွက်ခါရမ်းကာ . . .

"သွားစမ်းပါ . . . အိပ်မက်ထဲတောင် ထည့်မမက်ဘူး။ အလကား သူ့ကိုယ်သူ Mind Reader ဆိုပြီး ဘဝင်တွေမြင့်ပြီး အပိုင်တွက်နေတာ၊ နင်ကရော သူ့ကို ချစ်နေမိလို့လား . . ."

"အို . . . ဝေးလိုက်တာ၊ ဘာကိစ္စ ငါက သူ့ကို ချစ်ရမှာတုန်း၊ Mind Reader သာဆိုတယ် . . . အလကားပါ၊ သူဖတ်သမျှဟာ တလွဲတွေချည်းပဲ၊ အလကား ရမ်း





သမ်းပြီး လျှောက်ပြောနေတာ၊ ငါ ယောကျ်ားတွေ အများကြီး တွေ့ဖူးပါတယ်ဟယ်၊ အဲဒီလို ကြောင်တဲ့လူမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး . . . အဟုတ်၊ မုန်းဖို့ကောင်းလိုက်တာ၊ တကယ်ပဲ . . ."

စွဲငြိက နှုတ်ခမ်းကလေးကို ကိုက်လျက် ရှက်ဒေါသကို မျိုသိပ်ကာ နစ်နစ်နာနာ ပြန်ပြောလေသည်။ ထို့နောက် ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် ဖက်လဲတကင်း ချစ်ချစ်ခင်ခင် နှုတ်ဆက်လျှက် အသီးသီး လမ်းခွဲကာ ကိုယ့်ကားပေါ် ကိုယ်စီ တက်လာခဲ့ကြသည်။ နှစ်ယောက်စလုံးရဲ့ စိတ်ထဲကို အခုနေများ ဆန်းစကို ဖတ်ကြည့်ခိုင်းမည် ဆိုလျှင် မှုန့်ကြိတ်ချေပစ်ချင်လောက်အောင် စိတ်ဆိုး ဒေါသထွက်နေကြောင်း သူ သိရလိမ့်မည်။ အလကားလူ . . . ငါလို မိန်းကလေးတစ်ယောက်ရဲ့ အချစ်နဲ့ မထိုက်တန်တဲ့ လူစားမျိုး။ မတော်တဆ စိတ်ဝင်စား အထင်ကြီးမိရာကနေ ချစ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတာတောင် မထိုင်တန်ဘူးဟု စွဲငြိကာ စိတ်နာစွာ တွေးလေသည်။

ယသော်ကလည်း ကားမောင်းနေရင်း တောက်တစ်ချက် ခပ်တိုးတိုး ကျိတ်ခေါက်မိသည်။ တော်တော်ဆိုးတဲ့လူ . . . အလိုက်ကန်းဆိုး မသိတဲ့လူ။မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို တန်ဘိုးထားရကောင်းမှန်း မသိတဲ့လူ။ ဘာ Mind Reader လဲ။ သူ့ကိုသာ အထင်ကြီးစိတ်နဲ့ စိတ်မကစားခဲ့မိလျှင် အခုလောက်ဆို ကိုကိုနဲ့ ပြန်ပေါင်းထုတ်နေလောက်ပြီဟု ရှက်ရွံ့နောင်တရစွာဖြင့် တွေးလျက် လွတ်သွားသည့် ငါးကို အခုမှ ပိုမက်မောရကောင်းမှန်း သိမြင်ရာ နှမြောမဆုံးခံစားရလျက် ပင့်သက်တရှိုက် ရှိုက်မိလေသည်။

MR. Guitar ဆိုင်ကလေးထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ဆန်းစလကတော့ နောက်ဆို မိန်းကလေးတွေရဲ့ စိတ်ကို ဘယ်တော့မှ ဖတ်ကြည့်ဖို့ မကြိုးစားတော့





ဘူးဟု ဆုံးဖြတ်လိုက်လေသည်။ တော်ပါသေးရဲ့ . . . သူ့ရဲ့ စွန့်စားခန်းဟာ ဒီလောက်နဲ့ အဆုံးသတ်သွားခဲ့လို့။

ကဲ . . . မိန်းကလေးတွေရဲ့ စိတ်ကို ဖတ်ကြည့်ရခြင်းလောက် အန္တရာယ်များတာ ခင်ဗျားတို့ သိပြီ မဟုတ်လား။ အန္တရာယ်တွေထဲမှာ မိန်းကလေးတွေရဲ့ စိတ်ကို ဖတ်ခွင့်ရတဲ့ အန္တရာယ်ဟာ အကြီးဆုံးပဲလို့ ကျွန်တော်ကတော့ ထင်တယ်။ ခင်ဗျားတို့ရော ဘယ်လိုသဘောရသလဲ။ အကယ်၍ . . . ခင်ဗျားတို့မှာ မိန်းကလေးတွေရဲ့ စိတ်ကို ဖတ်နိုင်စွမ်းရှိတဲ့ Will Power တစ်မျိုး ရှိလာခဲ့ပြီ ဆိုပါစို့။ ခင်ဗျားတို့ ဘာလုပ်ကြမလဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ ...


မေတ္တာအားဖြင့် ...



လွန်းထားထား (ဆေးတက္ကသိုလ်)

၁၇.၇.၂၀၀၆





www.burmeseclassic.com